http://www.dhammadownload.com


ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

စကားပြေ ဇာတ်ဝတ္ထုများ (အတွဲ-၁၁)

ရန္တာမိုးကြယ်



ငါးရာ့ငါးဆယ်နိပါတ်တော် စကားပြေ ဇာတ်ဝတ္ထုများ

ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

စကားပြေ ဇာတ်ဝတ္ထုများ (အတွဲ-၁၁)



ပန်းချီအောင်မင်းမင်း(AMM)

ရန္တာမိုးကြယ်

ပြုစုသည်

http://www.dhammadownload.com

ပန်းဝေဝေစာပေ

အမှတ်-၄၄၊ ဦးရွှေဝှန်းလမ်း၊ ရေကျော်
ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉ ၄၃၀ ၉၇၉၆၁

ပြည်လုံးကျွတ်ဖြန့်ချိရေး

**မြတ်ပန်းရဂုံစာပေ**

အမှတ် ၁၉၄၊ ၂၉ လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* ဖျစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

ကလေးတို့အတွက်

ပုံပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

# စကားပြေ ဇာတ်ဝတ္ထုများ

နန္ဒာမိုးကြယ်

ပြုစုသည်

(အတွဲ-၁၁)

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၉၂၃၁၀၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၈၉၅၁၂၁၁

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၃၀၀ ကျပ်

**ပထမအကြိမ်** - ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ

**အဖုံးဒီဇိုင်း** - ကိုအောင်မင်းမင်း

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**ထုတ်ဝေသူ** - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
၃၆၁၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၀၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ပန်းဝေဝေ

**ဖြန့်ချိရေး** - မြတ်ပန်းရဂုံ
အမှတ် ၁၉၄၊ ၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

၂၉၄.၃

နန္ဒာမိုးကြယ်

ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ (အတွဲ-၁၁)/
နန္ဒာမိုးကြယ် ။ -ရန်ကုန်။ ပန်းဝေဝေစာပေ၊ ၂၀၁၁။
၂၁၆-စာ ၊ ၁၀.၅×၁၆.၅စင်တီ။
(၁) ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ(အတွဲ-၁၁)

http://www.dhammadownload.com

# မာတိကာ

၂၈၄။ **သိရီဇာတ်** ၁

(မြစ်ဆိပ်တွင် မျောလာသည့် ကျက်သရေနှင့် ပြည့်စုံသော ကြက်သားဟင်းကို စားရသဖြင့် သုံးရက်အတွင်း မင်းအဖြစ်ရခဲ့သည့် ဆင်ဆရာအကြောင်း)

၂၈၅။ **မဏိသူကရဇာတ်** ၁၄

(ခြင်္သေ့ပုံရိပ် ထင်ဟပ်နေသည့် ပတ္တမြားအား ညစ်စေလိုသဖြင့် အဖန်ဖန် ပွတ်တိုက်ကြသည့် ဝက်များအကြောင်း)

၂၈၆။ **သာလူကဇာတ်** ၂၄

(အသားတိုးရန် ကျွေးသော ဝက်စာတို့ကို စားသောက်ပါက သာလူက ဝက်ကဲ့သို့ အသတ်ခံရမှာဖြစ်၍ ညီနွားငယ်အား ဆုံးမသော မဟာလောဟိတ နွားလားအကြောင်း)

http://www.dhammadownload.com

၂၈၇။ **လာဘာဂရဟဇာတ်** ၃၀
(မကောင်းသော စီးပွားရှာ အသက်မွေးမှုရှိသော လူတို့အကြောင်းကို ဆရာဖြစ်သူက ပြောဆိုသဖြင့် စက်ဆုပ်ရွံရှာကာ တောထွက် ရသေ့ရဟန်းပြုသော လုလင်အကြောင်း)

၂၈၈။ **မစ္ဆုဒါနဇာတ်** ၃၅
(ငါးတို့အပေါ် အစာကျွေးသည့် နောင်တော်ကုန်သည်အား ညီငယ်ကုန်သည် ကောက်ကျစ်ထားသည့် အသပြာထောင်ထုပ်ကို မြစ်စောင့်နတ်က ယူဆောင်ပေးသည့်အကြောင်း)

၂၈၉။ **နာနာဆန္ဒဇာတ်** ၄၂
(နေ့စဉ်နှင့်အမျှ နက္ခတ်များ ကြည့်ရှုနေသော ပုဏ္ဏားအား အတတ်ပညာ အသုံးပြုသူဟူ၍ မင်းကြီး သဘောကျကာ ဆုချီးမြှင့်သည့်အကြောင်း)

၂၉၀။ **သီလဝီမံသနဇာတ်** ၄၉
(သီလနှင့် စပ်လျဉ်း၍ အစစ်အမှန်ကို သိလိုသဖြင့် ပန်းထိမ်သည်၏ ဘဏ္ဍာကို ခိုးယူမိသော ပုရောဟိတ်အကြောင်း)

၂၉၁။ **သုရာဃဋဇာတ်** ၅၅
(သိကြားမင်းသည် ဘဝဟောင်းက တော်စပ်ခဲ့ဖူးသော သားအား အလိုရှိတိုင်း ရစေသော အိုးကို ပေးပါသော်လည်း

http://www.dhammadownload.com

သားဖြစ်သူ သေသောက်ကြူးက မူးရူး၍
ဣစ္ဆာသယအိုးကို ခွဲပစ်သည့်အကြောင်း)

၂၉၂။ **သုပတ္တဇာတ်** ၆၀
(သုမုခကျီးစစ်သူကြီးသည် ကျီးမိဖုရား၏
ချစ်ခြင်းအတွက် ဗြဟ္မဒတ်မင်း၏ စားတော်ပွဲကို
ထိုးသုတ်ရာ အဖမ်းခံရစဉ် သုပတ္တကျီးမင်း
ရောက်လာ၍ တရားဟောသည့်အကြောင်း)

၂၉၃။ **ကာယနိဗ္ဗိန္ဒဇာတ်** ၆၉
(အနာရောဂါ၏ နှိပ်စက်ခြင်းကို တာရှည်စွာ
ခံစားနေရ၍ မိမိခန္ဓာကိုယ်အား စက်ဆုပ်ကာ
တောထွက်သော ရဟန်းအကြောင်း)

၂၉၄။ **ဇမ္ဗုခါဒဇာတ်** ၇၃
(သပြေပင်ပေါ်ရှိ ကျီးနှင့် အပင်အောက်ရှိ မြေခွေးတို့
အပြန်အလှန် ဝါကြွား ချီးကျူးနေကြသည်ကို
သပြေပင်စောင့်နတ် မနှစ်သက်၍ ပြေးစေသည့်
အကြောင်း)

၂၉၅။ **အန္တဇာတ်** ၇၉
(သားတစ်ကို စားလိုသော မြေခွေးနှင့်
ကြက်ဆူပင်ထက်၌ သားတစ်ချီထားသော
ကျီးတို့ အပြန်အလှန် ချီးကျူးနေကြသည်ကို
ကြက်ဆူပင်စောင့်နတ် မနှစ်သက်သည့်အကြောင်း)

၂၉၆။ **သမုဒ္ဒဇာတ်** ၈၃
(သမုဒ္ဒရာရေအား သူတစ်ပါးတို့ များစွာ
မသောက်စေလိုသည့် ဝန်တိုသော ကျီးများအကြောင်း)

http://www.dhammadownload.com

၂၉၇။ **ကာမဝိလာပဇာတ်** ၈၉
(မင်းပြစ်မင်းဒဏ် သင့်၍
တံကျင်အလျှိုခံနေရစဉ်မှာပင် မိမိ၏ဆင်းရဲကို
ပမာဏမထားဘဲ ကောင်းကင်၌ ပျံသန်းသွားသော
ကျီးအား မယားထံ ကာမစကားဖြင့်
မှာကြားနေခြင်းအကြောင်း)

၂၉၈။ **ဥဒုမ္ဗရဇာတ်** ၉၂
(မျောက်ငယ်အား ရေသဖန်းသီး စသော
အသီးဖြင့် လှည့်စား ဖြားယောင်းကာ
နေရာကောင်း လိုဏ်ဂူကို အရယူသော
မျောက်ကြီးအကြောင်း)

၂၉၉။ **ကောမာရပုတ္တဇာတ်** ၁၀၀
(ပျော်ရွှင်မြူးတူး အကစားကြူးသည့်
မျောက်ရူးကိုပင် ငြိမ်သက်အောင် ဆုံးမခြင်းငှာ
စွမ်းဆောင်နိုင်သော ကောမာရပုတ္တရသေ့အကြောင်း)

၃၀၀။ **ဝကဇာတ်** ၁၀၆
(ဥပုသ်သီလ စောင့်ထိန်းပြီးမှ ဆိတ်ကို တွေ့၍
ဖမ်းရာ မရလိုက်သဖြင့် ဥပုသ်ပြန်လည်
စောင့်ထိန်းသော သစ်ကျူတ်အကြောင်း)

## ကာလိင်္ဂဝဂ်

၃၀၁။ **စူဠကာလိင်္ဂဇာတ်** ၁၁၂
(ဉာဏ်ဝီရိယရှိသော အဿကမင်းသည်
ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်ကို လှံဖြင့်

http://www.dhammadownload.com

ထိုးသတ်လိုက်ရာမှ စစ်တပ်ပျက်၍ စစ်ရှုံးနိမ့်သော
ဉာဏ်ဝီရိယကင်းသည့် ကာလိင်္ဂမင်းအကြောင်း)

၃၀၂။ **မဟာအဿာရောဟဇာတ်** ၁၂၇
(ကျေးဇူးရှင် ပစ္စန္တရာဇ်ရွာသားအား
မင်းမိဖုရားတို့ကိုယ်တိုင် ခြေဆေးပေးခြင်း
စသည်တို့ကို ပြုပြီးနောက် တိုင်းပြည်တစ်ဝက်ကို
ခွဲဝေပေးသော ဗာရာဏသီမင်းအကြောင်း)

၃၀၃။ **ဧကရာဇဇာတ်** ၁၃၇
(တိုင်းပြည်ကို လုယူပြီးလျှင် မိမိကိုပင်
ဦးစောက်ဆွဲ၍ ညှဉ်းဆဲသော မင်းအား
အချစ်မပျက် မေတ္တာသက်ဝင်နိုင်သော
ဗာရာဏသီမင်းတစ်ပါးအကြောင်း)

၃၀၄။ **ဒဒ္ဒရဇာတ်** ၁၄၄
(အဘဖြစ်သော ဒဒ္ဒရနဂါးမင်းက
နှင်ထုတ်လိုက်သဖြင့် မစင်စွန့်ရာဌ
မြွေ၏အသွင်ပြု၍ နေရရှာသော
နဂါးညီနောင်ကို သူငယ်တို့ နှိပ်စက်ရာ
အမျက်ထွက်သည့် စူဠဒဒ္ဒရအား ဆိုဆုံးမသော
မဟာဒဒ္ဒရနဂါးအကြောင်း)

၃၀၅။ **သီလဝီမံသနဇာတ်** ၁၄၉
(သီလရှိသူ မရှိသူဟု မစုံစမ်းလို၍ အိမ်မှ
ပစ္စည်းများ ခိုးယူခဲ့ရန် မှာကြားသော
တပည့်နှစ်ဦးတွင် မခိုးယူဘဲ ပြန်လာသော
တပည့်ကြီးအား သမီးနှင့် ပေးစားသည့်
ဆရာ ပုဏ္ဏားအကြောင်း)

http://www.dhammadownload.com

၂၀၆။ **သုစာတဇာတ်** ၁၅၅
(ဆီးသီးသည်ဘဝမှ မိဖုရားဖြစ်၍ မာန်ယစ်သဖြင့်
မင်းကြီးက နှင်ထုတ်အပ်သော
သုစာတာမိဖုရားအကြောင်း)

၂၀၇။ **ပလာသဇာတ်** ၁၆၂
(ပေါက်ပင်ကို ပူဇော်ပသသော ပုဏ္ဏားအား
ပေါက်ပင်စောင့်နတ်က ပိုင်ရှင်မဲ့ ရွှေအိုးများကို
ပေးသည့်အကြောင်း)

၂၀၈။ **သကုဏဇာတ်** ၁၆၈
(ကျေးဇူးကန်းသော ခြင်္သေ့၏ ခံတွင်း၌
စူးနေသော အရိုးအား နှုတ်ထွင်ပေးသော
သစ်တောက်ငှက်အကြောင်း)

၂၀၉။ **ဆဝဇာတ်** ၁၇၄
(မိမိလည်း ခိုးသူဖြစ်၍ မင်းကြီးလည်း
အမြင့်မှနေ၍ ဗေဒင်သင်ယူ၍ ပုဏ္ဏားလည်း
အနိမ့်မှ သင်ပေး၍ အားလုံးသည်
ယုတ်မာကြ၏ဟု ရဲဝံ့စွာဆိုသည့်အတွက်
ချီးမြှောက်ခံရသော စဏ္ဍာလအကြောင်း)

၂၁၀။ **သေယျဇာတ်** ၁၈၂
(ပုရောဟိတ်ရာထူးယူပါရန် ပန်ကြားလာသူ
သေယျအမတ်အား ရာထူးမမက်၍
တောထွက်လာခဲ့သည်ဟု ပြောဆိုသော
ရသေ့အကြောင်း)

http://www.dhammadownload.com

# ပုစိမန္ဒဝဂ်


၃၁၁။ **ပုစိမန္ဒဇာတ်** ၁၈၉

(အနာဂတ်တွင် ကျရောက်မည့် ဘေးကို မျှော်တွေး၍ သူခိုးကို ပြေးစေသော တမာပင်စောင့်နတ်အကြောင်း)

၃၁၂။ **ကဿပမန္ဒိယဇာတ်** ၁၉၆

(လူငယ်တို့မည်သည် ရန်ပြုမိက အိုးကွဲကဲ့သို့ ဖြစ်တတ်သည်ဟု သားငယ်နှင့် ခိုက်ရန်ဖြစ်သော 'ကဿပ' အဘရသေ့အား ပြောဆိုသည့် သားကြီးအကြောင်း)

၃၁၃။ **ခန္တိဝါဒီဇာတ်** ၂၀၃

(ခြေ, လက်, နား, နှာခေါင်းတို့ဖြစ်သည့် ကာလာဗုမင်းအား မေတ္တာမပျက် သည်းခံတရား လက်ကိုင်ထားသည့် ခန္တိဝါဒီရသေ့အကြောင်း)


**(အတွဲ – ၁၁ ပြီး၏)**

❑ ❑ ❑

http://www.dhammadownload.com

http://www.dhammadownload.com

# ၂၈၄။ သိရီဇာတ်



http://www.dhammadownload.com

# [၂၈၄]

# သီရိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူထိုက်ပေသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံမွာယ်စဉ်က ဖြစ်လေသည်။ ထိုအခါကာလ၌ သာဝတ္ထိပြည်၌ မှီတင်းနေထိုင်သော ပုဏ္ဏားတစ်ယောက်သည် ကျက်သရေ၏ ကောင်းမြတ်ခြင်း လက္ခဏာကို သိရှိလေရကား 'ထိုကျက်သရေကို ပိုင်ဆိုင်ရလေသော် ကောင်းလေစွ' ဟူသော စိတ်တို့ ဖြစ်ပေါ်လာခဲ့လေ၏။

ဤတွင် ပုဏ္ဏားသည် စဉ်းစားတွေးတောမိလေ၏။

"အနာထပိဏ်သူဌေးကား ရှေးက ဆင်းရဲ၏။ ယခုမူ စည်းစိမ်ဥစ္စာတို့ ကြွယ်ဝသူ ဖြစ်လာ၏။ ငါသည် အနာထပိဏ်

http://www.dhammadownload.com



သူဌေးကို ဖူးမြင်လိုသော ဟန်ဖြင့် သွားကာ ၎င်းအိမ်မှ ကျက်သရေကို ခိုးယူရလျှင် ကောင်းလေစွ"

ထိုသို့ ကြံစည် စိတ်ကူးပြီးလေသော် အနာထပိဏ်သူဌေး အိမ်သို့ ထွက်ခွာလာခဲ့လေ၏။ အနာထပိဏ်ထံ ရောက်လေသော် နှစ်သက်ဖွယ် စကားတို့ကို ပြောဆိုလေရာ သူဌေးလည်း နှစ်သက် ဝမ်းမြောက်သွားခဲ့ပြီး ...

"အို... ပုဏ္ဏားး၊ မည်သည့်အရာကို အလိုရှိပါသနည်း။ အလိုရှိရာကို တောင်းခံပါလော့"

ဟူ၍ သာကြည်ရွှင်လန်းစွာ စကားဆိုလေ၏။ ဤတွင် ပုဏ္ဏားသည် ရုတ်တရက် ခွန်းတုံ့မပြန်သေးဘဲ ကျက်သရေ မည်သည့်အရာ၌ တည်နေသနည်းဟူ၍ စူးစမ်းလေ့လာလိုက် သည်ရှိသော် ရွှေချိုင့်ဖြင့် မွေးမြူထားသည့် ကြက်ဖြူ၏အမောက် ၌ တည်နေသည်ကို သိရလေ၏။ ထိုအခါ...

"သူဌေးမင်း... ငါသည် တပည့်ငါးရာတို့အား ဗေဒင် ပညာတို့ကို သင်ကြားပေးနေသူ ဖြစ်ပါ၏။ သည့်အတွက် အချိန်မှန်မှန် တွန်တတ်သော ကြက်ကို အလိုရှိပါ၏။ သို့ဖြစ်၍ ကြက်ဖြူအား ပေးပါလော့"

ဟူ၍ တောင်းခံလေ၏။ သူဌေးကလည်း အသာတကြည် ပင် ပေးလေ၏။ ကြက်ဖြူလည်း ပုဏ္ဏားထံ ရောက်လေသော် ကျက်သရေသည် ကြက်ဖြူ၏ ဦးခေါင်းမှ ရွေ့လျားကာ ဦးခေါင်း ရင်း၌ ထားသော ပတ္တမြားထံ၌ သွားရောက်တည်လေ၏။ ထိုအခါ ပုဏ္ဏားလည်း ပတ္တမြားတုံးကို တောင်းခံလေ၏။ သူဌေးကလည်း

http://www.dhammadownload.com



ကြည်ဖြူစွာပင် ပေးပြန်၏။ ဤတွင် ပတ္တမြားတုံးမှ ကျက်သရေသည် ဦးခေါင်းရင်း၌ ထားအပ်သော တောင်ဝှေးထံသို့ ရွေ့လျားတည်ပြန်လေ၏။ ထိုအခါ ပုဏ္ဏားလည်း တောင်ဝှေးကို တောင်းခံပြန်၏။ သူဌေးလည်း မငြိုမငြင်ဘဲ ပေးပြန်၏။ ပုဏ္ဏား၏ လက်သို့ တောင်ဝှေး ရောက်ရှိလေသောအခါတွင်လည်း ကျက်သရေသည် ရွေ့လျားကာ သူဌေးကတော်၏ ဦးခေါင်းသို့ သွားရောက်တည်ပြန်လေ၏။ ဤတွင် ပုဏ္ဏားလည်း...

"သူဌေးကတော်ကား မစွန့်ပယ်အပ်သောဥစ္စာ ဖြစ်၏။ တောင်းခံသော် မသင့်ပေ"

ဟု တွေးတောမိပြီး စကားဆိုလေ၏။

"သူဌေးမင်း... အကျွန်ုပ်သည် အသင်သူဌေးအိမ်မှ ကျက်သရေကို ခိုးယူလို၍ လာခဲ့ပါ၏။ ထိုကျက်သရေသည် ရှေးဦးစွာ ကြက်ဖြူ၏ အမောက်ဦးခေါင်း၌ ရှိနေပါ၏။ အကျွန်ုပ်ထံ ကြက်ဖြူ ရောက်လာသောအခါ ကျက်သရေသည် ပတ္တမြားတုံးထံ ရောက်ရှိသွားပြန်၏။ ပတ္တမြားတုံးသည် ကျွန်ုပ်ထံသို့ ရောက်ရှိခဲ့သောအခါတွင်လည်း ကျက်သရေသည် တောင်ဝှေးထံ ရောက်ရှိသွားပြန်ပါ၏။ တောင်ဝှေးကို ကျွန်ုပ် တောင်းခံသဖြင့် ရရှိသောအခါတွင်လည်း ကျက်သရေသည် တောင်ဝှေး၌ တည်ရှိနေခြင်းမရှိဘဲ အသင်သူဌေးမင်း၏ကတော် ပုညလက္ခဏာဒေဝီ၏ ဦးခေါင်းသို့ ရောက်ရှိသွားပြန်ပါ၏။

http://www.dhammadownload.com



သူဌေးမင်း... အသင်၏ဂါတော်ကား မစွန့်အပ်သော ဥစ္စာဖြစ်ပါ၏။ အကျွန်ုပ်အနေဖြင့်လည်း ဆောင်းခံရန် မသင့်ပေ။ အကျွန်ုပ်ကား ကျက်သရေကို ခိုးယူခြင်းငှာ မတတ်နိုင်တော့။ ဥစ္စာရှင်အစစ်ဖြစ်သော ကျက်သရေသည် သင်သူဌေးမင်းနှင့်သာ ထိုက်တန်ပေ၏”

သည်သို့ဆိုပြီးနောက် ပုဏ္ဏားလည်း ပြန်လည် ထွက်ခွာသွားလေတော့၏။ ဤတွင် အနာထပိဏ်သူဌေးလည်း ဘုရားရှင်ထံ သွားရောက် ဖူးမြော်ပြီး အကျိုးအကြောင်းကို လျှောက်ထားပြောဆိုလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က...

“သူဌေးမင်း... ကျက်သရေသည် ယခုအခါ၌သာ တစ်ပါးသို့ ရွေ့လျားသွားသည် မဟုတ်။ ရှေးအခါ၌လည်း ဘုန်းကံနည်းသောသူတို့သည် ကျက်သရေကို ပိုင်ဆိုင်ခွင့်မရဘဲ ကျက်သရေအနေဖြင့် ဘုန်းကံရှိသော သူတို့ထံသို့သာ ရောက်ရှိရစမြဲတည်း”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ကာသိတိုင်းရှိ ပုဏ္ဏားတစ်ဦးသည် အရွယ်ရောက်ပြီးသကာလ တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြားပြီးလျှင် အိမ်ရာထူထောင်လေ၏။ မိဘတို့ ကွယ်လွန်သည်ရှိသော် ကြီးစွာသော

http://www.dhammadownload.com



သံဝေဂရ၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်သို့ ထွက်ခွာပြီး ဈာန်အဘိညာဉ်တို့ကို ဖြစ်စေလျက် ကြာမြင့်စွာ သီတင်းသုံး လေ၏။

တစ်နေ့သ၌ ချဉ်ဆားမှီဝဲလိုသဖြင့် လူတို့နေထိုင်ရာ ဇနပုဒ် သို့ ကြွလာခဲ့လေ၏။ ရောက်သည်ရှိသော် ဗာရာဏသီမင်း၏ ဥယျာဉ်တော်သို့ ဝင်လေ၏။ နောက်တစ်နေ့ နံနက် ရောက်လျှင် မြို့တွင်းသို့ ဝင်ရောက် ဆွမ်းခံရင်းမှ ဆင်ဆရာ၏ အိမ်တံခါး သို့ ရောက်ခဲ့လေ၏။ ဆင်ဆရာလည်း ရသေ့ကြီး၏ ရင့်ကျက် တည်ငြိမ်သော ဣန္ဒြေကို ကြည်ညိုသဖြင့် ဆွမ်းလုပ်ကျွေးကာ ဥယျာဉ်တော်၌ သီတင်းသုံးစေပြီး ဆည်းကပ်ကိုးကွယ်လေ၏။

ထိုအခါကာလ၌ ထင်းခွေသမားတစ်ယောက်သည် တော သို့ သွားကာ ထင်းခွေလေ၏။ ခွေပြီးသော ထင်းတို့ကို သယ် ဆောင်ပြီး ပြန်လာရာ မြို့တံခါးပိတ်ချိန် အမီမရောက်နိုင်တော့ သဖြင့် ညအခါ နတ်ကွန်းတစ်ခု၌ ထင်းစည်းကို ခေါင်းရင်း၌ ထား၍ အိပ်စက်လေ၏။ ထိုနတ်ကွန်း၌ လွှတ်ထားသော ကြက် တို့ အများအပြား ရှိကြလေရာ ထိုကြက်တို့လည်း နတ်ကွန်း အနီးရှိ သစ်ပင်ကြီးထက်သို့ တက်၍ အိပ်စက်ကြလေ၏။ ဤတွင် သစ်ပင်ထက်၌ အိပ်သော ကြက်တစ်ကောင်သည် မိုးသောက်ထ အခါ၌ ကျင်ကြီးစွန့်ချသည်ရှိသော် ၎င်း၏အောက်၌ အိပ်သော ကြက်၏ကိုယ်ပေါ်သို့ ကျလေ၏။ ထိုအခါ အောက်ရှိကြက်က…

"ငါ့အပေါ် အဘယ်သူ ကျင်ကြီးစွန့်ချလေသနည်း"

ဟု မေးသည်ရှိသော် အထက်ရှိ ကြက်က ၎င်းအမှတ်တမဲ့

http://www.dhammadownload.com



စွန့်ချမိကြောင်း ပြောဆိုကာ တောင်းပန်လေ၏။ ထို့နောက် တစ်ဖန် ကျင်ကြီးစွန့်ချပြန်လေ၏။ ဤတွင် အောက်ကြက်နှင့် အထက်ကြက်တို့ ခိုက်ရန်ဖြစ်ပွား ငြင်းခုန်ကြကာ မာန်မာနချင်း ယှဉ်ပြိုင်ကြလေ၏။ ဤအခါ အောက်ကြက်က...

"ဟယ်... ကြက်ဖျင်း၊ နင်၌ မည်သည့် အစွမ်းအာနိသင် ရှိသနည်း။ ငါ့ကို သတ်၍ အသားကို ကင်စားသူ ဆိုပါက အသပြာတစ်ထောင်ကို ချက်ချင်းရမည်ဖြစ်၏"

ဟု ပြောဆိုလေ၏။ ဤတွင် အထက်ကြက်က...

"ဟယ်... ကြက်ဖျင်း၊ နင်၏ အစွမ်းအာနိသင်ကား ဤမျှသာ ရှိလေသလော။ ငါ၏ မြင့်မြတ်သော အသားကို စားသူသည် ဧကန် မင်းဖြစ်လိမ့်မည်။ အပြင်ပရှိ အသားကို စားသောသူသည် ယောကျ်ားဆိုပါက သေနာပတိ၊ မိန်းမဆိုပါက မိဖုရား ဖြစ်မည်။ အရိုး၌ ကပ်သော အသားကို စားပါက လူဖြစ်လျှင် ဘဏ္ဍာစိုး ဖြစ်မည်။ ရဟန်း ဆိုပါက မင်းဆရာ ဖြစ်မည်"

ဟူ၍ ကြွေးဝါး ပြောဆိုလေ၏။ ဤသို့ စကားတို့အား ကြား လိုက်ရသော ထင်းခွေ ယောကျ်ားလည်း...

"ငါ့မှာ အသပြာတစ်ထောင် ရရုံမျှဖြင့် အဘယ်မှာ လျှင် အကျိုးရှိပါအံ့နည်း။ မင်းအဖြစ်ကိုသာ ရယူတော့ မည်"

ဟု ကြံစည်ကာ သစ်ပင်ထက်သို့ လျှင်မြန်စွာ တက်ပြီး အထက်ကြက်အား ရိုက်သတ်လျက် ခါးပိုက်ထဲသို့ ထည့်လေ၏။

http://www.dhammadownload.com



ထို့နောက် မြို့တံခါးဖွင့်ပြီ ဖြစ်သဖြင့် ထင်းစည်းကို ဆောင်ယူကာ အိမ်သို့ ပြန်လေ၏။ အိမ်သို့ ရောက်သည်ရှိသော် အမွေးအတောင်တို့ကို နှုတ်၍ ကလီစာတို့ကို သုတ်သင်ပြီးလျှင် မယားဖြစ်သူအား ကောင်းစွာ ချက်ပြုတ်စေရန် ခိုင်းစေလေ၏။ မယားဖြစ်သူလည်း ကြက်သားဟင်းကို ကောင်းစွာ ချက်ပြုတ်၍ လင်ဖြစ်သူ စားသောက်စေရန် တည်ခင်းလေ၏။ ဤတွင် ထင်းခွေယောက်ျားလည်း ရုတ်တရက် မစားသေးဘဲ မယားဖြစ်သူအား...

"ရှင်မ ဤကြက်သားကား သာမညကြက်သားမဟုတ်။ တန်ခိုးအာနုဘော် ကြီးမြတ်လှသည့် ကြက်သားဖြစ် ၏။ ဤကြက်သားကို စားပါက ငါလည်းမင်းဖြစ်မည်။ ရှင်မ လည်း မိဖုရားကြီး ဖြစ်မည်။ သို့ဖြစ်၍ ရှင်မသည် ထမင်းနှင့် ကြက်သားဟင်းတို့ကို အုပ်တွင် ကောင်းစွာ ထည့်၍ ယူခဲ့ပါ လော့။ ငါတို့သည် ဂင်္ဂါမြစ်သို့ ရေချိုးထွက်ကာ ကိုယ်လက် သန့်ရှင်းပြီးပါမှ အတူတကွ စားသောက်ကြပါအံ့"

ဟု ဆိုကာ လင်မယားနှစ်ယောက်စလုံး ဂင်္ဂါမြစ်ကမ်းသို့ ထွက်လာခဲ့ကြလေ၏။ ဂင်္ဂါမြစ်ကမ်းသို့ ရောက်လျှင် ထမင်းအုပ်ကို မြစ်ကမ်းစပ်တွင် ချလျက် လင်မယားနှစ်ယောက်စလုံး ဂင်္ဂါမြစ်အတွင်း သက်ဆင်းကာ ရေချိုးသန့်စင်ကြလေ၏။ ထိုအချိန်တွင် လေပြင်းများ တိုက်ခတ်လာလေရာ ဂင်္ဂါမြစ်လည်း လှိုင်းတံပိုးထလာပြီး လှိုင်းတို့သည် ဂင်္ဂါမြစ်ကမ်းပါးကို ရိုက်ပုတ်လေ၏။ ဤတွင် လှိုင်းတံပိုးတစ်ခုသည် ကမ်းစပ်သို့ ရိုက်ခတ်ပြီး

http://www.dhammadownload.com



ထမင်းအုပ်အား မြစ်အတွင်းသို့ ဆွဲချသွားလေရာ ထမင်းအုပ်လည်း ဂင်္ဂါမြစ်အတွင်း မျောပါသွားလေတော့၏။ ထိုအချိန်တွင် ဂင်္ဂါမြစ်ကမ်း၌ ဆင်တို့အား ရေချိုးပေးနေသော ဆင်ဆရာ မြင်တွေ့သွားရာ ထမင်းအုပ်ကို ဆယ်ယူခဲ့လေ၏။ အုပ်ကို ဖွင့်လေသော် ထမင်းနှင့် ကြက်သားဟင်းတို့ကို တွေ့မြင်သွားပြီး အိမ်သို့ ပို့စေ၏။ ၎င်းမရောက်မီ မည်သူမျှ မဖွင့်စေရန် တံဆိပ်ခတ်နှိပ်ပေးလိုက်၏။

ထိုအချိန်တွင် ဆင်ဆရာ ကိုးကွယ်သော ရသေ့လည်း...

"ငါ၏ အလုပ်အကျွေးဖြစ်သော ဆင်ဆရာသည် ဤရာထူးကို စွန့်၍ မည်သည့်အခါ၌ စည်းစိမ်ချမ်းသာကို ရပါလိမ့်မည်နည်း"

ဟူ၍ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဆင်ခြင်ကြည့်လေသော် ကြက်သားရသော အကြောင်းကို သိမြင်သဖြင့် ဆင်ဆရာ၏ အိမ်သို့ ကြွသွားခဲ့လေ၏။ ဆင်ဆရာလည်း အိမ်သို့ ရောက်သည်ရှိသော် ရှင်လန်းဝမ်းမြောက်စွာဖြင့် ကြည်ညိုလှစွာသော ဆရာရသေ့အား ၎င်း ရရှိလာသော ထမင်းနှင့် ကြက်သားဟင်းတို့အား ဆွမ်းကပ်လေ၏။ ဆရာရသေ့လည်း ကပ်လှူသော ကြက်သားအား အရိုးအသားတို့ ခွဲထုတ်ကာ ကောင်းမြတ်သော အသားတို့အား ဆင်ဆရာ စားရန်အတွက် စွန့်လေ၏။ ၎င်းကမူ အရိုး၌ ကပ်နေသော အသားတို့ကိုသာ ဘုဉ်းပေးသုံးဆောင်လေ၏။ ဆရာရသေ့လည်း ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ဆင်ဆရာအား...

http://www.dhammadownload.com



"သင်သည် ယနေ့မှစ၍ သုံးရက်မြောက်သောနေ့၌ မင်းအဖြစ်ကို ရရှိလတ္တံ့။ မမေ့မလျော့ သတိ ဝီရိယဖြင့် နေထိုင်ပါလော့"

ဟူ၍ ဆုံးမကာ ဥယျာဉ်သို့ ပြန်ကြွလေ၏။

သုံးရက်မြောက်သောနေ့သို့ ရောက်သည်ရှိသော် ပြည်နီးချင်း မင်းတစ်ပါးသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ချီတက်လာပြီး ဗာရာဏသီအား စစ်ထိုးရန်အတွက် တိုင်းပြည်အားလုံးအား ဝန်းရံထားလေတော့၏။ ထိုအခါ ဗာရာဏသီမင်းလည်း ဆင်ဆရာအား မင်းအသွင် ဆင်ယင်စေလျက် ဆင်တော်ကို စီးကာ စစ်တိုက်စေရန် အမိန့်ပေးလေ၏။ ၎င်းမှုကား မထင်ရှားသော အသွင်ဖြင့် စစ်သည်တို့နှင့်အတူ ထွက်လာရာ တစ်ဖက်မှ ပစ်ခွင်းလိုက်သော မြားတစ်စင်း ထိမှန်သဖြင့် နေရာတွင်ပင် နတ်ရွာစံလေတော့၏။ ဆင်ဆရာလည်း မင်းကြီး နတ်ရွာစံသည့်အဖြစ်ကို သိလျှင်သိချင်းပင် ဘဏ္ဍာတိုက်အတွင်းမှ များစွာသော ဥစ္စာတို့ကို ထုတ်ယူစေ၍...

"ဥစ္စာကို အလိုရှိသူ၊ ပိုင်ဆိုင်လိုသူတို့သည် စစ်ဦးမှ နေ၍ ရန်သူတို့ကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပါလော့"

ဟု စည်လည် အမိန့်ပေးလေ၏။ ဤတွင် သူရဲကောင်းတို့လည်း ဥစ္စာပစ္စည်းတို့ ပိုင်ဆိုင်ရမည့်အသိကြောင့် နိုးကြား တက်ကြွကာ ရန်သူတို့အား ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြလေရာ ရန်သူအပေါင်း ကသောင်းကနင်းဖြစ်လျက် ကိုယ်လွတ်ရုန်း ထွက်ပြေးကြလေ၏။ သို့ဖြင့် ရန်သူ့တပ်ပျက်ကာ အနိုင်ရရှိခဲ့လေ၏။

http://www.dhammadownload.com



ရန်သူတို့ ကင်းစင်လေသော မှူးမတ်အပေါင်းတို့သည် နတ်ရွာစံသွားသော မင်းကြီး၏ အလောင်းအား ကောင်းမွန်စွာ သင်္ဂြိုဟ်ကြကုန်၏။ ထို့နောက် အချင်းချင်း စုဝေးကြပြီး။

"မင်းချင်းတို့... ငါတို့၏ မင်းကြီးမှာ နတ်ရွာစံ ကံတော်ကုန်သွားပေပြီ။ သည့်အတွက် မင်းအဖြစ်ကို မည်သူ့အား ပေးမည်နည်း"

ဟု တိုင်ပင်ကြကုန်၏။ ထိုအခါ အမတ်တို့က...

"အချင်းတို့... ငါတို့၏ မင်းကြီးသည် အသက်ရှင်စဉ်ကပင် ဆင်ဆရာအား မင်းအဖြစ်, မင်းအသွင်ကို ဆင်ဆရာအား ပေးခဲ့၏။ ဆင်ဆရာသည် သတ္တိ၊ ဗျတ္တိ ပြည့်စုံစွာဖြင့် တပ်ကို ကွပ်ကဲကာ ရန်သူတို့အပေါ် အနိုင်ယူ တိုက်ထုတ်နိုင်ခဲ့၏။ သည့်အတွက် ဆင်ဆရာကိုသာလျှင် မင်းအဖြစ် တင်မြှောက်ထိုက်၏"

ဟု အကျိုးသင့် အကြောင်းသင့် ဆိုကြလေသော် အားလုံးလည်း တညီတညွတ်တည်းပင် ထောက်ခံကြကုန်၏။ ထို့ကြောင့် ဆင်ဆရာကိုပင် ဘိသိက်သွန်းလောင်းကာ မင်းမြှောက်ကြပြီး ဆင်ဆရာ၏ မယားကိုလည်း မိဖုရားကြီးအဖြစ် တင်မြှောက်လေ၏။ ရသေ့ကြီးမှာလည်း မင်းဆရာ ဖြစ်လာလေ၏။

မြတ်စွာဘုရားရှင်လည်း ထိုသို့သော အတိတ်ဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် အနာထပိဏ်သူဌေးအား...

"သူဌေးမင်း... လောက၌ ပညာတတ်သည်ဖြစ်စေ၊ ပညာမဲ့သည်ဖြစ်စေ ဘုန်းကံနည်းပါးသူတို့ ပြုစုထားသော

http://www.dhammadownload.com



ပစ္စည်းဥစ္စာတို့ကို ဘုန်းကံရှိသူတို့သာလျှင် သုံးဆောင်ခံစား ကြရစမြဲ ဖြစ်၏။

ခပ်သိမ်းသော အရပ်တို့၌ ဘုန်းကံမဲ့သူတို့ကို ကျော်လွန်၍ ရတနာတို့ဖြစ်ရာ မဟုတ်သော အရပ်တို့၌လည်း ဘုန်းကံရှိသူတို့အား စည်းစိမ်ချမ်းသာ များစွာ ဖြစ်ထွန်းကြကုန်၏"

ဟူ၍ ဟောကြား ဆုံးမတော်မူ၏။ တစ်ဖန် အနာထပိဏ်သူဌေးအား...

"သူဌေးမင်း... သတ္တဝါတို့အား ကောင်းမှုနှင့်တူသည့် တစ်ပါးသော ဆောက်တည်ရာမရှိ။ ကောင်းမှုရှိသော သူတို့အား ဖြစ်ရာမဟုတ်သည့်အရပ်၌လည်း ရတနာတို့ ဖြစ်လာကြကုန်၏။

သူဌေးမင်း... ဤကောင်းမှုမည်သည်ကား လူနတ်တို့အား ဆန္ဒအလုံးစုံကို ပေးတတ်သော ဥစ္စာရွှေအိုး ဖြစ်လေ၏။ ကောင်းခြင်း၊ အဆိုးရခြင်း၊ အခြံအရံများခြင်း ဟူသော အလုံးစုံတို့အား ကောင်းမှုဖြင့်သာ ရကြ၏။ ချမ်းသာအလုံးစုံကိုလည်း ကောင်းမှုဖြင့်သာ ရကြ၏။ ထို့ကြောင့် တည်ကြည်သော ပညာရှိတို့သည် ပြုခဲ့ပြီးသော ကောင်းမှုရှိသူအဖြစ်ကိုသာ ချီးမွမ်းကြကုန်၏"

ဟူ၍ ဟောတော်မူ၏။ အနာထပိဏ်သူဌေး၏ ကျက်သရေတည်ရာကား ကြက်၊ ပတ္တမြား၊ တောင်ဝှေး၊ ပုညလက္ခဏာဒေဝီတို့ ဖြစ်ကြကုန်၏။

http://www.dhammadownload.com



ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့... ထိုစဉ်အခါက မင်းဖြစ်သွားသော ဆင်ဆရာသည် ယခုအခါ အာနန္ဒာဖြစ်လာပြီး၊ ထိုစဉ်က မင်းဆရာ ရသေ့သည် ယခုအခါ ငါ ဘုရားရှင် ဖြစ်လာ၏" ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၀၅။ မဏိဃံသဇာတ်



http://www.dhammadownload.com

[၂၈၅]

# မဏိယံသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် အစဉ်ကရုဏာထားရှိတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှုန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က မြတ်စွာဘုရားရှင်အား လည်းကောင်း၊ ရဟန်းသံဃာတော်တို့အား လည်းကောင်း လာဘသက္ကာပူဇော်များစွာတို့ ရရှိကြလေ၏။

ဤတွင် တိတ္ထိတို့မှာ နေရောင်အောက်မှ ပိုးစုန်းကြူးပမာ အရောင်အဝါ ကင်းပကြကုန်၏။ ထိုအခါ တိတ္ထိတို့လည်း...

"ငါတို့ကား... ဘုရားပွင့်တော်မူသည်မှစ၍ လာဘ်လာဘတို့ ဆုတ်ယုတ်ကြကုန်၏။ တစ်စုံတစ်ယောက်သော သူမျှလည်း ငါတို့ ရှိနေကြသည့်အဖြစ်ကို မသိကြကုန်။ သည့်အတွက် ငါတို့သည် အချင်းချင်း သွေးစည်းညီညွတ်

http://www.dhammadownload.com



ကြကာ ရဟန်းဂေါတမအား အကြည်ညိုပျက်စေရန် ပူဇော်
သက္ကာယများ ကွယ်ပျောက်စေရန် နည်းလမ်းရှာကြအံ့”

ဟူ၍ တိုင်ပင်ကြလေ၏။ ဤတွင် တိတ္ထိတို့လည်း သုန္ဒရီပရိဗိုဇ်မကို ခေါ်ယူ နားချကာ ဘုရားရှင်၏ ဂုဏ်သတင်း ကျဆင်းစေရန် လည်းကောင်း၊ ပူဇော်သက္ကာရများ ကွယ်ပျောက်စေရန် လည်းကောင်း ကြံစည်ကြကုန်၏။

သုန္ဒရီပရိဗိုဇ်မလည်း ညချမ်းအခါသို့ ရောက်လျှင် ဘုရားရှင်ထံ သွားရောက် တရားနာပြီး လူများ ပြန်ကြသည့်အခါတွင် ဇေတဝန်ကျောင်းတော် အနောက်ဘက်သို့ သွားလေ၏။ လူအများက တွေ့မြင်ပြီး မေးမြန်းကြသည့်အခါ...

“ငါသည် ဤည၌ ကျောင်းသခ်မ်းသို့ မပြန်တော့။
ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီတိုက်၌ အိပ်စက်မည်”

ဟူ၍ ပြောဆိုကာ လူသူ ကင်းရှင်းသွားသည့်အခါ တိတ္ထိတို့၏ အာရာမ်အတွင်းသို့ ဝင်၍ အိပ်စက်လေ၏။ နံနက်စောစောသို့ ရောက်လျှင် ဇေတဝန်ကျောင်းတော် အနောက်ဘက်သို့ သွား၍ ထိုမှ မြို့ဘက်သို့ ပြန်သွားလေ၏။ လူတို့ မေးမြန်းသည်ရှိသော်...

“ညအခါ ရဟန်းဂေါတမနှင့် ဂန္ဓကုဋီတွင် အတူ
အိပ်စက်ကာ ကိလေသာဖြင့် မွေ့လျော်စေပြီးမှ လာခဲ့၏”

ဟူ၍သာ ပြောဆိုလေ၏။ ထိုမှ နှစ်ရက်၊ သုံးရက်လွန်လေသောအခါ တိတ္ထိတို့သည် မူးယစ် ရမ်းကား တတ်သူတို့အား အသပြာပေး၍–

http://www.dhammadownload.com



"အမောင်တို့... သင်တို့သည် သုန္ဒရီပရိဗိုဇ်မကို အသေ သတ်၍ ရှင်ဂေါတမ၏ ဂန္ဓကုဋီတိုက်အနီးရှိ ပန်းအမှိုက်ပုံ၌ အလောင်းအား ပစ်ခဲ့ကြလော့"

ဟူ၍ ခိုင်းစေကြလေ၏။ မူးယစ်ရမ်းကား သေသောက်ကြူးတို့လည်း တိတ္ထိတို့ ခိုင်းစေသည့်အတိုင်း လုပ်ဆောင်ကြလေ၏။ ထို့နောက် တိတ္ထိတို့လည်း သုန္ဒရီ ပရိဗိုဇ်မကို မမြင်ကုန်ဟူ၍ မြို့တွင်း၌ အုတ်အုတ်ကျက်ကျက်ပြုကာ မင်းကြီး၏နားသို့ ပေါက်ကြားစေ၏။ ထိုအခါ မင်းကြီးလည်း တိတ္ထိတို့ကို ခေါ်ယူ၍...

"အရှင်တို့... အရှင်တို့အနေဖြင့် သုန္ဒရီပရိဗိုဇ်မကို မည်သည့်နေရာ၌ ရှိမည်ဟု ထင်သနည်း"

ဟု မေးလေ၏။ ထိုအခါ တိတ္ထိတို့လည်း...

"အရှင်မင်းကြီး သုန္ဒရီပရိဗိုဇ်မအား ဇေတဝန်ကျောင်းတော် ဝန်းကျင်၌ ရှိလိမ့်မည်ဟု သံသယရှိပါ၏"

ဟု လျှောက်ထားကာ မင်းကြီးထံ ခွင့်ပန်၏။ ခွင့်ပြုချက်ရသည်ရှိသော် တိတ္ထိအပေါင်းကို စုဝေးခေါ်ဆောင်လျက် ဇေတဝန်ကျောင်းတော် ဝန်းကျင်သို့ သွားရောက် ရှာဖွေကြလေ၏။ ထိုအခါ ပန်းတို့ကို စွန့်ပစ်သော အမှိုက်ပုံများကြား၌ သုန္ဒရီပရိဗိုဇ်မ၏ အလောင်းကို တွေ့မြင်ကြလေ၏။ ထိုအခါ အလောင်းကို ဆောင်ယူပြီး မင်းကြီးထံ ဝင်ရောက်ကာ...

"အရှင်မင်းကြီး ရဟန်းဂေါတမ၏ တပည့်အပေါင်းတို့သည် ၎င်းတို့ဆရာ ကျူးလွန်သည့် မကောင်းမှုကို ဖုံးလွှမ်းစေလိုသည့်အတွက် သုန္ဒရီပရိဗိုဇ်မအား သတ်ဖြတ်ပြီး

http://www.dhammadownload.com



လျှင် အလောင်းကို ပန်းအမှိုက်ပုံများကြား၌ စွန့်ပစ်ခဲ့ပါ၏” ဟူ၍ လျှောက်ထားကြကုန်၏။ မင်းကြီးလည်း…

“အရှင်တို့ သည်သို့ဆိုပါက အလောင်းကို ထမ်းလျက် မြို့တွင်းသို့ လှည့်လည်ကြကုန်လော့”

ဟူ၍ အမိန့်ပေးလေ၏။ တိတ္ထိတို့လည်း အလောင်းစင်အား ထမ်းလျက် မြို့တွင်းသို့ လှည့်လည်ကာ…

“အို… မြို့သူမြို့သားအပေါင်းတို့၊ သာကီဝင်မင်းသား ရဟန်းဂေါတမသည် ယုတ်မာရက်စက်သောအမှုကို ပြုကြလေပြီ။ ကြည့်ကြ… ရှုကြပါကုန်လော့”

ဟု ဟစ်ကြွေးကြကုန်၏။ ထို့နောက် မင်းကြီးထံ ပြန်လာကြကုန်၏။ မင်းကြီးလည်း သုန္ဒရီပရိဗိုဇ်မ၏ အလောင်းအား လူသေ၊ အစိမ်းသေတို့ စွန့်ပစ်ရာ သုသာန်သို့ ဆောင်ယူစေပြီး ညောင်စောင်း၌ထားကာ အစောင့်အရှောက်တို့ကို တာဝန်ချထားလေ၏။ ထိုအခါ မြို့တွင်းမြို့ပြင်ရှိ လူသူပရိသတ်အပေါင်းအနက်မှ အရိယာ သူတော်စင်တို့မှတစ်ပါး သာမန်ပုထုဇဉ် မြို့သူမြို့သားတို့သည် တိတ္ထိတို့၏ စကားကို ယုံကြည်လျက် ရဟန်းတို့အား ပုတ်ခတ်ဆဲရေးကြလေ၏။

မင်းကြီးလည်း ဤအမှုကား မသေးငယ်သော ပြဿနာဟု ယူဆသည့်အလျောက် မင်းချင်းတို့ကို ခေါ်ယူကာ…

“မင်းချင်းတို့… သုန္ဒရီပရိဗိုဇ်မအား သတ်သောသူကို စုံစမ်းဖော်ထုတ်ရမည်”

ဟု အမိန့်ပေးလေ၏။ မင်းချင်းတို့လည်း သေသောက်ကြူး

http://www.dhammadownload.com



သူများ၊ မူးယစ်ရမ်းကားသူများ ရှိကြသည့် သေတင်းကုပ်များ ရှိရာသို့ လှည့်လည်စုံစမ်းရာ သေတင်းကုပ်တစ်ခု၌ သေသောက်ကြူးတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ပွား စကားများနေကြလေ၏။ ဤတွင် သေသောက်ကြူးတစ်ဦးက အခြားတစ်ဦးအား...

"သင်သည် သုန္ဒရီပရိဗိုဇ်မအား တစ်ချက်တည်းဖြင့် အသေသတ်ပြီး ဇေတဝန်ကျောင်းအနီး ပန်းအမှိုက်ပုံ၌ စွန့်ပစ်ခဲ့၏။ ထိုလူသတ်ခ ရ၍သာ ယခုလို သေရည်သောက်ရခြင်း ဖြစ်၏။ သည့်အတွက် သင့်အား ငါက ဂရုစိုက်ရမည်လော"

ဟု ဆိုလေ၏။ ထိုအခါ မင်းချင်းတို့လည်း ထိုလူသတ်သမား သေသောက်ကြူးအား ဖမ်းဆီးလျက် မင်းကြီးထံ ခေါ်ဆောင်သွားလေ၏။ မင်းကြီးလည်း သေသောက်ကြူးအား စစ်မေးလေသော် သေသောက်ကြူးလည်း မည်သို့မျှ ငြင်းပယ်၍ မရတော့ဘဲ အမှန်အတိုင်း ဝန်ခံ ဖြောင့်ချက်ပေးရလေ၏။ မင်းကြီးလည်း တကယ့်လက်သည် အစစ်သည် တိတ္ထိတို့မှန်းသိလေလျှင် တိတ္ထိတို့ကို မင်းအာဏာဖြင့် ဆင့်ခေါ်လျက်...

"အရှင်တို့ သင်တို့သည် သုသာန်တွင် ရှိနေသော သုန္ဒရီပရိဗိုဇ်မ အလောင်းကို ထမ်းကာ မြို့တွင်းသို့ လှည့်လည်ကြလော့။ ပြီးလျှင် 'ငါတို့သည် ရဟန်းဂေါတမ၏ ဂုဏ်သတင်း ပျက်ပြားစေရန်၊ လာဘ်ပူဇော်သက္ကာတို့ ကင်းပစေရန် သုန္ဒရီပရိဗိုဇ်မအား သတ်စေခဲ့ပါ၏။ ရဟန်းဂေါတမတို့၏ တပည့်ရဟန်းတို့မှာ အပြစ်မရှိကြပါ။ ငါတို့သည်သာ အပြစ်ရှိပါ၏' ဟူ၍ ပြောဆို အော်ဟစ်ကြကုန်လော့"

http://www.dhammadownload.com



ဟူ၍ မင်းအာဏာဖြင့် ခိုင်းစေလေ၏။ တိတ္ထိတို့လည်း မင်းအာဏာကို မလွန်ဆန်နိုင်လေရကား မင်းကြီး စေသည့် အတိုင်းပင် အလောင်းကို ထမ်းလျက် မြို့တွင်းမြို့ပြင် လှည့်လည် အော်ဟစ်ကြလေ၏။

ထိုအခါ တွေဝေ မိုက်မဲ၍ အထင်မှား အမြင်မှား ဖြစ်ကြ သူတို့လည်း အမြင်မှန်ကို ရကြကုန်၏။ တိတ္ထိတို့လည်း လူသတ်မှုဖြင့် အရေးယူခံကြရကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သား ရဟန်းသံဃာတော်အပေါင်းမှာ ရှေးကထက်ပင် လာဘ်လာဘများ၊ ပူဇော်သက္ကာယပြုမှုများ ပို၍ တိုးပွား လာကြကုန်၏။

တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့ စုဝေးမိကြသည့် အခိုက်တွင်...

"ငါ့ရှင်တို့... တိတ္ထိတို့သည် ဘုရားရှင်ကို ညစ်နွမ်းအောင် ပြုမူကြသော်လည်း နောက်ဆုံး၌ ၎င်းတို့သာလျှင် ညစ်နွမ်းကြရကုန်၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာပြီး အကြောင်းစုံကို သိလေသော်...

"ရဟန်းတို့... ငါဘုရားရှင်ကို ညစ်နွမ်းအောင် ပြုခြင်းကား ပတ္တမြားကို ညစ်နွမ်းအောင် ပြုခြင်းနှင့် တူပေ၏။ ရှေးအခါက ဇောတိရသ ပတ္တမြားကို ညစ်နွမ်းအောင် ပြုမည်ဟု ဝက်အပေါင်းတို့ လုံ့လပြုကြသော်လည်း ညစ်နွမ်းအောင် မတတ်နိုင်ကြကုန်"

http://www.dhammadownload.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*　*　*

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော်ရွာငယ်တစ်ရွာ၌ ပုဏ္ဏားလုလင်တစ်ဦးသည် အရွယ်ရောက်သည်ရှိသော် ကာမဂုဏ်တို့ကို စက်ဆုပ်ငြီးငွေ့သဖြင့် ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်ရှိ တောင်အရေးသုံးခု အလွန်တွင် ကျောင်းသခ်မ်း ဆောက်ကာ နေထိုင် သီတင်းသုံးလေ၏။

ထိုရသေ့ သီတင်းသုံးရာ ကျောင်းသခ်မ်းအနီး၌ ပတ္တမြားလိုဏ်ဂူရှိ၏။ ထိုပတ္တမြားလိုဏ်ဂူအတွင်း ဝက်သုံးဆယ်တို့သည်နေကြကုန်၏။ ထို့အတူ လိုဏ်ဂူကြီး၏ ပတ်ဝန်းကျင်၌လည်းခြင်္သေ့တစ်ကောင်လည်း ကျက်စားလေ၏။ ထိုအခါ ခြင်္သေ့၏အရိပ်သည် ပတ္တမြားဂူ၌ ထင်ဟပ်လေ၏။

ထိုသို့ ခြင်္သေ့ ဖြတ်သွားဖြတ်လာပြုလေတိုင်း ခြင်္သေ့၏အရိပ်ကို တွေ့မြင်နေရသည့်အတွက် ဝက်အပေါင်းတို့မှာ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ကြကာ ဂူအပြင်ဘက်သို့ ထွက်ရန်ပင် မဝံ့မရဲဖြစ်ကြလေ၏။ သို့ဖြင့် ကာလအတန်ကြာလေသော် ဝက်အပေါင်းတို့လည်း အသွေးအသားများ ခန်းခြောက်ကာ ပိန်ချုံးကုန်ကြလေ၏။ ထိုအခါ ဝက်အပေါင်းတို့က...

"ဤလိုဏ်ဂူအတွင်း၌ရှိသော ပတ္တမြား၏ ကြည်လင်ခြင်းကြောင့်သာ ခြင်္သေ့၏အရိပ် ထင်ဟပ်လာခြင်း ဖြစ်၏။သို့ဖြစ်၍ ပတ္တမြားကို ညစ်နွမ်းခြင်းဖြစ်အောင် ပြုရမည်"

http://www.dhammadownload.com



ဟု ကြံစည်ကြကာ မနီးမဝေးရှိ ရေကန်သို့ သွား၏။ ရောက်လျှင် တစ်ကိုယ်လုံး ရွှံ့ညွှန်တို့ လူးကြကုန်၏။ ထို့နောက် ဂူအတွင်းသို့ ပြန်ဝင်ကာ ၎င်းတို့၏ ညစ်ပေနေသော ကိုယ်ဖြင့် ပတ္တမြားအား ညစ်နွမ်းစေရန်အတွက် ပွတ်တိုက်ကြကုန်၏။ ပတ္တမြားလည်း ဤသို့ ဝက်တို့ ပွတ်တိုက်သည်ရှိသော် ညစ်နွမ်းခြင်း မရှိဘဲ အတိုင်းထက်အလွန် ကြည်လင် တောက်ပြောင်လာလေ၏။ ဝက်တို့လည်း ထိုအဖြစ်ကို နားမလည်နိုင်သဖြင့် ရသေ့ထံ သွားရောက်ဆည်းကပ်ကာ မေးမြန်းလျှောက်ထားကြလေ၏။

"အို... ရှင်ရသေ့၊ အကျွန်ုပ်တို့ ဝက်သုံးဆယ်သည် ပတ္တမြားဂူ၌ နေထိုင်လာခဲ့ကြသည်မှာ ခုနစ်နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ထိုဂူတွင်း၌ရှိသော ပတ္တမြားမှာ ကြည်လင်ပါ၏။ ကြည်လင်ခြင်းကြောင့်လည်း ခြင်္သေ့အရိပ်သည် လာရောက်ထင်ဟပ်ပါ၏။ ထိုသို့ ထင်ဟပ်ရခြင်းမှာ ပတ္တမြား၏ ကြည်လင်ခြင်းကြောင့်ဟူ၍ မှတ်ထင်မိသည့်အတွက် ပတ္တမြားသာ အရောင်မှိန်လျှင် ထိုသို့ မထင်ဟပ်နိုင်ဟု ယူဆမိကြပါ၏။

ထိုအခါ အကျွန်ုပ်တို့ ဝက်သုံးဆယ်သည် ရေကန်သို့ သွားကာ တစ်ကိုယ်လုံး ရွှံ့ညွှန်တို့ လူးကြပါ၏။ ထို့နောက် ပတ္တမြားရှိရာသွားကာ ညစ်ပေနေသော ကိုယ်လုံးတို့ဖြင့် ပတ္တမြား ညှိုးနွမ်းရန်အတွက် ပွတ်တိုက်ကြပါ၏။ သို့ရာတွင် ပတ္တမြားရောင်ကား ညစ်နွမ်းခြင်းမရှိဘဲ ရှေးကနှင့်မတူ၊ အတိုင်းထက်အလွန်ပင် ပို၍သာ၍ တောက်ပြောင်

http://www.dhammadownload.com



သွားပါ၏။ ထိုသို့ ဖြစ်ရခြင်းမှာ အဘယ့်ကြောင့်ပါနည်း။ အကျွန်ုပ်တို့အား ဖြေကြားပေးတော်မူပါလော့"

ထိုသို့ လျှောက်ထားမေးမြန်းသည်ရှိသော် ရသေ့လည်း...

"အို... ဝက်အပေါင်းတို့၊ ဤပတ္တမြားကား ကျောက်မျက်ရွဲ ဖြစ်၏။ မကြမ်းတမ်း, မပြန့်ပြောသော အရောင်ရှိ၏။ တင့်လည်း တင့်တယ်၏။ ထိုပတ္တမြားရောင်ကို ညစ်နွမ်းအောင် မည်သို့မျှပြု၍ မရစကောင်း။ ဤနေရာကား သင်တို့အတွက် အန္တရာယ်ရှိသောအရပ် ဖြစ်၏။ သို့ဖြစ်၍ ဤနေရာမှာ အမြန်ဆုံး ဖဲခွာပြောင်းရွှေ့ပါလော့"

ဟူ၍ ပြောကြားလေ၏။ ဝက်အပေါင်းလည်း ရသေ့ကြီး၏ စကားကို ကောင်းစွာ နာခံမှတ်သား၍ ပတ္တမြားဂူမှ ပြောင်းရွှေ့ သွားကြကုန်၏။ ရသေ့ကြီးလျှင် ဈာန်တရားတို့ ပွားများလျက် သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေ၏။

ဤသို့လျှင် ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...


"ရဟန်းတို့... ထိုစဉ်အခါက ရသေ့ကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၈၆။ သာလူကဇာတ်



http://www.dhammadownload.com

[၂၈၆]

# သာလူကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် မြတ်ဘုန်းခေါင် ဖြစ်တော်မူသော ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံမှာယ်တော်မူစဉ်က အပျိုကြီးတစ်ယောက်၏ ဖြားယောင်း သွေးဆောင်မှုကြောင့် သာသနာတော်၌ ပျင်းရိငြီးငွေ့နေသော ရဟန်းတစ်ပါး ရှိလေ၏။

ထိုအခါ ခန်းနေရဟန်းအပေါင်းက ထိုရဟန်းအား ဘုရားရှင်ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာခဲ့ပြီး အကျိုးအကြောင်းကို တင်ပြ လျှောက်ထားကြကုန်၏။ ဘုရားရှင်လည်း ထိုရဟန်းအား မှန်မမှန် မေးမြန်းရာ ထိုရဟန်းကလည်း ဟုတ်မှန်ပါကြောင်း လျှောက်ထားသည်ရှိသော်...

http://www.dhammadownload.com



"ချစ်သား… ရဟန်း၊ ဤမိန်းမကား ယခုမှသာလျှင် သင်၏အကျိုးမဲ့ခြင်းကို ပြုလေသည် မဟုတ်။ ရှေးအခါ၌လည်း သင်သည် ထိုမိန်းမ၏ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ၌ သင်၏ ခန္ဓာကိုယ်အား လက်သုပ်ဟင်းလျာအဖြစ် ပေးဆပ်ခဲ့ရဖူးလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် လယ်ကြီးရှင်တစ်ဦး၏ အိမ်၌ လယ်ထွန်ခြင်းအမှုကို ပြုရသော 'မဟာလောဟိတ' နှင့် 'စူဠလောဟိတ' အမည်ရှိ နွားညီနောင် ရှိလေ၏။

အဆိုပါ လယ်ကြီးရှင်၌ အရွယ်ရောက်ပြီဖြစ်သော သမီးကညာတစ်ယောက် ရှိလေ၏။ ထိုသမီးကညာအား အမျိုးသားတစ်ဦးက လာရောက် တောင်းရမ်းလေ၏။ ဤတွင် ထိုအမျိုးသမီးထိမ်းမြား လက်ထပ်ပွဲ ဆင်နွှဲသည့်အခါရောက်လျှင် ကြွရောက်လာကြသော ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးရန်အတွက် သာလူက အမည်ရှိ ဝက်တစ်ကောင်ကို မွေးမြူထားလေ၏။ သာလူက စားသောက်ရန်အတွက် ယာဂုထမင်းကို ကျွေး၏။ သက်သာစွာ အိပ်စက်ရန်အတွက် ညောင်စောင်းအောက်၌ နေရာပေးထား၏။

http://www.dhammadownload.com



တစ်နေ့သ၌ ရူဋ္ဌလောဟိတ နွားညီငယ်သည် သာလူက ဝက်၏ စည်းစိမ်ချမ်းသာ ခံစားရပုံကို မြင်လျှင် နောင်တော် မဟာလောဟိတအား...

"နောင်တော် အကျွန်ုပ်တို့ကား နွားမျိုး၌ ဖြစ်၍ လယ်ယာထွန်ယက်ခြင်း အမှုကိစ္စ မှန်သမျှတို့ကို လုပ်ဆောင်ကြရ၏။ လယ်ကြီးရှင်တို့မှာလည်း အကျွန်ုပ်တို့ မှီ၍ အသက်မွေးကြကုန်၏။ သို့ပါသော်လည်း လယ်ကြီးရှင် အမျိုးတို့သည် အကျွန်ုပ်တို့ ညီနောင်အား ကောက်ရိုး၊ မြက်တို့ကိုသာလျှင် ကျွေးကြကုန်၏။

နောင်တော် အကျွန်ုပ်တို့ကဲ့သို့ ပင်ပင်ပန်းပန်း မလုပ်ဆောင်ရသည့် သာလူက ဝက်ကိုမူကား ကောင်းမွန်သော ယာဂုထမင်းကို ကျွေးကုန်၏။ အိပ်စက်သည့်အခါ၌လည်း ညောင်စောင်းအောက်၌ ချမ်းသာစွာ အိပ်စေ၏။ ဤလယ်ကြီးရှင်တို့၏ အမျိုးအနွယ်သည် မည်သို့သော စိတ်ဓာတ်ရှင် တွေပေနည်း"

ဟူ၍ မကျေမနပ်ဖြင့် ရင်ဖွင့်စကား ဆိုလေ၏။ ထိုအခါ နောင်တော် မဟာလောဟိတလည်း ညီ ရူဋ္ဌလောဟိတအား နှစ်သိမ့်မှုပေးလျက်...

"ညီငယ် ရူဋ္ဌလောဟိတ၊ ညီငယ်သည် သာလူက ဝက်ကို အားမကျပါနဲ့။ ၎င်း စားသောက်ရသော စားကောင်း သောက်မွန်တွေကိုလည်း မနှစ်သက်ပါနဲ့။ စင်စစ် သာလူက ဝက်သည် သေစေအံ့သော အစာတို့ကို စားနေရခြင်း ဖြစ်၏။

http://www.dhammadownload.com



ညီငယ် သင်သည် စိုးရိမ်ကြောင့်ကြခြင်းတို့ ကင်းရာ မြက်, ကောက်ရိုးတို့ကိုသာ စားပါ။ ဤအစာတို့အား အသက် ရှည်ရာ အစာတို့ပေတည်း။ မကြာခင်ကာလမှာပင် ဤ အိမ်ဂေဟာ၌ ထိမ်းမြားလက်ထပ် မင်္ဂလာပွဲကြီး ကျင်းပလိမ့် မည်။ ထိုအခါ၌ သာလူက၏ အဖြစ်ကို ညီငယ် မြင်ရပါ လိမ့်မည်"

ဟူ၍ ပြောဆို ဆုံးမလေ၏။

မကြာခင် ကာလမှာပင် မင်္ဂလာပွဲကြီး ကျင်းပတော့မည် ဖြစ်၍ ကြွရောက်လာကြကုန်သော ဧည့်ပရိသတ်တို့ကို ကျွေးမွေး ရန်အတွက် ဝက်သတ်သမားတို့သည် ညောင်စောင်းအတွင်း ဇိမ် ကျနေသော သာလူကကို ဆွဲထုတ်၏။ ထို့နောက် နှောင်ကြိုး တို့ကို ရစ်ပတ်၏။ ထို့နောက် နေအိမ်အနောက်ဘက် နွားတင်းကုပ် အနီးသို့ ရောက်သည့်အခါ ဝက်ထိုးရိုက်တံဖြင့် သာလူက၏ လက်ပြင်သို့ ဖိသွင်းလေရာ သာလူကလည်း မချိမဆံ့ အော်ဟစ် လျက် ဝေဒနာခံစားရပြီး အသက်ကုန်လေ၏။ ဤတွင် သာလူက ကို ဖျက်လျက် ဟင်းချက်သမားတို့က ဟင်းလျာအဖြစ် လည်း ကောင်း၊ လက်သုပ်အဖြစ် လည်းကောင်း စီမံကာ မင်္ဂလာဧည့်ခံ ပွဲ၌ ကျွေးမွေးကြလေ၏။ နွားညီနောင်တို့လည်း ကောက်ရိုး, မြက်တို့ကို စိတ်အေးသက်သာ စားသောက်ရင်း သာလူကအဖြစ် ကို တရားသံဝေဂ ရမိကြလေ၏။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးကာလ၌ ရဟန်း တို့အား...

http://www.dhammadownload.com



"ရဟန်းတို့ သာလူက ဝက်၏ သေရခြင်းအဖြစ်ကို မြင်တွေ့ကြရသည့် နွားညီနောင်တို့မှာ မြက်နှင့် ကောက်ရိုးတို့သည်သာ မွန်မြတ်သော အစာဟူ၍ ကြံစည်ကြကုန်၏"

ဟူသော ဒေသနာတော်ကို ဟောကြား ဆုံးမတော်မူ၏။ ဒေသနာတော် ဆုံးလေသော သာသနာတော်၌ ငြီးငွေ့သော ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုဝတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့ ထိုစဉ်အခါက လက်ဆပ် ထိမ်းမြားသော မိန်းမသည် ယခုအခါ သာသနာတော်မှ ဖြားယောင်းသွေးဆောင်သော အပျိုကြီး ဖြစ်လာ၏။ ထိုစဉ်အခါက သာလူကဝက်သည် ယခုအခါ သာသနာတော်၌ ငြီးငွေ့သော ရဟန်း ဖြစ်လာ၏။ ထိုစဉ်အခါက စူဠလောဟိတသည် ယခုအခါ အာနန္ဒာဖြစ်လာပြီး၊ မဟာလောဟိတကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၂၈၇။ လာဘဂရဟဇာတ်



http://www.dhammadownload.com

[၂၈၇]

# လာဘဂရဟဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့ ကိုးကွယ်အားထားရာဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုစဉ်ကာလ၌ ရှင်သာရိပုတ္တရာ၏ အတူနေ တပည့်တစ်ဦးသည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပြီး ၎င်းသိလိုသည်ကို မေးလျှောက်လေ၏။

"အရှင်ဘုရား တပည့်တော်အား လာဘ်ရကြောင်းဖြစ်သော အကျင့်ကို ဟောတော်မူပါ။ အဘယ်သို့သော အကျင့်ကို ကျင့်သောသူသည် သက်န်း စသော လာဘ်လာဘကို ရပါသနည်း"

http://www.dhammadownload.com



ထိုအခါ ရှင်သာရိပုတ္တရာလည်း…

“ငါ့ရှင်… ရက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိဩတ္တပ္ပကို ဖျက်ပြီး ရဟန်းအဖြစ်ကို စွန့်လွှတ်၍…

(၁) မရှူးသော်လည်း အရှူးကဲ့သို့ဖြစ်ခြင်း

(၂) ကုန်းတိုက်ခြင်း

(၃) ကခြေသည်နှင့် တူခြင်း

(၄) စကားကို ဖရိုဖရဲပြောဆိုခြင်း

စသည့် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ရဟန်းအား လာဘ်သက္ကာရကို ရ၏။ ဤအကျင့်ကား လာဘ်ရခြင်း၏ အကြောင်းဖြစ်သော အကျင့်ပေတည်း”

ဟူ၍ ဟောတော်မူ၏။ ထိုအခါ တပည့်ရဟန်းလည်း လာဘ်ရကြောင်း အကျင့်ကို ကဲ့ရဲ့ပြီး နေရာမှ ထသွားလေတော့၏။ ရှင်သာရိပုတ္တရာလည်း ဘုရားရှင်ထံမှောက် သွားရောက်၍ ထိုအကြောင်းကို လျှောက်ထားသည်ရှိသော် မြတ်စွာဘုရားရှင်က…

“ချစ်သား သာရိပုတ္တရာ၊ ထိုရဟန်းသည် ယခုအခါ၌သာ လာဘ်ရကြောင်းဖြစ်သော အကျင့်ကို ကဲ့ရဲ့သည် မဟုတ်။ ရှေးအခါ၌လည်း ကဲ့ရဲ့ဖူးပေပြီ”

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည့်ကာလတွင် ဗေဒင်သုံးပုံနှင့်တကွ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့အား

http://www.dhammadownload.com



တစ်ဖက်ကမ်းခတ် တတ်မြောက်လိမ္မာသည့် ဒိသာပါမောက္ခ ဆရာကြီးသည် တပည့်ငါးရာတို့အား အတတ်ပညာတို့ကို သင်ကြားပေးလျက် ရှိလေ၏။

ထိုတပည့် လုလင်ငါးရာရှိသည့်အနက်မှ လုလင်တစ်ယောက်ကား အကျင့်သီလနှင့် ပြည့်စုံ၏။ တစ်နေ့သ၌ ထိုလုလင်သည် ဒိသာပါမောက္ခ ဆရာကြီးထံ ချဉ်းကပ်လျက်...

"ဆရာကြီး သတ္တဝါတို့သည် လာဘ်လာဘကို အလိုရှိကြပါ၏။ ဤတွင် လာဘ်လာဘ ရရာရကြောင်းအတွက် မည်ကဲ့သို့ ပြုကျင့်ရပါမည်နည်း။ ရှင်းလင်း ဖြေကြားပေးပါလော့"

ဟူ၍ တောင်းပန် မေးမြန်းလေ၏။ ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးက...

"အမောင်လုလင်...

(၁) အရူးကဲ့သို့ ဖြစ်ခြင်း

(၂) ချောပစ် ကုန်းတိုက်ခြင်း

(၃) ကချေသည်ကဲ့သို့ ဖြစ်ခြင်း

(၄) ဖရိုဖရဲနိုင်လှသော စကားကို ပြောဆိုခြင်း

အစရှိသော အကြောင်းလေးပါးနှင့် ပြည့်စုံသောသူသည် မိုက်မဲသော၊ တွေဝေသော၊ ဆင်ခြင်ဉာဏ်ကင်းမဲ့သော သူတို့ထံမှ လာဘ်လာဘကို ရ၏။ ဤသည်ပင် လာဘ်လာဘရကြောင်း ပြုကျင့်ရမည့် အကျင့်တို့ ဖြစ်ပေ၏"

http://www.dhammadownload.com



ဟု ပြောဆိုလေ၏။ ထိုအခါ တပည့်လုလင်လည်း ဦးခေါင်းကို ခါရမ်းလျက် ဒိသာပါမောက္ခဆရာကြီးအား...

"ဆရာကြီး မိမိ၏ ကိုယ်ကျင့်တရားကို ဖျက်ဆီး၍ မတရားသော အမွေအမှုကို ကျင့်ခြင်းဖြင့် ရလာသော စည်းစိမ်ဥစ္စာ လာဘ်သက္ကာတို့အား လွန်စွာမှ စက်ဆုပ်လှပါ၏။ မတရားသော အခမ့်ဖြင့် စည်းစိမ်ဥစ္စာကို ရှာဖွေခြင်း၊ ရှာမှီးခြင်းထက် ရသေ့ရဟန်းပြုပြီးလျှင် ဆွမ်းခံ အသက်မွေးရခြင်းသည်သာ မွန်မြတ်လှပေ၏"

ဟူ၍ လာဘ်လာဘဖြစ်ပြီး အကြောင်းကို ကဲ့ရဲ့ပြစ်တင်ရှုတ်ချပြီး ရသေ့ရဟန်းတို့၏ ဂုဏ်ကျေးဇူးတို့အား ထုတ်ဖော်ချီးကျူးလေ၏။ ထို့နောက် လူ့ဘောင်ကို စွန့်လွှတ်လျက် ရသေ့ရဟန်းပြုကာ တောထွက်၏။ တရားသဖြင့် ခံယူရရှိသော ဆွမ်းကို မှီဝဲသုံးဆောင်လျက် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေပြီး သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့၊ ထိုစဉ်အခါက လာဘ်ရကြောင်းအကျင့်ကို ကဲ့ရဲ့ပြစ်တင် ရှုံ့ချသော လုလင်သည် ယခုအခါ လာဘ်ရကြောင်းအကျင့်ကို ကဲ့ရဲ့ပြစ်တင်ရှုတ်ချသော ရဟန်းဖြစ်လာပြီး ဒိသာပါမောက္ခဆရာကြီးသည်ကား ငါဘုရားရှင်ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

□

http://www.dhammadownload.com

# ၂၈၈။ မစ္ဆဒါနဇာတ်



http://www.dhammadownload.com

[၂၈၈]

# မစ္ဆဒါနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

တစ်နေ့သော် တရားသဘင်သို့ ရောက်ရှိခိုက် 'စဉ်းလဲသော ကုန်သည်' ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ကုန်သွယ်ခြင်းအလုပ်ဖြင့် ချမ်းသာကြွယ်ဝကာ အိမ်ရာထူထောင်ရင်း ပစ္စည်းဥစ္စာတို့ တိုးပွားစေသော သူကြွယ်တစ်ဦး ရှိလေ၏။

http://www.dhammadownload.com



ထိုသူကြွယ်၌ ညီတစ်ယောက်ရှိပြီး ထိုညီသည် အနည်းငယ် ခိုးဝှက်တတ်သောအကျင့် ရှိလေ၏။

တစ်နေ့သ၌ သူကြွယ်ညီနောင်တို့သည် အရပ်တစ်ပါးသို့ ကုန်သွယ် ထွက်ခဲ့ကြလေ၏။ အသပြာတစ်ထောင် ရခဲ့၍ ပြန်လာကြလေသော် မြစ်ဆိပ်တစ်ခုသို့ အရောက်၌ လှေကို ဆိုက်ကပ်၍ ထမင်းစားကြလေ၏။ အစ်ကိုသူကြွယ်သည် ထမင်းစားသောက်ပြီးသည်ရှိသော် စားကြွင်းစားကျန်တို့အား ဂင်္ဂါမြစ်တွင်းရှိ ငါးတို့အား ပေးလှူ၍ ထိုအလှူ၏ အဖို့ဘာဂကို မြစ်စောင့်နတ်အား အမျှဝေလေ၏။ မြစ်စောင့်နတ်လည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ အလှူ၏ အဖို့ဘာဂကို ရရှိသဖြင့် စည်းစိမ်အခြံအရံတို့ ပွားများလာလေ၏။

ထိုအခါ မြစ်စောင့်နတ်လည်း ၎င်း၌ စည်းစိမ်အခြံအရံ ပွားများရခြင်း၏ အကြောင်းရင်းကို ဆင်ခြင်လေသောအခါ သာဓုခေါ်သဖြင့် အလှူ၏ အဖို့ဘာဂကို ရရှိကြောင်း သိလေ၏။ ထိုအချိန်တွင် အစ်ကိုသူကြွယ်သည် သဲသောင်ပြင်ပေါ်၌ အပေါ်ရုံပုဆိုးကို ခင်းလျက် လဲလျောင်းနေရာမှ မကြာခင် အိပ်ပျော်သွားလေ၏။ ဤအချိန်တွင် ညီသူကြွယ်လည်း အသပြာတစ်ထောင်အား အစ်ကိုသူကြွယ်ကို မပေးဘဲ မိမိချည်းသာ ယူလိုသည့်အတွက် အသပြာတစ်ထောင်ထုပ် အစစ်နှင့်မခြား တူညီသော ကျောက်စရစ်ခဲတစ်ထုပ်ကို ပြုလုပ်၏။ ထို့နောက် အထုပ်နှစ်ထုပ်တို့ကို တစ်ပေါင်းတည်း ပြုလျက် လှေစီး၍ သွားကြရာ ဂင်္ဂါမြစ်အလယ်သို့ ရောက်လျှင် ညီသူကြွယ်သည် လှေကို လှုပ်စေ

http://www.dhammadownload.com



၏။ ထို့နောက် ကျောက်စရစ်ထုပ်ကို ရေ၌ ချမည်အကြံဖြင့် ရေ၌ ချသောအခါ အသပြာထောင်ထုပ်အား မှားယွင်းစွာ ချမိလေ၏။ ထိုအခါ...

"အစ်ကို အသပြာထောင်ထုပ်သည် ရေ၌ ကျမိပေပြီ။ မည်ကဲ့သို့ ပြုရပါမည်နည်း"

ဟု မေးလေ၏။ အစ်ကိုသူကြွယ်လည်း တည်ငြိမ်အေးချမ်းစွာဖြင့်ပင်...

"ညီငယ် ရေ၌ ကျမိပြီဆိုက မည်သို့ တတ်နိုင်ပါမည်နည်း။ စိတ်သောက မရောက်ပါနှင့်"

ဟူ၍ပင် နှစ်သိမ့်မှု ပေးလေ၏။ ဤ၌ဝယ် မြစ်စောင့်နတ်လည်း...

"ဤအစ်ကိုသူကြွယ်ကား ငါ့အား အလှူအဖို့ကို အမျှဝေစေကာ စည်းစိမ်အခြံအရံကို ပေးပေသော ကျေးဇူးရှင်ဖြစ်၏။ ထိုသူ၏ ဥစ္စာကို မဆုံးပါးရလေအောင် ငါ စောင့်ရှောက်မည်"

ဟု ကြံစည်ကာ အသပြာထုပ်အား ငါးကြီးတစ်ကောင်ကို မျိုစေလျက် ၎င်းကိုယ်တိုင် စောင့်ရှောက်လေ၏။ သို့ဖြင့် သူကြွယ်ညီနောင်လည်း မိမိတို့ အိမ်ဂေဟာသို့ အသီးသီး ပြန်ရောက်ကြလေ၏။ ညီသူကြွယ်လည်း အိမ်သို့ ပြန်ရောက်လေသော်...

"ငါသည် အစ်ကိုဖြစ်သူအား လှည့်စားနိုင်ခဲ့ပေပြီ။ သို့ဖြစ်၍ အသပြာတစ်ထောင်လုံးကို ငါသာလျှင် ပိုင်ဆိုင်ရတော့မည်"

http://www.dhammadownload.com



ဟူ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် အထုပ်ကို ဖြေလေ၏။ ဤတွင် အသပြာများမဟုတ်ဘဲ ကျောက်စရစ်ခဲများ ဖြစ်နေ၍ စိတ်နှလုံး ပူဆွေးတုန်လှုပ်ကာ ညောင်စောင်းပေါ်သို့ လဲလေတော့၏။

ထိုအချိန်တွင် တံငါတို့သည် မြစ်အတွင်း၌ ငါးတို့အား ကွန်ပစ်ဖမ်းနေလေ၏။ တံငါသည်တစ်ဦး၏ ပိုက်ကွန်တွင်းသို့ အသပြာထောင်ထုပ် မျိုထားသော ငါးကြီးသည် မြစ်စောင့်နတ်၏ အာနုဘော်ကြောင့် ဝင်လေ၏။ တံငါသည်လည်း ရောမ ငါးကြီးကို ဖမ်းမိသဖြင့် မြို့တွင်းသို့ ဝင်ရောက်လှည့်လည်ကာ ရောင်းချလေ၏။ မြို့သူမြို့သားတို့လည်း ငါးကြီးကို မြင်လေသော် လိုချင်သဖြင့် အဖိုးအခကို မေးကြလေ၏။ ထိုအခါ တံငါသည်က...

"အသင်တို့ ဤငါးကြီးကို အလိုရှိပါက အသပြာ တစ်ထောင်နှင့် ခုနစ်ပဲ ပေးကြလော့"

ဟု ဆိုလေ၏။ ထိုအခါ မြို့သူမြို့သားတို့လည်း...

"အို... တံငါ၊ သင်သည် ရူးနေသလော။ အသပြာ တစ်ထောင်ထိုက်သော ငါးဆိုသည်ကို ငါတို့ မကြားစဖူး"

ဟူ၍ ပြောဆို ကဲ့ရဲ့ကြလေ၏။ ထိုအခါ တံငါသည်လည်း မည်သို့မျှ ခွန်းတုံ့မပြန်တော့ဘဲ အစ်ကိုသူကြွယ်အိမ်သို့ သွားရောက် ရောင်းချလေ၏။

"အို... တံငါသည်၊ သင့်ငါးကို အလိုရှိပါ၏။ အဖိုးအခ မည်မျှ ပေးရပါမည်နည်း"

http://www.dhammadownload.com



"သူကြွယ် အခြားသူတို့ ယူမည်ဆိုပါက အသပြာ တစ်ထောင်နှင့် ခုနစ်ပဲ ဖြစ်ပါ၏။ အရှင်ယူမည်ဆိုပါက ခုနစ်ပဲသာ ပေးပါလော့"

ထိုအခါ သူကြွယ်လည်း ဝမ်းသာအားရဖြင့် တံငါသည်ထံမှ ငါးကြီးအား ခုနစ်ပဲဖြင့် ဝယ်လိုက်လေ၏။ မယားလည်း ငါးကြီး၏ ဝမ်းဗိုက်ကို ခွဲလေသော အသပြာထောင်ထုပ်ကို တွေ့ရလေရာ ခင်ပွန်းသည်ကို အကျိုးအကြောင်း ပြောပြ၏။ သူကြွယ်လည်း အသပြာထောင်ထုပ်အား စစ်ဆေးကြည့်ရှုလေသော် တံဆိပ်ကို မြင်သည်နှင့် မိမိ၏ ဥစ္စာမှန်းသိလေ၏။ ထိုအခါ

"တံငါသည်သည် အခြားသူတို့ ငါးဝယ်လို၍ တန်ဖိုးကို မေးသောအခါ အသပြာတစ်ထောင်နှင့် ခုနစ်ပဲဟု ဆို၏။ မည်သူမျှ မယုံကြည်ကြ။ ငါ့ကို လာရောင်းသောအခါတွင်ကား အဖိုးခုနစ်ပဲသာ တောင်းခံ၏။ ငါလည်း ဝယ်ယူမိချေ၏။ ထိုအခါ ငါ ဆုံးရှုံးခဲ့သော အသပြာထောင်ထုပ်ကို ပြန်၍ ရ၏။ ငါကား မည်သူ့ကိုမှီ၍ ဤအသပြာတို့ကို ပြန်လည် ရရှိလေသနည်း"

ဟူ၍ ကြံစည် တွေးတောနေမိလေ၏။ ဤတွင် ဂင်္ဂါမြစ်စောင့်နတ်သည် ကောင်းကင်၌ ကိုယ်ထင်ပြလျက် ရပ်နေရင်း...

"အို... သူကြွယ်၊ ငါကား ဂင်္ဂါစောင့်နတ် ဖြစ်၏။ သင်သည် ငါးတို့အား ထမင်းကျွေး၍ ငါ့အား အလှူ၏ အဖို့ဘာဂကို အမျှပေးဝေ၏။ ငါသည် ထိုအလှူ၏ အဖို့ဘာဂကို အမျှဝေခြင်းဟူသော ပူဇော်ခြင်းအပေါ် အောက်မေ့သဖြင့် သင်၏ဥစ္စာကို စောင့်ရှောက်ရခြင်း ဖြစ်၏"

http://www.dhammadownload.com



ဟု ဆိုလျက် ညီသူကြွယ်၏ စဉ်းလဲကောက်ကျစ်မှုတို့ကို လည်း ထုတ်ဖော်ပြောဆို၏။

"အို... သူကြွယ်၊ သင်၏ညီကား ဥစ္စာတို့ ဆုံးရှုံးရသည့်အတွက် နှလုံးစိတ်ဝမ်း ညှိုးနွမ်းကာ အိပ်ရာထက်လဲနေ၏။ သင့်ညီသည် အစ်ကို၏အဖို့ဖြစ်သော ဥစ္စာကို လုညှ့်စားဘိ၏။ ဤသို့ ပြစ်မှားသောသူအား အစီးအပွားမရှိ။ နတ်များလည်း မပူဇော်။ ငါသည် သင့်ဥစ္စာကို ဆောင်ယူ၍ သင့်အား ပေး၏။ သင်၏ညီအား ဝေစုခွဲမပေးဘဲ သင်ချည်းသာ ယူပါလော့"

ဟု ပြောဆိုပြီး ပြန်သွားလေ၏။ ထိုအခါ အစ်ကိုသူကြွယ် လည်း...

"နတ်တို့ကား အဆွေခင်ပွန်းကို ပြစ်မှားသောသူအား အသပြာပေးဝေခြင်းငှာ အလိုမရှိကြောင်း ပြောဆိုသွားခဲ့၏။ သို့ရာတွင် ငါ၏ညီအား ဝေစုကို ခွဲမပေးခြင်းငှာ မသင့်"

ဟူ၍ ကြံစည် ဆုံးဖြတ်ပြီး အသပြာ ငါးရာအား ညီဖြစ်သူ ထံ ပို့စေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့၊ ထိုအခါက ညီသူကြွယ်သည် ယခုအခါ စဉ်းလဲသော ကုန်သည် ဖြစ်လာ၏။ ထိုအခါက အစ်ကို သူကြွယ်မှာမူ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၈၉။ နာနာဆန္ဒဇာတ်



http://www.dhammadownload.com

[၂၈၉]

# နာနာဆန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဘုရားရှင်၏ အလုပ်အကျွေး ဖြစ်တော်မူသော အာနန္ဒာ၏ ဆု (၈) ပါးကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် သားတော်တစ်ပါး ထွန်းကားလေရာ ဗြဟ္မဒတ်မင်းသားဟူ၍ပင် အမည်တွင်လေ၏။ အရွယ်သို့ ရောက်လေသော် တက္ကသိုလ်ပြည်သို့ ပညာများ သွားရောက် သင်ယူတတ်မြောက်ခဲ့ပြီး တိုင်းပြည်သို့ ပြန်လာခဲ့၏။ ဤတွင် ဖခမည်းတော်မှာ သေလွန်ခဲ့ပြီး ဖြစ်သဖြင့်

http://www.dhammadownload.com



ဖခင်၏နေရာကို ဆက်ခံလေ၏။ ထိုကာလဝယ် ဖခမည်းတော် လက်ထက်က ရာထူးမှ ချထားသော ပုရောဟိတ်ပုဏ္ဏား ရှိခဲ့၏။ ထိုပုဏ္ဏားသည် ဆင်းရဲသဖြင့် အိမ်တစ်လုံး၌ ချို့ငဲ့စွာ နေရလေ၏။

တစ်နေ့သ၌ ဗြဟ္မဒတ်မင်းကြီးလည်း မထင်ရှားသော အသွင် ရုပ်ဖျက်ကာ မြို့တွင်းသို့ လှည့်လည် စုံစမ်းလေ၏။ ထိုအခါ ခိုးမှုကို ကျူးလွန်ပြီးသော သူခိုးတို့သည် သေတင်းကုပ်တစ်ခု၌ သေရည်သေရက်တို့ကို သောက်ကြ၏။ ထို့နောက် သေရည်အိုးကို ထမ်းကာ သွားကြသည်ရှိသော် လမ်းခရီးတစ်နေရာ၌ မထင်ရှားသော အသွင်ဖြင့် ဗြဟ္မဒတ်မင်းကြီးကို မြင်လေ၏။ ဤတွင် သူခိုးတို့လည်း...

"အချင်း... သင်ကား မည်သူဖြစ်သနည်း"

ဟု မေးမြန်းကာ ရိုက်နှက် ပုတ်ခတ်ကာ သေရည်အိုးကို ထမ်းစေလျက် ခေါ်ငင်သွားကြကုန်၏။ ထိုအချိန်တွင် ရာထူးချ ခံထားရသော ပုရောဟိတ်ဟောင်း ပုဏ္ဏားလည်း ထိုခဏ၌ လမ်း အလယ်တွင်ရပ်ကာ နက္ခတ်တို့ကို ကြည့်လေ၏။ ပြီးလေသော် ပုဏ္ဏေးမကို ခေါ်၍...

"ရှင်မ ငါတို့ မင်းကြီးကား ရန်သူတို့ လက်တွင်း၌ ကျရောက်နေပေပြီ"

ဟု ဆိုလေ၏။ ထိုအခါ ပုဏ္ဏေးမက...

"အရှင် သည်ကိစ္စသည် သင်နှင့် ဘာမျှမဆိုင်တော့။ သည်ကိစ္စနှင့် ပတ်သက်နေသူတို့မှာ မင်းကြီးထံမှ စည်းစိမ် ဥစ္စာတို့ကို ခံစားနေကြသည့် ပုဏ္ဏားတို့ပင် ဖြစ်ပေ၏"

http://www.dhammadownload.com



ဟု ဆိုလေ၏။ မင်းကြီးလည်း ပုဏ္ဏားကြီး၏စကားကို ကြားလိုက်ရပြီးနောက် သေသောက်ကြူးတို့အား...

"အရှင်တို့ အကျွန်ုပ်ကား ဆင်းရဲသား လူမွဲဖြစ်ပါ၏။ အသင်တို့အတွက် အသုံးကျမည့်သူလည်း မဟုတ်ပါ။ သို့ဖြစ်၍ အကျွန်ုပ် ပိုင်ဆိုင်သော အပေါ်ရုံ ပုဆိုးကိုယူ၍ အကျွန်ုပ်အား လွှတ်ပါလော့"

ဟု အဖန်ဖန်အခါခါ တောင်းပန်၏။ ထိုအခါ သေသောက်ကြူးတို့လည်း သနားစိတ်ဝင်လာသည့်အတွက် လွှတ်လိုက်လေ၏။ ဤတွင် မင်းကြီးလည်း ပုဏ္ဏားကြီးတို့ထံ ပြန်လာပြီး မလှမ်းမကမ်းနေရာ၌ ကွယ်လျှိုးကာ အကဲခတ်နေ၏။ ထိုစဉ်မှာပင် ပုဏ္ဏားကြီး၏ အသံကို ကြားရလေ၏။

"ရှင်မ ငါသည် ယခုအခါ နက္ခတ်ကို တစ်ဖန် ကြည့်ရှုရာ ငါတို့၏ မင်းကြီးသည် ရန်သူ့လက်မှ လွှတ်ပေပြီ။ ဝမ်းသာအားရ ရှိလိုက်ပါဘိတော့"

မင်းကြီးလည်း ပုဏ္ဏားကြီး နေထိုင်သော အရပ်နှင့် အိမ်တို့ကို သေချာစွာ မှတ်သားပြီး နန်းတော်ရှိရာသို့ ပြန်လာခဲ့လေ၏။ နောက်တစ်နေ့နံနက် မိုးသောက်သည်ရှိသော် မင်းကြီးသည် ပုဏ္ဏားအပေါင်းတို့ကို ခေါ်စေ၏။ ပုဏ္ဏားတို့ စုံလင်စွာ ရောက်လာကြလေသော်...

"ဆရာတို့၊ သင်တို့သည် လွန်ခဲ့သည့် ညဉ့်အခါ၌ နက္ခတ်ကို ကြည့်ကြကုန်၏လော"

ဟု မေးလေ၏။ ပုဏ္ဏားတို့ကလည်း ကြည့်ပါသည်ဟူ၍ပင် ဖြေကြကုန်၏။

http://www.dhammadownload.com



"သို့ဆိုပါက ငါနှင့် စပ်လျဉ်း၍ ဘေးတစ်စုံတစ်ရာ ကျရောက်သည်ကို မြင်ပါသလော"

"မမြင်ပါ မင်းကြီး"

"ကောင်းပေပြီ၊ သို့ဆိုပါက ငါ ယခု လမ်းညွှန်မည့် အရပ်ဒေသ၌ ပုဏ္ဏားတစ်ဦး ရှိပေ၏။ ၎င်းကို ငါ့ထံသို့ ခေါ်ဆောင်လာခဲ့လော့" .

မင်းကြီးလည်း ဖခင်လက်ထက်က ရာထူးချခံထားခဲ့ရသော ပုဏ္ဏားကြီး၏ နေရပ်ကို ညွှန်၍ မင်းချင်းတို့အား သွားရောက်ခေါ်ဆောင်စေ၏။ ရောက်လာသည်ရှိသော် မင်းကြီးလည်း ပုဏ္ဏားအား မေးလေ၏။

"ဆရာပုဏ္ဏား သင်သည် ညဉ့်အခါက နက္ခတ်တို့ကို ကြည့်ပါသလော"

"အရှင်မင်းကြီး ကြည့်ပါ၏"

"ကြည့်သည်ဆိုပါက ဘေးရန်တစ်စုံတစ်ရာ ရှိပါသလော"

"အရှင်မင်းကြီး ရှိပါ၏။ နက္ခတ်အရ မင်းကြီးသည် ရန်သူတို့၏ လက်သို့ ကျရောက်ခဲ့ပါ၏။ သို့ရာတွင် မကြာခင်မှာပင် ရန်သူတို့လက်မှ လွတ်မြောက်ခဲ့ပါ၏"

"မှန်ပါပေသည် ဆရာပုဏ္ဏား၊ နက္ခတ်တတ်သော ပုဏ္ဏားတို့မည်သည်မှာ ဤကဲ့သို့ပင် ဖြစ်ရပေမည်။ ယခု ငါ့ထံ၌ ခစားနေကြသော ပုဏ္ဏားတို့ကား နက္ခတ်ကို မကြည့်၊ ကြည့်လျှင်လည်း ကောင်းစွာမတတ်။ ဖြီးဖြန်းညာဝါးနေသူ

http://www.dhammadownload.com



တို့ ဖြစ်ကြပေရာ ၎င်းတို့အား မြို့တွင်းမှ ငါ နှင်ထုတ်၏”

မင်းကြီးလည်း ပုဏ္ဏားတို့ကို နှင်ထုတ်ပြီး ပုရောဟိတ်ပုဏ္ဏား ဟောင်းကိုမူ လွန်စွာ ကြည်ညိုရလေကား...

“အို ဆရာပုဏ္ဏား၊ လိုရာဆုကို တောင်းခံလော့”

ဟူ၍ ခွင့်ပြုလေ၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားဟောင်း လည်း...

“အရှင်မင်းကြီး၊ သားမယားတို့နှင့် တိုင်ပင်လိုပါသေး ၏။ ခွင့်ပြုတော်မူပါလော့”

“ကောင်းပေပြီ ဆရာပုဏ္ဏား၊ တိုင်ပင်ပြီးပါက ပြန်လာ ခဲ့ပါလော့”

ပုဏ္ဏားလည်း အိမ်သို့ ပြန်ရောက်သည်ရှိသော် မယား၊ သား၊ ချွေးမ၊ ကျွန်မတို့ကို ခေါ်ယူလိုက်ပြီး...

“မင်းကြီးသည် ငါ့အား လိုရာဆုကို တောင်းလော့ ဟူ၍ ခွင့်ပြုလိုက်၏။ သင်တို့အနေဖြင့် မည်သည့်ဆုကို အလိုရှိကြသနည်း”

ဟူ၍ မေးလေ၏။ ထိုအခါ ပုဏ္ဏေးမက နွားမတစ်ရာကို လည်းကောင်း၊ သားဖြစ်သူက အာဇာနည် မြင်းဖြူကသော ရထား ကို လည်းကောင်း၊ ချွေးမဖြစ်သူက ပတ္တမြား, နားတောင်းကို လည်းကောင်း၊ ကျွန်မက ဆုံနှင့် ကျည်ပွေ့ကို အလိုရှိကြကြောင်း အသီးသီး ပြောကြားလေ၏။ ပုဏ္ဏားကြီးကမူ...

“ငါသည်ကား သင်တို့ကဲ့သို့ မဟုတ်။ ရွာမြတ်ကိုသာ အလိုရှိ၏”

http://www.dhammadownload.com



ဟု ဆိုလျက် မင်းကြီးထံ ပြန်သွားပြီးလေသော် အလိုရှိသော ဆုတို့အား မင်းကြီးကို တင်ပြ ပြောဆိုလေ၏။ မင်းကြီးလည်း အိမ်သားအလုံးစုံတို့၏ အလိုဆန္ဒအတိုင်း ပြည့်စုံအောင်ပေးရန် ခွင့်ပြုကာ ပေးစေ၏။ သို့ဖြင့် အိမ်သားအလုံးစုံတို့လည်း မိမိတို့ လိုလားတောင့်တရာတို့ကို အသီးသီး ရရှိကြလေ၏။

ဤသို့လျှင် မင်းကြီးလည်း ပုဏ္ဏားကြီးအား ရွာမြတ်နှင့်တကွ စည်းစိမ်ဥစ္စာများစွာကို ပေး၏။ ထို့ပြင် ပုရောဟိတ်ရာထူးကိုပါ အပ်နှင်း၏။

"ဆရာပုရောဟိတ် ယနေ့မှစ၍ ငါ၏အကျိုးစီးပွားကို စီမံဆောင်ရွက်လော့"

ထိုသို့ ပြောဆိုကာ ပုဏ္ဏားကြီးအား အမြဲခစားစေ၏။ ပုဏ္ဏားကြီးသည်လည်း စည်းစိမ်ဥစ္စာတို့နှင့်တကွ ရာထူးကို ပြန်လည်ရရှိပြီး မင်းကြီး၏ အမှုကိစ္စတို့ကို စီမံခန့်ခွဲကာ မပြတ်ခစားလေတော့၏။

ဤသို့ ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့၊ ထိုအခါက ပုရောဟိတ်ပုဏ္ဏားသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ဗြဟ္မဒတ်မင်းမှာမူကား ငါဘုရားရှင်ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၉၀။ သီလဝီမံသနဇာတ်



http://www.dhammadownload.com

# [၂၉၀]

# သီလဝီမံသနဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း ခညောင်းဝပ်တွားလျက် ပူဇော်အထူးကို ခံယူတော်မူပေထသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလကို စုံစမ်းလိုသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော်ထိုမင်း၌ ပုရောဟိတ် ပုဏ္ဏားတစ်ဦး ရှိလေ၏။ ပုရောဟိတ်ပုဏ္ဏားသည် လောက၌ မည်သည့်အရာသည် အမြတ်ဆုံး ဆိုသည်ကို သိသာထင်ရှားစေလို၍ သီလကို စုံစမ်းမည်ဟု ကြံစည်ကာ ရွှေပန်းထိမ်သည်ထံသို့ သွားလေ၏။ အပြန်၌ ရွှေပန်းထိမ်သည်

http://www.dhammadownload.com



၏ ပျဉ်ချပ်ပေါ်ရှိ အသပြာတို့အနက်မှ တစ်သပြာကို အသာယူခဲ့လေ၏။ ဒုတိယနေ့ ရောက်လေသော် ပထမနေ့ရက်ကကဲ့သို့ပင် နောက်ထပ် တစ်သပြာကို ယူခဲ့ပြန်လေ၏။ သုံးရက်မြောက်နေ့၌ ထပ်မံ၍ တစ်သပြာကို ယူကာ အိတ်ထဲ ထည့်မည်ပြုသော် သက်ာမကင်းဖြစ်၍ စောင့်ကြည့်နေသော ရွှေပန်းထိမ်သည်က ပုရောဟိတ်အား သူခိုးဟူ၍ ဖမ်းချုပ်ကာ မင်းကြီးထံ ပို့လေ၏။

မင်းကြီးထံမှောက် မရောက်မီ လမ်းခရီးတစ်နေရာ၌ မြွေအလမ္ဗာယ်ဆရာတို့သည် မြွေတို့ကို ကိုင်တွယ်ကာ ကစားပြနေကြ၏။ ဤတွင် ပုရောဟိတ်ပုဏ္ဏားက...

"အမောင်တို့ သင်တို့သည် မြွေကို ကိုင်လျှင် သတိထား၍ ကိုင်တွယ်ကြပါလော့"

ဟု သတိပေးမိလေ၏။ ထိုအခါ အလမ္ဗာယ်သမားတို့က...

"အရှင်ပုဏ္ဏားကြီး ကိစ္စမရှိပါ။ အကျွန်ုပ်တို့အတွက် စိုးရိမ်ခြင်း မဖြစ်ပါနှင့်။ အကျွန်ုပ်တို့ ကိုင်တွယ် ကစားနေကြသော မြွေတို့ကား သီလရှိသော မြွေများသာတည်း"

ဟု ပြောဆိုကြလေ၏။ သို့ဖြင့် မင်းကြီးထံ ရောက်သွားလေတော့၏။ ရွှေပန်းထိမ်သည်က မင်းကြီးအား အကြောင်းစုံ တင်ပြ လျှောက်ထားလေသောအခါ မင်းကြီးလည်း...

"အို... အသင်ပုဏ္ဏားကြီး၊ သင်သည် အဘယ်ကြောင့် ဤကဲ့သို့သော အမှုကို ပြုရလေသနည်း"

ဟူ၍ မေးတော်မူလေ၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးလည်း...

http://www.dhammadownload.com



"အရှင်မင်းကြီး အကျွန်ုပ်သည် မိမိ၏ သီလကို စုံစမ်းလိုသဖြင့် ဤကဲ့သို့ စမ်းသပ်ခြင်း ဖြစ်ပါ၏။

အရှင်မင်းကြီး၊ လောက၌ သီလသာလျှင် အမြတ်ဆုံးဖြစ်ပါ၏။ သီလသာလျှင် အလေးအနက် ထားရာ ဖြစ်ပါ၏။ ရှုကြည့်ပါလော့။ အဆိပ်ပြင်းသော မြွေကိုပင်လျှင် သီလရှိသည်ဟု မှတ်ယူပါက လူတို့သည် မညှဉ်းဆဲကြကုန်။ လောက၌ အရိယာသူတော်စင်တို့၏ ကျင့်သောအကျင့်ကို ကျင့်သောသူတို့အား သီလရှိသူဟု ဆိုကြ၏။ ဘေးမရှိဟူ၍ ပညာရှိတို့ ဝန်ခံကြကုန်၏။

သို့ဖြစ်၍ အကျွန်ုပ်သည် သီလကို ကောင်းစွာ ဆောက်တည်ပါတော့အံ့။ သီလရှိသူကို ဆွေမျိုးအသိုင်းအဝိုင်းတို့ကလည်း ချစ်မြတ်နိုးကြ၏။ သီလရှိသူကား အဆွေခင်ပွန်းတို့၏ အလယ်၌လည်း တင့်တယ်၏။ သေလွန်သည်ရှိသော် နတ်ပြည်သို့ လားရောက်ရ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုသို့ သီလ၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူး၍ မင်းကြီးအား တရားဟောတော်မူပြီးလျှင်...

"အရှင်မင်းကြီး အကျွန်ုပ်၏အိမ်၌ ဥစ္စာများစွာ ရှိပါ၏။ ဥစ္စာအဆုံးကား မထင်ပါ။ အကျွန်ုပ်သည် သီလကို စုံစမ်းလို၍ ရွှေပန်းထိမ်သည်၏ ပျဉ်ချပ်မှ အသပြာကို ယူမိပါ၏။ ယခုအခါ အကျွန်ုပ်သည် လောက၌ အမျိုးအနွယ် ဆွေစဉ်မျိုးဆက်တို့၏ ယုတ်ညံ့ခြင်း၊ သီလ၏ မြင့်မြတ်ခြင်းတို့ကို သိရပေပြီ။ အကျွန်ုပ်သည် ရဟန်းပြုပါတော့အံ့။ အကျွန်ုအား ခွင့်ပြုတော်မူပါလော့"

http://www.dhammadownload.com



ဟူ၍ မင်းကြီးထံ ခွင့်တောင်းလေ၏။ မင်းကြီးလည်း အသာတကြည်ပင် ခွင့်ပြုတော်မူလေ၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားလည်း ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောသို့ ဝင်လေ၏။ ထို့နောက် ဈာန်, အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေပြီး သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်...

"ရဟန်းတို့ ထိုစဉ်အခါက သီလကို စုံစမ်းသော ပုရောဟိတ်ပုဏ္ဏားသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၉၁။ သုရာဃဋဇာတ်



http://www.dhammadownload.com

# ကုမ္ဘဝဂ်

## [၂၉၁]

## သုရာဃဋဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စံမှာယ်သီတင်းသုံးနေတော်မူစဉ် အနာထပိဏ် သူဌေးကြီး၏ တူတော်မောင် တစ်ယောက်သည် မိဘတို့၏ဥစ္စာဖြစ်သော ရွှေ, ငွေ, ကုဋေလေးဆယ်တို့ကို သေရည်သေရက်သောက်ခြင်းဖြင့် ဖျက်ဆီးဖြုန်းတီးပစ်လိုက်၏။ လက်ထဲ၌ အသပြာတစ်ပြားမျှ မကျန်တော့သဖြင့် ဦးမင်းတော်သူ အနာထပိဏ်သူဌေးကြီးထံ ရောက်လာခဲ့လေ၏။ ထိုအခါ သူဌေးကြီးက...

http://www.dhammadownload.com



"ငါ့တူ သင့်အား ကုန်သွယ်ရန်အတွက် အရင်းအနှီး ထုတ်ပေးပါအံ့"

ဟု ဆိုလျက် အသပြာတစ်ထောင်ကို ပေးလိုက်လေ၏။ တူဖြစ်သူသည် ထိုအသပြာ တစ်ထောင်ကိုလည်း သောက်စား ပျော်ပါးခြင်းဖြင့် သုံးဖြုန်းလိုက်ရာ ကုန်သွားခဲ့ပေ၏။ ထိုအခါ အနာထပိဏ် သူဌေးကြီးထံသို့ပင် ပြန်ရောက်ရလေတော့သည်။ ထိုအခါ သူဌေးကြီးလည်း တူတော်မောင်အား အသပြာငါးရာကို ပေးလိုက်ပြန်၏။ ထိုအသပြာတို့ကိုလည်း ကုန်စင်အောင် သုံးဖြုန်းခဲ့ပြီး ပြန်ရောက်လာပြန်၏။ ထိုအခါ ပုဆိုးကောင်း နှစ်ထည်ကို ပေးလိုက်ပြန်၏။ ၎င်းတို့ကိုလည်း ပေါင်နှံ ရောင်းချ သောက်စား သုံးဖြုန်းပစ်ပြီး ပြန်ရောက်လာပြန်၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးလည်း မည်သည့် အသပြာ၊ ဥစ္စာ တစ်စုံတစ်ရာကိုမျှ မပေးတော့ဘဲ တူ၏ လည်ပင်းကို ကိုင်ကာ အိမ်မှ နှင်ထုတ်လိုက်လေ၏။ ထိုအခါ သူဌေး၏ တူသည် ကိုးကွယ် ဆောက်တည် အမှီသဟဲပြုရာ ကင်းမဲ့လေသည် ဖြစ်၍ နောက်ဆုံး၌ တစ်ပါးသူ၏ တိုက်နံရံကို မှီကာ သေလွန် ရလေ၏။ ထိုအခါ လူတို့လည်း ထိုအလောင်းအား မြို့ပြင်ပသို့ သွားရောက် စွန့်ပစ်ကြကုန်၏။ ဤတွင် အနာထပိဏ်သူဌေးကြီး လည်း တူဖြစ်သူ၏အကြောင်းအရာ အဖြစ်အပျက်တို့အား ဘုရားရှင် ထံ သွားရောက် လျှောက်ထားသည်ရှိသော် ဘုရားရှင်က...

"သူဌေးကြီး ထိုတူကို ဦးမင်းဖြစ်သော သင်သည် အဘယ်မှာလျှင် ပြည့်စုံစွာ ရောင့်ရဲစေအံ့နည်း။ ထို့အတူ

http://www.dhammadownload.com



ရှေးအခါက ငါသည် အလုံးစုံသော အလိုဆန္ဒ ပြည့်ဝစေသည့် အိုးကို ပေးသော်လည်း ရောင့်ရဲစေခြင်းငှာ မတတ်နိုင်ကုန်”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးကြီးတစ်ဦး ရှိလေ၏။ ၎င်း၌ သားတစ်ယောက်တည်းသာ ရှိလေ၏။ သူဌေးကြီးသည် ကောင်းမှုကုသိုလ်တို့ကို မပြတ်တမ်း ပြုလုပ်သည်ဖြစ်၍ သေလွန်သော် သိကြားမင်း ဖြစ်လေ၏။

ဤတွင် ကျန်ရစ်ခဲ့သော သူဌေးသားသည် မဏ္ဍပ်ဆောက်လုပ်ကာ တပည့်တပန်းအပေါင်း ခြံရံလျက် သေရည်သေရက်တို့ကို သောက်စား၏။ မူးယစ်ပျော်ပါး၏။ ကျွမ်းထိုးခြင်း၊ ရေကူးခြင်း၊ အလှူတန်ဆာဆင်ခြင်း၊ သီဆိုကခုန်ခြင်းတို့၌ ကျွမ်းကျင်သူတို့အား အသပြာတစ်ထောင်စီ ဆုချ၏။ ၎င်းသည် သေသောက်ကြူး၏။ ကာမဂုဏ်အာရုံတို့ကို လိုက်စား၏။ အမဲသား ငါးတို့ကို အစားကြူး၏။ မည်သည့်အရပ်၌ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေသည်ကို စုံစမ်း၍ ပွဲလမ်းသဘင် ရှိနေပါက သွားရောက်ပျော်ပါးကာနေလေ၏။

ဤသို့လျှင် မည်သည့် စီးပွားအလုပ်အကိုင်ကိုမျှ မလုပ်ဘဲ အသောက်အစား အပျော်အပါးတို့ကိုသာ လိုက်စားလေရာ၊ ရှိ

http://www.dhammadownload.com



သမျှ စည်းစိမ်ဥစ္စာတို့သည် တရွေ့ရွေ့ ကုန်ခန်းလာလေတော့၏။ ထိုအခါ ရှိသမျှ ပစ္စည်းဥစ္စာ၊ အိုးအိမ်တို့ကို ရောင်းချပြီး သုံးဖြုန်းပြန်လေ၏။ နောက်ဆုံး နေစရာပင် မရှိတော့သဖြင့် ပုဆိုးနွမ်းကို ဝတ်ဆင်ကာ ဆင်းရဲခြင်း၌ နစ်မွန်းရလေ၏။

ဤတွင် သိကြားမင်းသည် ဆင်ခြင် ကြည့်ရှုလတ်သည် ရှိသော် သားဖြစ်သူ ဆင်းရဲ မွဲတေနေသည်ကို သိသဖြင့် သားအပေါ်၌ ချစ်ခြင်း မပြယ်လေရကား အလိုရှိသမျှ အလုံးစုံသော အလိုဆန္ဒတို့ကို ဖြည့်ဆည်းပေးတတ်သည့် အိုးကို သွားရောက်၍ ပေးလေ၏။

> "အမောင်... ဤအိုးကား သင်အလိုရှိသော ဆန္ဒအလုံးစုံကို တောင့်တလိုက်တိုင်း ဖြည့်ဆည်းပေးမည့်အိုးဖြစ်၏။ သို့ဖြစ်၍ ဤအိုးကို မကွဲရလေအောင် စောင့်ရှောက်ပါလော့။ ဤအိုးရှိနေသမျှ ကာလပတ်လုံး အမောင်၏ လိုအင်ဆန္ဒမှန်သမျှတို့ ပြည့်စေနိုင်၏။ သတိကို လက်မလွှတ်ပါစေနှင့်"

ဟု အကြိမ်ကြိမ် မှာကြား ဆုံးမစကား ပြောပြီးနောက် နတ်ပြည်သို့ ပြန်တက်သွားလေ၏။

ထိုအခါမှစ၍ သူဌေးသားသည် လိုတ ရစေနိုင်သည့် အိုးဖြင့် သောက်လိုသော သေရည်တို့ကို တစ်ဝကြီး သောက်လေ၏။

တစ်နေ့သ၌ သူဌေးသားသည် သေရည်တို့ကို လွန်ကြူးစွာ သောက်စားမူးယစ်ရင်းမှ သိကြားမင်း အတန်တန် မှာကြားခဲ့သည်တို့ကို သတိမရတော့ဘဲ အိုးကို ကောင်းကင်သို့ မြှောက်

http://www.dhammadownload.com



ပစ်၍ ပြန်ကျအလာ၊ အောက်မှ ဖမ်းလေရာ ဒယိမ်းဒယိုင်ဖြင့် သေချာစွာ မဖမ်းနိုင်ဘဲ အိုးလည်း မြေသို့ကျကာ အစိတ်စိတ် အမွှာမွှာ ကွဲရလေတော့၏။ လိုတရအိုး မရှိတော့သဖြင့် သူဌေးသားလည်း မွဲတေစုတ်ပြတ်ကာ ပုဆိုးဟောင်းကို ဝတ်ဆင်လျက် ခွက်လက်ဆွဲကာ တောင်းရမ်း စားသောက်ရရှာ၏။ နောက်ဆုံး ၌ သူတစ်ပါး၏ တိုက်နံရံကို မှီ၍ သေဆုံးရလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍...

"ရဟန်းတို့၊ ထိုအခါက အိုးကိုခွဲသော သေသောက်ကြူး သူဌေးသားသည် ယခုအခါ အနာထပိဏ်သူဌေးကြီး၏ တူဖြစ်လာ၏။ သိကြားမင်းမှာမူကား ငါဘုရားရှင် ဖြစ်လေ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၉၂။ သုပတ္တဇာတ်



http://www.dhammadownload.com

[၂၉၂]

# သုပတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်သနင်း တရားမင်းအစစ် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလ၌ ရာဟုလာ သာမဏေ၏ မယ်တော် ထေရီမသည် လေနာရောဂါ ဝေဒနာကို အလူးအလဲ ခံစားနေရလေ၏။ ရာဟုလာ သာမဏေလည်း ထိုအကြောင်းကို ဥပဇ္ဈာယ်ဆရာအရှင် ရှင်သာရိပုတ္တရာအား လျှောက်ထားရာ ရှင်သာရိပုတ္တရာလည်း ကောသလမင်းကြီး၏ နန်းတော်သို့ သွား၍ ငါးကြင်းသားကို ထောပတ်သစ်နှင့် ရောသော သလေးဆွမ်းကို အလှူခံတော်မူခဲ့၏။ ထို့နောက် ရာဟုလာသာမဏေအား သပိတ်ကို ဆောင်ယူစေ၍ မယ်တော်ကို ဘုဉ်းပေးစေရာ ခံစားနေရသော လေနာရောဂါ ဝေဒနာမှာ သက်သာပျောက်ကင်းသွားလေ၏။

http://www.dhammadownload.com



ကောသလမင်းကြီးလည်း အကြောင်းစုံကို သိလိုသည့်အတွက် မင်းချင်းတို့ကို စေလွှတ်ကာ စုံစမ်းစေ၏။ အကြောင်းစုံကို သိတော်မူလေသော် ထိုအခါမှစ၍ ရာဟုလာ သာမဏေ၏ မယ်တော်ထေရီမအား ထိုသို့သော ဆွမ်းတို့ကို မပြတ်တမ်း လှူဒါန်းလေ၏။

တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းအပေါင်းတို့ စုဝေးမိကြသည်ရှိသော်...

"ငါ့ရှင်တို့ ရှင်သာရိပုတ္တရာသည် ရာဟုလာ သာမဏေ၏ မယ်တော်အား ဤသို့သော သဘောရှိသည့် ဆွမ်းဘောဇဉ်တို့ဖြင့် ရောင့်ရဲစေ၏"

ဟူ၍ ပြောဆိုနေမိကြလေ၏။ ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိလေသည်ရှိသော်...

"ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌သာ ရာဟုလာ မယ်တော်အား တောင့်တအပ်သော ဘောဇဉ်ကို ပေးသည် မဟုတ်သေး။ ရှေးအခါ၌လည်း ပေးခဲ့ဖူးပေပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် 'သုပတ္တ' အမည်ရှိ ကျီးမင်းသည် ကျီးရှစ်သောင်းတို့၏ အကြီးအမှူး ဖြစ်လေ၏။ ကျီးမင်း၏ မိဖုရားကား 'သုဖဿာ' အမည်

http://www.dhammadownload.com



ရှိ၏။ စစ်သူကြီးကား 'သုမုခ' အမည်ရှိ၏။ သုပတ္တ ကျီးမင်းလည်း ရှစ်သောင်းသော ကျီးအခြွေအရံတို့ဖြင့် ဗာရာဏသီပြည်ကို အမှီပြုကာ နေလေ၏။

တစ်နေ့သ၌ ကျီးမင်းလည်း မိဖုရား ကျီးမကို ခေါ်၍ အစာရှာသွားလေသော် ဗာရာဏသီမင်း၏ စားဖိုဆောင်သို့ ရောက်လေ၏။ စားဖိုသည်လည်း မင်းကြီးပွဲတော် တည်ရန်အတွက် အထူးထူးအကဲကဲသော ငါး, အမဲ ဘောဇဉ်တို့ကို ချက်ပြုတ်ကာ အိုးအဖုံးတို့ကို ဖွင့်ထား၏။ ဤတွင် သင်းပျံ့သော ရနံ့တို့ ဝေ့ဝဲနေသဖြင့် ကျီးမိဖုရားလည်း စားသောက်လိုစိတ် ဖြစ်ပေါ်လာ၏။ သို့ရာတွင် စိတ်ကို ချုပ်တည်းလျက် ကျီးမင်းကို ဖွင့်ဟမပြောချေ။

နှစ်ရက်မြောက်သောနေ့၌ ကျီးမင်းလည်း အစာရှာထွက်ရန်အတွက် ကျီးမိဖုရားကို ခေါ်လေ၏။ ထိုအခါ ကျီးမိဖုရားက...

"အရှင့်ကျီးမင်း အရှင်တို့သာလျှင် အစာရှာသွားကြပါကုန်။ အကျွန်ုပ်မှာ ချင်ခြင်းစိတ် ဖြစ်ပေါ်၍ မလိုက်လိုတော့ပါ"

ဟု ဆိုလေ၏။ ထိုအခါ ကျီးမင်းက အကြောင်းစုံကို မေးမြန်း၏။ ဤတွင်...

"အရှင်ကျီးမင်း အကျွန်ုပ်သည် ဗာရာဏသီမင်း သုံးဆောင်သော ဘောဇဉ်တို့ကို စားလိုသော ချင်ခြင် ဖြစ်နေပါ၏။ အကယ်၍ မစားသောက်ရပါက သေလွန်ဖွယ်ရာသာ ရှိပါတော့၏"

http://www.dhammadownload.com



ဟု ပြောကြားလေ၏။ သုမုခ စစ်သူကြီးလည်း အကြောင်းစုံ သိရလေသော် ကျီးမင်းအား 'အရှင်ကျီးမင်း မစိုးရိမ်ပါလင့်' ဟု ဆိုပြီး ကျီးမိဖုရားအား...

"အရှင်မိဖုရား မစိုးရိမ်ပါလင့်။ အကျွန်ုပ် ရအောင် ဆောင်ကြဉ်ခဲ့ပါအံ့။ ဤနေရာမှပင် စောင့်၍ နေပါလော့"

ဟု လျှောက်ထားကာ နေရာမှ ဖယ်ခွာလာခဲ့ပြီး ကျီးအပေါင်းတို့ကို စုဝေးစေ၏။ ထို့နောက် အကြောင်းစုံကို အသိပေး ပြောကြားပြီး ဗာရာဏသီပြည် စားဖိုအိမ်အနီးတွင် ကျီးတို့အား အစုလိုက်, အစုလိုက် အစောင့်အရှောက်ထား၏။ ၎င်းကိုယ်တိုင်မူကား ကျီးသူရဲကောင်း ရှစ်ကောင်နှင့် စားဖိုအနီးသို့ ဝင်၍ မင်းကြီးထံ စားတော်ခွက်အပို့ကို စောင့်ဆိုင်းကာ နေလေ၏။ ကျီးတို့ကိုလည်း...

"အမောင်တို့ စားဖိုသည်လည်း မင်းကြီးထံ စားတော်ခွက်တို့ အပို့ထွက်သည်ရှိသော် ငါသည် စားတော်ခွက်တို့ကို အောက်သို့ ပြုတ်ကျအောင် လုပ်မည်။ ကျသည်ရှိသော် သူရဲကောင်း ကျီးလေးကောင်သည် ထမင်းတို့အား နှုတ်သီးပြည့်အောင် ဆောင်ယူကြကုန်လော့။ ကျန်သူရဲကောင်း ကျီးလေးကောင်ကား ဟင်းတို့ကို နှုတ်သီးပြည့်အောင် ဆောင်ယူကြကုန်လော့။ ယူပြီးလျှင် ကျီးမင်းနှင့် မိဖုရားတို့အား ကျွေးကြကုန်လော့။ ငါမူကား နောက်မှ လိုက်လာအံ့"

ဟူ၍ တိကျစွာ စီစဉ်ညွှန်ကြားလေ၏။

ထိုအခါ စားဖိုသည်လည်း စားတော်ခွက်တို့ကို သေချာစွာ စီရင်ပြီးလျှင် အထမ်းဖြင့် ထမ်းကာ မင်းရင်ပြင်သို့ သွားလေ၏။

http://www.dhammadownload.com



မင်းရင်ပြင်သို့ ရောက်သောအခါ ကျီးစစ်သူကြီးလည်း ကျီးသူရဲကောင်း ရှစ်ကောင်ကို အချက်ပေးလျက် ပျံဝဲကာ စားဖိုသည်၏ ရင်ဘတ်အား ခြေဖြင့် ကုတ်လျက် နှုတ်သီးဖြင့် နှာခေါင်းများကို ဆိတ်၏။ အတောင်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်၏။ မင်းကြီးလည်း ပြာသာဒ်တွင် စင်္ကြံသွားရင်းမှ ထိုဖြစ်တောင့်ဖြစ်ခဲ မြင်ကွင်းကို တွေ့မြင်ရလေသော် စားဖိုသည်အား...

"အချင်း စားဖိုသည်၊ စားတော်ခွက်တို့ကို စွန့်လျက် သင့်အား ကုတ်ခြစ်သော ကျီးကို အရဖမ်းလျက် ငါ့ထံ ဆက်သလော့"

ဟု အမိန့်ပေးလေ၏။ စားဖိုသည်လည်း စားတော်ခွက်တို့ကို စွန့်ပြီးလျှင် ကျီးစစ်သူကြီးကို အရဖမ်းကာ မင်းကြီးထံ ဆက်သလေ၏။ ကျီးသူရဲကောင်း ရှစ်ကောင်လည်း ကျီးစစ်သူကြီး မှာထားသည့်အတိုင်း ထမင်းနှင့် ဟင်းတုံးတို့ကို နှုတ်သီးအပြည့် ကိုက်ချီကာ ကျီးမင်းနှင့် ကျီးမိဖုရားတို့အား ဆက်သလေ၏။ ကျီးမိဖုရားလည်း စားချင်သည်ကို စားလိုက်ရသည့်အတွက် ချင်ခြင်း ပြေပျောက်လေ၏။

ထိုအချိန်တွင် ဗြဟ္မဒတ်မင်းကြီးလည်း ကျီးစစ်သူကြီးအား...

"အသင် ကျီး၊ အသင်ကား ငါ့ကို ပမာမခန့် ပြုဘိ၏။ စားဖိုသည်၏ နှာခေါင်းကိုလည်း ဆိတ်၏။ စားတော်ခွက်တို့ကိုလည်း ကွဲစေ၏။ သင် အသက်သေရမည်ကို မကြောက်၍ ဤသို့ ပြုရလေသလော"

ဟု မေးမြန်းတော်မူ၏။ ထိုအခါ ကျီးစစ်သူကြီးက...

http://www.dhammadownload.com



"အရှင်မင်းကြီး အကျွန်ုပ်၏ ကျီးမင်းကား သုပတ္တ အမည်ရှိပါ၏။ ကျီးမိဖုရားကြီးကား သုဖဿာအမည်ရှိပါ၏။ ကျီးမင်းသည် ကျီးရှစ်သောင်းကို အခြံအရံပြုလျက် ဗာရာဏသီပြည်ကို အမှီပြု နေထိုင်ပါ၏။ အကျွန်ုပ်ကား အဆိုပါ ကျီးမင်း၏ စစ်သူကြီး ဖြစ်ပါ၏။

အရှင်မင်းကြီး ကျီးမိဖုရားကြီးသည် အရှင်မင်းကြီး သုံးဆောင်သော ဘောဇဉ်တို့ကို ချင်ခြင်း ဖြစ်ပါ၏။ မစားရပါက သေလွန်မည်ဖြစ်ပါ၏။ ဤတွင် အကျွန်ုပ်သည် အရှင်သခင်အတွက် အသက်ကို ပဓာနမထားဘဲ စားဖိုသည် ထံမှ ထမင်းနှင့် ဟင်းတို့ကို လုယက်လျက် အမှုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါ၏။ အကျွန်ုပ်၏ အလိုပြည့်ပြီ ဖြစ်၍ အရှင်မင်းကြီးအနေဖြင့် အကျွန်ုပ်အား ပေးလိုသော အပြစ်ကို ပေးတော်မူပါလော့"

ဟူ၍ ရဲဝံ့စွာ တင်လျှောက်လေ၏။ မင်းကြီးလည်း ကျီးစစ်သူကြီး တင်လျှောက်သော စကားကို ကြားရလျှင်...

"လူဖြစ်ကြသော ငါတို့မှာ ကြီးစွာသော စည်းစိမ်ဥစ္စာတို့ကို ပေးထားပါလျက် ငါ့အား ချစ်ခင်နှစ်သက်ကြသူတို့ မရှိကြကုန်။ အသက်ကိုစွန့်၍ အမှုကိစ္စ ထမ်းဆောင်သူကိုလည်း မမြင်စဖူး။

ဤစစ်သူကြီးကား တိရစ္ဆာန်ဖြစ်ပါလျက် မိမိ၏ အသက်ကို အရှင်သခင်တို့အတွက် စွန့်လွှတ်နိုင်ပေ၏။ ကောင်းမြတ်သောစိတ်ဓာတ် ရှိပေ၏"

http://www.dhammadownload.com



ဟု ဆိုကာ အသက်ကိုလွှတ်၍ ထီးဖြူဖြင့် ပူဇော်လေ၏။ ကျီးစစ်သူကြီးလည်း ထိုထီးဖြူဖြင့် ကျီးမင်းအား ပူဇော်ပြန်၏။ ကျီးမင်းလည်း မင်းကြီးထံ သွားရောက်၍ တရားတော်ကို ဟောကြားလေသော် မင်းကြီးလည်း များစွာ နှစ်သက်လှသည်ဖြစ်၍ ကျီးမင်းနှင့် ကျီးစစ်သူကြီးတို့အား မိမိ စားသော ဘောဇဉ်တို့ကို မပြတ်ပို့စေ၏။ ခပ်သိမ်းသော သတ္တဝါတို့ကို ဘေးမဲ့ပေး၍ ငါးပါးသီလကို စောင့်ထိန်းလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်...

"ရဟန်းတို့၊ ထိုအခါက ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ အာနန္ဒာ၊ သုမုခ ကျီးစစ်သူကြီးသည် သာရိပုတ္တရာ၊ သုဖဿာ ကျီးမိဖုရားသည် ရာဟုလာမယ်တော် ဖြစ်လာကြပြီး သုပတ္တကျီးမင်းကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၂၉၃။ ကာယနိဗ္ဗိန္ဒဇာတ်



http://www.dhammadownload.com

[၂၉၃]

# ကာယနိဗ္ဗိန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်မှန်ကင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

သာဝတ္ထိပြည်သား ယောက်ျားတစ်ယောက်သည် ဖျော့တော့သော ရောဂါ နှိပ်စက်သည်ရှိသော် ဆေးဆရာတို့လည်း အမျိုးမျိုးကုသကြကုန်၏။ သို့ရာတွင် မနိုင်သဖြင့် လက်လွှတ်ရတော့မည့်အခြေ ဖြစ်နေ၏။ သားမယားတို့မှာလည်း ပြုစုလုပ်ကျွေးခြင်း၌ မတတ်နိုင်ကြကုန်။ ထိုအခါ ရောဂါဝေဒနာ နှိပ်စက်ခြင်းခံနေရသော ယောက်ျားလည်း...

"ငါသည် အကယ်တန္တု ဤရောဂါဝေဒနာ နှိပ်စက်ခြင်း ခံနေရသည်မှ ကင်းလွတ်ပါမူ ရဟန်းပြုတော့မည်" ဟု ကြံစည် စိတ်ကူးမိလေ၏။ ကံအားလျော်စွာပင် နှစ်ရက်

http://www.dhammadownload.com



သုံးရက်မျှဖြင့် တစ်စုံတစ်ရာ သင့်လျော်သော ဆေးဝါးတို့ကို မှီဝဲရသည့်အတွက် အနာနှင့်ဆေး တည့်သွားကာ ခံစားနေရသော ရောဂါဝေဒနာကို ပျောက်ကင်းသွားလေ၏။ ထိုအခါ ကြံစည်စိတ်ကူးထားသည့်အတိုင်း ဇေတဝန်ကျောင်းတော်သို့ သွား၍ ဘုရားရှင်ထံ ရဟန်းအဖြစ်ကို တောင်းပန်ပြီး ရဟန်းအဖြစ်ကို ရရှိသည့်နောက် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာ မကြာမြင့်မီမှာပင် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားခဲ့လေ၏။

တစ်နေ့သ၌ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ထိုရဟန်း၏အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြလေ၏။ ဤတွင် ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိတော်မူလျှင်...

"ရဟန်းတို့ ထိုရဟန်းသည် ယခုအခါ၌သာလျှင် ရောဂါကင်းပါက ရဟန်းပြု၍ မိမိ၏ အကျိုးစီးပွားကို ပြုသည်မဟုတ်။ ရှေးအခါကလည်း ပညာရှိတို့သည် ရောဂါကင်းလျှင် ရဟန်းပြု၍ မိမိတို့ အကျိုးစီးပွားကို ပြုဖူးကြပေပြီ"

ဟု မိန့်ဆိုတာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗာရာဏသီမင်းကြီး စိုးစံသည်ရှိသော် ပုဏ္ဏားလုလင်တစ်ဦးသည် အရွယ်ရောက်လာသော် အိမ်ရာထောင်

http://www.dhammadownload.com



၏။ ဥစ္စာစီးပွားတို့ကို ရှာဖွေ၏။ အခါတစ်ပါး၌ ဖျော့တော့သော နာတာရှည်ဝေဒနာ စွဲကပ်ရာ ဆေးသရာအမျိုးမျိုးတို့ကို ပင့်ကာ ကုသ၏။ သို့ရာတွင် ဆေးမတိုးဘဲ လက်လွှတ်ရတော့မည့် အခြေသို့ ဆိုက်ရောက်လာ၏။ သားမယားတို့မှာလည်း မည်သို့မျှ မတတ်နိုင်။

ထိုအခါ ပုဏ္ဏားလည်း ရောဂါကင်းပျောက်ပါက ရဟန်းပြုတော့မည်ဟူသော အကြံအစည် ဖြစ်ပေါ်ခဲ့၏။ ကံအားလျော်စွာပင် နှစ်ရက်, သုံးရက်မျှနှင့်ပင် ဝေဒနာနှင့် အပ်စပ်သည့် ဆေးကို စားသုံးရသည်ဖြစ်၍ ရောဂါမှ ကင်းလွတ်လေ၏။ ဤတွင် ကြံစည်ထားသည့်အတိုင်း ဟိမဝန္တာသို့ ဝင်ကာ ရသေ့ရဟန်းပြု၏။ ဈာန်, အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၏။ ထိုအခါ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်။

"ငါ၏ ခန္ဓာကိုယ်ကြီးကား စွန့်ပစ်အပ်၏။ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့တွင် တစ်ပါးပါးသော ရောဂါသည် ပြင်းထန်စွာ နှိပ်စက်သဖြင့် ဆင်းရဲ ဖောက်ပြန်တတ်၏။ ပူပြင်းသော သဲသောင်ပြင်၌ ကျအပ်သော ပန်းကဲ့သို့ လျင်မြန်စွာ ခြောက်သွေ့တတ်၏။

ဤခန္ဓာကိုယ်ကြီးကား အဘယ်မှာ နှစ်သက်ဖွယ် ရှိပါမည်နည်း။ လူမိုက်တို့သာလျှင် နှစ်သက်တွယ်တာ မက်မောနေကြ၏။ စင်ကြယ်ခြင်းမရှိသည်ကို လူမိုက်တို့သာလျှင် စင်ကြယ်သည်ဟု ယူဆကြကုန်၏။ ဤခန္ဓာကိုယ်ကြီးကား အထူးထူးသော အပုပ်တို့ဖြင့် ပြည့်နှက်နေပေ၏။ ပုထုဇဉ် လူမိုက်တို့မှာမူ နှစ်သက် မက်မောနေကြပေ၏။

http://www.dhammadownload.com



သတ္တဝါတို့သည် ခန္ဓာကိုယ်ကြီးအပေါ် မေ့လျော့၊ တွေဝေ၊ တပ်မက်၊ စွဲလမ်းနေကြသည့်အတွက် သုဂတိလမ်းကြောင်းကို မရှာဖွေနိုင်ကုန်။ နာကျင်၍ စက်ဆုပ်ဖွယ်ကောင်းလှသော မစင်မကြယ်နှင့် ဖျားနာတတ်သော ထိုခန္ဓာကိုယ်ကြီးကား စက်ဆုပ်ဖွယ် ကောင်းလှပေသည်တကား"

ဟူ၍ ဥဒါန်းကျူးရင့်လေ၏။ ဤကဲ့သို့ ရသေ့လည်း ခန္ဓာကိုယ် အကောင်ပုပ်ကြီး၏ အပြစ်တို့ကို ဆင်ခြင်သုံးသပ်လျက် အသက်ထက်ဆုံး ဗြဟ္မဝိဟာရ တရားလေးပါးတို့ကို ပွားများအားထုတ်ကာ မဆုတ်ယုတ်သော ဈာန်ရှိသည်ဖြစ်ရာ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရောက်ရလေ၏။ ဤဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကို ပြသည်၏အဆုံး၌ များစွာသော ပုထုဇဉ်တို့သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍...

"ရဟန်းတို့၊ ထိုစဉ်အခါက ရသေ့သည် ယခုအခါတွင် ငါဘုရားရှင် ဖြစ်ပေ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com



# ၂၉၄။ ဇမ္ဗုခါဒဇာတ်

http://www.dhammadownload.com

# [၂၉၄]

# ဗမ္မခါဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အနာဂတ်လမ်းကြောင်းအမှန်ကို မဂ္ဂင်ရှစ်ပါးဖြင့် လမ်းညွှန်ပေးတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလဝယ် ဒေဝဒတ်နှင့် အပေါင်းပါ ကောကာလိက တို့သည် လူတို့၏ ပူဇော်အထူးကို မခံရဘဲ လာဘ်သက္ကာတို့မှ ကင်းကြ, ဆုတ်ယုတ်ကြကုန်၏။ ထိုအခါ ကောကာလိကသည် ဒါယကာတို့ထံ ချဉ်းကပ်၍...

"ဒါယကာတို့... အရှင်ဒေဝဒတ်သည် မဟာသမတ မင်း၏ အနွယ်ဖြစ်သော ဥက္ကာကရာဇ်မင်းမျိုး၌ ဖြစ်၏။ ထို့ပြင် ပိဋကတ်သုံးပုံကို ဆောင်၏။ ဈာန်ကိုရ၏။ သာယာ

http://www.dhammadownload.com



စွာသော အသံတို့ဖြင့် တရားတို့ကို ဟောတတ်၏။ သို့ဖြစ်၍ ဒေဝဒတ်အား လျှုဒါန်းကြကုန်လော့"

ဟူ၍ ဒေဝဒတ်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော် ချီးကျူးပြောဆိုကာ စည်းရုံးလေ၏။ ထိုအခါ ဒေဝဒတ်ကလည်း အားကျမခံ။

"အရှင်ကောကာလိကသည် ဥဒိစ္စပုဏ္ဏားမျိုးမှ တောထွက်ကာ ရဟန်းပြုသူ ဖြစ်၏။ အကြားအမြင်, ဗဟုသုတတို့နှင့် ပြည့်စုံ၏။ တရားဟောတတ်၏။ သို့ဖြစ်၍ ကောကာလိကအား လျှုဒါန်းကြကုန်လော့"

ဟူ၍ ကောကာလိက၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုလေ၏။ ဤသို့ဖြင့် ဒေဝဒတ်နှင့် ကောကာလိကတို့သည် အချင်းချင်း ဂုဏ်ကျေးဇူးကို ချီးကျူးကာ ဒါယကာတို့ကို စည်းရုံးလျက် နေထိုင် စားသောက် လှည့်လည်ကြကုန်၏။

တစ်နေ့သ၌ တရားသဘင်၌ **ရဟန်းတို့** စုဝေးမိကြသည့် အခိုက်...

"ငါ့ရှင်တို့... **ဒေဝဒတ်နှင့် ကောကာလိက**တို့သည် အချင်းချင်း **မဟုတ်မမှန်သော စကားကို** ဆိုကြ၏။ ဂုဏ်ကျေးဇူးတို့ကို **ညာဝါးပြောဆိုကြကုန်**၏။ သို့ဖြင့် လှည့်လည် စားသောက်နေကြ၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်ကြွတော်မူလာ၍ အကြောင်းစုံကို သိတော်မူလေသော်...

"ရဟန်းတို့... ဒေဝဒတ်နှင့် ကောကာလိကတို့သည်

http://www.dhammadownload.com



ယခုအခါ၌သာလျှင် အချင်းချင်း မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကို ပြောဆိုကာ စားကြသည် မဟုတ်ကုန်။ ရှေးအခါ၌လည်း စားကြဖူးကုန်ပြီ”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး… လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် မထင်ရှားသော သပြေပင် တောအုပ်၌ ရုက္ခစိုးနတ် ရှိလေ၏။

ထိုတောအုပ်သို့ ကျီးတစ်ကောင် ရောက်ရှိလာ၊ သပြေပင်၏ အကိုင်း၌ နားလျက် သပြေသီးမှည့်ကို ထိုးဆိတ် စားသောက်နေလေ၏။ ထိုအခါ သပြေပင်တောအုပ်သို့ မြေခွေးတစ်ကောင် ရောက်ရှိလာပြီး သပြေပင်ထက်သို့ ကြည့်လေရာ ကျီးကို မြင်လေ၏။ ထိုအခါ…

“ငါသည် ကျီးအား မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကို ထုတ်ဖော် ပြောဆိုလျှင် သပြေသီးမှည့်တို့ကို စားရအံ့” ဟု ကြံစည် စိတ်ကူးမိပြီး…

“ဤငှက်ကား လုံးဝန်း သာယာသောအသံ ရှိ၏။ အသံကောင်းပါသည် ဆိုသော ငှက်တကာတို့နှင့် မတူ။ ထူးကဲ မြင့်မြတ်လှပါ၏။ ရွေ့လျောခြင်းလည်း မရှိ။ သပြေကိုင်းခက်ပေါ်၌ ရွှေဥဒေါင်းငှက်ငယ်ကဲ့သို့ တွန်မြူးဘိ၏။ အဘယ်ငှက်များ ဖြစ်လေသနည်း”

http://www.dhammadownload.com



ဟူ၍ ကျီးအား မဟုတ်မမှန်သော ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော် ပြောဆိုလေ၏။ ထိုအခါ ကျီးလည်း မြေခွေး၏ စကားကို ကြားသည်ရှိသော်...

"ကျားငယ်နှင့်တူသော အမျိုးကောင်းသားသည် အမျိုးကောင်းသားဖြစ်သော ငါ့အား ချီးကျူးရန် သိတတ်ပေ၏။ အဆွေ မြေခွေး၊ သင့်အား သပြေသီးတို့ စားသောက်ရန် ငါ ပေးပါအံ့"

ဟူ၍ မြေခွေးအား မဟုတ်မမှန်သော ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ပြောဆိုပြီး သပြေခက်တို့ လှုပ်ခတ်ကာ သပြေသီးမှည့်တို့ကို ကျစေ၏။ ထိုအခါ မြေခွေးလည်း သပြေသီးမှည့်တို့ကို စားသောက်ရလေ၏။ ထိုအခါ သပြေပင်စောင့် ရုက္ခစိုးလည်း တစ်ဦးနှင့်တစ်ဦး မဟုတ်မမှန်သော ဂုဏ်ကျေးဇူးတို့အား ထုတ်ဖော် ပြောဆိုနေမှုအပေါ် နားကြားပြင်းကတ်လာရုံမက မျက်စိလည်း နောက်လာသဖြင့်...

"မဟုတ်မမှန်သော စကားကို ပြောဆိုကာ အချင်းချင်း ဆိုင်မိကြသော၊ ဟယ်... အန်ဖတ်စား ကျီးနှင့်၊ ဟယ်... အကောင်ပုပ်စားသော မြေခွေးတို့ သင်တို့သည် ကူလီကူမာ နိုင်ပေစွတကား"

ဟူ၍ ပြောဆို ခြိမ်းခြောက်ပြီးနောက် ကြောက်မက်ဖွယ်ရာ အဆင်းကို ကိုယ်ထင်ပြလေ၏။ ဤတွင် ကျီးနှင့် မြေခွေးလည်း သပြေပင်မှ ဝေးရာသို့ ပြေးကြလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍...

http://www.dhammadownload.com



"ရဟန်းတို့၊ ထိုစဉ်အခါက မြေခွေးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ ကျီးသည် ကောကာလိက ဖြစ်လာ၏။ ရက္ခစိုးနတ်သည်ကား ငါဘုရားရှင် ဖြစ်လာ၏" ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၂၉၅။ အန္တဇာတ်



http://www.dhammadownload.com

## [၂၉၅]

# အန္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် အစဉ်သဖြင့် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူတတ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

တရားသဘင်၌ ရဟန်းတို့ စုဝေးမိသည့်သကာလ ဒေဝဒတ်နှင့် ကောကာလိက အကြောင်းတို့ကို ပြောဆိုကြရာ ထိုကိစ္စကို အကြောင်းပြု၍ ဘုရားရှင်လည်း အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗာရာဏသီမင်းကြီး မင်းပြုသည်ရှိသော် ရွာတစ်ရွာ၏ ဥပစာအရပ်၌ ကြက်ဆူပင်စောင့်နတ် ရှိလေ၏။

http://www.dhammadownload.com



ထိုရွာ၌ နွားအိုတစ်ကောင် သေသည်ရှိသော် ရွာသူရွာသားတို့သည် နွားသေကောင်ကို ဆွဲငင်ထုတ်ယူကာ ရွာတံခါးရှိ ကြက်ဆူပင် တော၌ စွန့်ပစ်လေ၏။

ထိုအခါ မြေခွေးတစ်ကောင်သည် ကြက်ဆူပင် တောအုပ်သို့ ရောက်ရှိလာပြီး ထိုနွားအို အသေသားကို စား၍ နေလေ၏။ ထိုစဉ် ကျီးတစ်ကောင် ရောက်ရှိလာပြီး ကြက်ဆူပင်၌ နားလေ၏။ မြေခွေးကို မြင်လေသော်...

"ငါသည် မြေခွေးအား မဟုတ်မမှန်သော စကားကို ပြောဆို ချီးမွမ်းရသည်ရှိသော အမဲသားကို စားရဖို့ရာ အကြောင်းရှိ၏"

ဟူ၍ ကြံစည်မိပြီး သကာလ မြေခွေးအား စကားဆိုလေ၏။

"အို... သားမင်း၊ သင်၏ ပခုံးကား နွားလားဥသဘ၏ ပခုံးနှင့် တူလှ၏။ ကိုယ်၏ တင့်တယ်ခြင်းကား ခြင်္သေ့မင်း၏ တင့်တယ်ခြင်းနှင့် တူ၏။ သင့်အား အကျွန်ုပ်သည် ရှိခိုးပါ၏။ အရှင်စွန့်ကြဲသော အမဲသားကိုလည်း ရလိုပါ၏"

ဟူ၍ မဟုတ်မမှန်သော စကားကို ချီးကျူးပြောဆိုကာ အမဲသားကို တောင်းခံလေ၏။ မြေခွေးလည်း ကျီး၏စကားကို ကြားလေလျှင်...

"ဥဒေါင်း၏ လည်ဆံနှင့်တူသော အဆင်းပိုင်ရှင် အမျိုးကောင်းသားသည် အမျိုးကောင်းသားဖြစ်သော ငါ့အား

http://www.dhammadownload.com



ချိုးကျိုးရန် သိတတ်ပေ၏။ အဆွေကျီးမင်း သင်သည် ငါနှင့်အတူ အမဲသားကို သုံးဆောင်ရာ ငါ့ထံသို့ ကြွခဲ့ပါလော့"

ဟု ပြောဆိုကာ ဖိတ်မန္တက ပြုလေ၏။ ထိုအခါ ကြက်ဆူပင်စောင့်နတ်လည်း ကျီးနှင့် မြေခွေးတို့၏ အမူအရာနှင့် အပြောအဆိုတို့အား မနှစ်သက်သဖြင့်...

"သားကောင်အပေါင်းတွင် မြေခွေးဟူသည် အယုတ်မာဆုံး ဖြစ်၏။ ထို့အတူ ငှက်အပေါင်းတို့တွင်လည်း ကျီးသည် အယုတ်မာဆုံး ဖြစ်၏"

ဟူ၍ ပြောဆို ခြောက်လှန့်လေရာ ကျီးနှင့် မြေခွေးတို့လည်း ကြက်ဆူတောအုပ်မှ ပြေးထွက်သွားလေတော့၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့... ထိုအခါက မြေခွေးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ ကျီးသည် ကောကာလိက ဖြစ်လာ၏။ ကြက်ဆူပင်စောင့် ရုက္ခစိုးသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၂၉၆။ သမုဒ္ဒဇာတ်



http://www.dhammadownload.com

# [၂၉၆]

# သမုဒ္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ မှီခိုအားထားစရာ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ စမ္ပာယ်သီတင်းသုံးစဉ်က ဖြစ်လေ၏။

ထိုကာလ၌ ရဟန်းလောကဝယ် ရှင်ဥပနန္ဒ၏အကြောင်းသည် သတင်းမွှေးလျက် ရှိ၏။ သတင်းကား ကောင်းသော သတင်း မဟုတ်ပေ။ ၎င်းသည် အစားကြီး၏။ လောဘကြီး၏။ လှည်းတစ်စီးတိုက်ပစ္စည်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိ။ ဝါဆိုကျောင်း နှစ်ကျောင်း၊ သုံးကျောင်းတို့၌ ဝါကပ်၍ ကျောင်းတစ်ကျောင်း၌ ဖိနပ်ကို ထားခဲ့၏။ နောက်ကျောင်းတစ်ကျောင်း၌ တောင်ဝှေးကို ထားခဲ့၏။ နောက်ဆုံးကျောင်း၌ကား ၎င်းသည် ဝါကပ်၍ သီတင်းသုံး၏။

http://www.dhammadownload.com



၎င်းသည် ဇနပုဒ်ကျောင်းသို့သွား၍ ရဟန်းတို့ထံ၌ ကောင်း မြတ်သော ပရိက္ခရာကို မြင်လျှင် အရိယဝံသတရားကို ဟော လျက် ပံ့သကူတို့ကို ဆောင်၏။ သင်္ကန်းကောင်းကို လည်း ကောင်း၊ သပိတ်ကောင်းကို လည်းကောင်း လှည်းအပြည့် တင် ဆောင်ကာ ဇေတဝန်ကျောင်းသို့ လာလေ၏။

တစ်နေ့သ၌ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ စုဝေး မိကြသည့်အခိုက်...

"ငါ့ရှင်တို့ ဥပနန္ဒသည် အလိုလောဘ ကြီးပေလှ၏။ သူတစ်ပါးတို့အား အရိယဝံသ တရားကို ဟောပြီးလျှင် ရဟန်းတို့၏ ပရိက္ခရာအပေါင်းအား လှည်းအပြည့် တင် ဆောင် ယူငင်လာခဲ့၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ထိုအခါ ဘုရားရှင် ကြွတော် မူလာပြီး အကြောင်းစုံကို သိလေသည်ရှိသော်...

"ရဟန်းတို့... ဥပနန္ဒသည် ယခုအခါ၌သာလျှင် အလို ရမ္မက်ကြီးသည် မဟုတ်သေး။ ရှေးအခါ၌လည်း သမုဒ္ဒရာ ရေကို ၎င်းပင် ပိုင်ဆိုင်သည်ဟူ၍ မှတ်ထင်ဖူးပေပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေ သတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် သမုဒ္ဒရာတစ်ခု၌နေသော ကျီးသည် သမုဒ္ဒရာအထက်၌ ပျံသွား သည်ရှိသော်...

http://www.dhammadownload.com



"သမုဒ္ဒရာရေကို အတိုင်းအရှည်အားဖြင့် သောက်ကြကုန်။ ငါ စောင့်ရှောက်အပ်သော သမုဒ္ဒရာရေကိုသင့်သလောက်သာ သောက်ကြကုန်"

ဟူ၍ ငါးအပေါင်း၊ ငှက်အပေါင်းတို့ကို တားမြစ်လျက်သွားလေ့ရှိ၏။ ထိုအခါ သမုဒ္ဒရာစောင့်နတ်သည် ထိုကျီးကို မြင်လျှင်...

"ဤငှက်ကား သမုဒ္ဒရာအထက်မှ ပြေးသွားဘိ၏။ ငှက်၊ ငါး၊ မကာန်းတို့ကို ရေမသောက်ရန် တားမြစ်ဘိ၏။ လှိုင်းတံပိုးတို့၌ ပင်ပန်းဘိ၏။ အဘယ်ကဲ့သို့သော ငှက်ပေနည်း"

ဟူ၍ ကျီးအား မေးမြန်းပြောဆိုလေ၏။ သမုဒ္ဒရာစောင့်နတ်၏ စကားကို ကြားလေသော် သမုဒ္ဒရာအနီး၌နေသော ကျီးသည်...

"ငါကား မရောင့်ရဲသော ငှက်ဟူ၍ အရပ်မျက်နှာတို့၌ ထင်ရှားခဲ့၏။ အဆုံးမရှိသော သမုဒ္ဒရာရေကို သောက်နေသော ငှက်ဖြစ်၏။ ငါကား ရတနာတို့တည်ရာ မြစ်ကြီးဖြစ်သော သမုဒ္ဒရာရေကို သောက်ရန် အလိုရှိ၏"

ဟူ၍ သမုဒ္ဒရာစောင့်နတ်အား ပြန်ကြားပြောဆိုပေ၏။ ထိုအခါ သမုဒ္ဒရာစောင့်နတ်သည်

"ဤသမုဒ္ဒရာကား ယုတ်လည်းယုတ်၏။ ပြည့်လည်း ပြည့်၏။ တစ်လောကလုံးသောက်သော်လည်း သမုဒ္ဒရာ အဆုံးသည် မထင်၊ ရေကို တစ်စုံတစ်ယောက်သောသူ

http://www.dhammadownload.com



သောက်၍ ကုန်စေခြင်းငှာလည်း မတတ်ကောင်းပေ”

ဟူ၍ ပြောဆိုပြီးလျှင် အလိုရမ္မက်ကြီးလှသော ကျီးကို သမုဒ္ဒရာအနီး၌ မနေစေလိုသဖြင့် ကြောက်မက်ဖွယ်အဆင်းကို ပြလျက် သမုဒ္ဒရာအနီးမှ ပြေးစေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

“ရဟန်းတို့ ထိုအခါက ကျီးသည် ယခုအခါ ဥပနန္ဒ ဖြစ်လာပြီး သမုဒ္ဒရာစောင့်နတ်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၂၉၇။ ကာမဝိလာပဇာတ်



http://www.dhammadownload.com

[၂၉၇]

# ကာမဝိလာပဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းက ဖြားယောင်းသဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

အခါတစ်ပါး၌ ယောကျ်ားတစ်ဦးသည် အသက်ရှင်လျက်ပင် သံတံကျင် အလျှိုခံနေရစဉ်မှာပင် ပြင်းထန်လှစွာသော ဝေဒနာကို ဂရုမစိုက်နိုင်အားဘဲ ကောင်းကင်မှ ပျံလာသော ကျီးငှက်ကိုကြည့်ကာ ချစ်လှစွာသော မယားဟောင်းထံ သတင်းစကားပို့စေရန် ခေါ်ငင်လိုက်လေ၏။

http://www.dhammadownload.com



"ကောင်းကင်အမြင့်၌ ပျံသွားသော ငှက်မြတ်ဖြစ်၍ အတောင်ဟူသော ယာဉ်ရှိသော အို ကြိုးငှက်။

သင်သည် ငှက်ပျောတုံးနှင့်တူသည့် ပေါင်တံရှိသော ငါ၏မိန်းမကို ပြောဆိုပါလော့။ ထိုမိန်းမကား ငါ့ကို ကြာမြင့်လေစွဟု အောက်မေ့လတ္တံ့။ လုံသန်လျက်နှင့် တူသော၊ သံတံကျင်၌ အလျှိုခံရသော ငါ၏အဖြစ်ကို မသိရာလေ။ ထိုမိန်းမသည် အလွန်ကြာမြင့်ရလေသလော ဟု ငါ့ကို အမျက်ထွက်လတ္တံ့။ ထိုမိန်းမ အမျက်ထွက်ခြင်း သည်သာ ငါ၏စိတ်ကို ပူပန်စေ၏။ ဤသံတံကျင် အလျှို ခံထားခြင်းကား ငါ့စိတ်ကို မပူပန်စေနိုင်။ ကြာနှင့်တူသော ချပ်တန်ဆာကိုလည်းကောင်း၊ ရွှေငါးသုဝဏ္ဏာဖြင့် ပြုလုပ် ထားသော လက်စွပ်ကိုလည်းကောင်း၊ ကာသိတိုင်းဖြစ် နူးညံ့သော ပုဆိုးကိုလည်းကောင်း ဤမျှလောက် ခေါင်းရင်း ၌ ထားခဲ့သော ငါ့ဥစ္စာကို ချစ်လှစွာသော ငါ့မယားသည် အလိုရှိတိုင်းယူ၍ ရောင့်ရဲတင်းတိမ်ပါစေသတည်း"

ထိုသို့ ယောင်ယမ်းမြည်တမ်းလျက် ကြိုးတို့ကို ခေါင်ငကာ မယားထံ အပြောခိုင်းလေ၏။ ထိုယောကျ်ားသည် ယောင်ယမ်း မြည်တမ်းစဉ် မယားကို စွဲလမ်းတပ်စွန်း၍ သေလွန်သည်ရှိသော် ငရဲဘုံသို့ ကျရောက်ရလေ၏။

ဤဒေသနာတော်ကို ဆောင်တော်မူပြီး၍ သစ္စာကို ပြတော် မူသည်၏အဆုံးတွင် သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်း သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

http://www.dhammadownload.com



ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်ရန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့ ထိုအခါက မယားသည် ယခုအခါ မယားဟောင်းဖြစ်လာ၏။ တံကျင်အလျှိုခံရသောယောက်ျားသည် ငြိုးငွေ့သောရဟန်းဖြစ်လာ၏။ အကြောင်းကိုမြင်သော နတ်သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑

http://www.dhammadownload.com

# ၂၉၀။ ဥဒုမ္ဗရဇာတ်



http://www.dhammadownload.com

[၂၉၈]

# ဥဒုမ္ဗရဇာတ်

လူ၊ နတ်၊ ဗြဟ္မာ နိဗ္ဗာန်စခန်းသို့ လမ်းညွှန်ပြတော်မူသော မြတ်ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ စံပယ်သီတင်းသုံးစဉ်က ဖြစ်၏။

ထိုအချိန်၌ ကျော်စောထင်ရှားခြင်းမရှိသော ရဟန်းတစ်ပါးသည် ပစ္စန္တရာဇ် ရွာငယ်၌ ကျောင်းဆောက်၍ နေလေ၏။ ထိုကျောင်းကား မွေ့လျော်ဖွယ်ရှိ၏။ ကျောက်ဖျာရင်း၌ တည်ရှိ၏။ မဏ္ဍပ်သဘင်ဌာနရှိ၏။ ရေမိုးတို့နှင့်လည်း ပြည့်စုံ၏။ ဆွမ်းခံရွာနှင့်လည်း မနီးမဝေး။ လူတို့မှာလည်း ထိုရဟန်းအား ချစ်ခင်ကြည်ညို မြတ်နိုးလျက် ဆွမ်းကို လုပ်ကျွေး လှူဒါန်းကြကုန်၏။

တစ်နေ့သ၌ ရဟန်းတစ်ပါးသည် ဒေသစာရီ လှည့်လည်ရင်းမှ အဆိုပါကျောင်းသို့ရောက်ရှိလာလေ၏။ ဤတွင်

http://www.dhammadownload.com



ကျောင်းနေရဟန်းလည်း ဧည့်ဝတ်ပြုပြီးနောက် တစ်နေ့ရောက်လေသော် ဧည့်သည် အာဂန္တုရဟန်းကိုခေါ်၍ ရွာအတွင်းသို့ ဆွမ်းခံထွက်လေ၏။ ရွာရှိ လူတို့မှာလည်း ကြည်ညိုသဒ္ဒါစိတ်ဖြစ်ကာ ဆွမ်းတို့ကို လောင်းလှူကြပြီး နောက်တစ်နေ့အတွက်လည်း ဖိတ်မန္တကပြုခဲ့လေ၏။

ဤတွင် အာဂန္တုရဟန်းလည်း နှစ်ရက် သုံးရက်တန်နေထိုင်စားသောက်ပြီးသော်–

"ငါသည် ကျောင်းနေရဟန်းအား ဥပါယ်တံမျဉ်ဉာဏ်ဆင် လှည့်စား၍ ၎င်းအား ဤကျောင်းမှ ထွက်သွားအောင် ပြုမူအံ့။ ၎င်းမရှိပါက ၎င်း၏ကျောင်းကို ငါယူမည်"

ဟူ၍ အကြံအစည် ဖြစ်ပေါ်၏။ ထိုအခါ ကျောင်းနေရဟန်းအား–

"ငါ့ရှင် ငါ့ရှင်သည် အဘယ်ကြောင့် ဘုရားရှင်ထံ အဖူးအမြော် မသွားလေသနည်း။

ဟုမေးလေ၏။ ဤတွင် ကျောင်းနေရဟန်းက–

"အရှင်ဘုရား... တပည့်တော်သည် ဤကျောင်းကို စောင့်ရှောက်မည့်သူ မရှိသောကြောင့် ဘုရားရှင်ထံ အဖူးအမြော် မရောက်ရခြင်း ဖြစ်ပါ၏"

ဟူ၍ ဖြေလေ၏။ ထိုအခါ အာဂန္တုရဟန်းက–

"ငါ့ရှင်... သည့်ကိစ္စအတွက် မည်သို့မျှ မစိုးရိမ်ပါနှင့်။ သင်သည် စိတ်ချလက်ချ ဘုရားရှင်ထံသို့ သွားရောက်

http://www.dhammadownload.com



ဖူးမြော်ပါ။ ငါသည် သင်ပြန်လာသည်အထိ စောင့်ပေးပါမည်”

ဟုပြောလေသော် ကျောင်းနေရဟန်းလည်း ဘုရားရှင်အား နောက်ကြောင်းအေးအေးနှင့် ဖူးမြင်ရတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေ၏။ ဤတွင် ဆွမ်းဒကာ ရွာသူရွာသားအပေါင်းတို့ကိုလည်း–

“ဒကာတို့ ငါပြန်လာသည့်တိုင်အောင် ဤအာဂန္တုမထေရ်ကို ဆွမ်းဝတ်မပျက်ကြစေနှင့်”

ဟူ၍ မှာကြားကသာ သာဝတ္ထိပြည်သို့ ထွက်ခွာသွားလေတော့သည်။ ရွာသူရွာသား ဆွမ်းဒကာတို့လည်း ကျောင်းနေရဟန်း မှာကြားခဲ့သည့်အတိုင်း အာဂန္တုရဟန်းအား ဆွမ်းဝတ်မပျက်ခဲ့။ ဤတွင် အာဂန္တုရဟန်းသည် ကျောင်းနေရဟန်း၏ လစ်ဟာချက်၊ အပြစ်အနာအဆာတို့ကို ပုံကြီးချဲ့ကာ ဒကာ၊ ဒကာမတို့ နားဝင်အောင် ပြောဆို သိမ်းသွင်းထားလေ၏။

ကျောင်းနေရဟန်းလည်း ဘုရားရှင်အား ဖူးမြော်ပြီးနောက် ၎င်း၏ကျောင်းကလေးသို့ ပြန်ရောက်လာ၏။ ထိုအခါတွင် အာဂန္တုရဟန်းသည် ကျောင်းနေရဟန်းအား ကျောင်းကို ပြန်မပေးတော့။ ထိုအခါ ကျောင်းနေရဟန်းလည်း အခြားနေရာတစ်ခုကို ရှာဖွေသီတင်းသုံးပြီး နောက်တစ်ရက်ရောက်လေသော် ရွာသို့ ဆွမ်းခံဝင်လေ၏။ ဤတွင် ဒါယကာတို့သည် ယခင်ကကဲ့သို့ ရိုသေသမှုကို မပြုကြကုန်။ ထိုအခါ ကျောင်းနေရဟန်းလည်း စိတ်နှလုံး မသက်မသာဖြစ်ကာ တစ်ဖန် ဘုရားရှင်

http://www.dhammadownload.com



သီတင်းသုံး စံပယ်တော်မူရာဇေတဝန်သို့ ပြန်လည်ထွက်ခွာ ခဲ့ပြီး ရဟန်းတို့နှင့် ဆုံလျှင် အကျိုးအကြောင်းကို လျှောက်ထားတင်ပြလေ၏။

ရဟန်းတို့လည်း တရားသဘင်၌ စုဝေးပေါင်းဆုံမိကြသည့် အခိုက် မိမိပိုင်ဆိုင်သောကျောင်းမှ နှင်ထုတ်ခံရသောကျောင်းနေ ရဟန်း၏ အဖြစ်ကို အချင်းချင်းပြောဆိုနေမိကြပေ၏။ ထိုအခါ ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိလေသော်

"ရဟန်းတို့... ယခုအခါ၌သာလျှင် ထိုအာဂန္တုရဟန်းသည် ဤကျောင်းနေရဟန်းကို နှင်ထုတ်ဖူးသည်မဟုတ်။ ရှေးအခါ၌လည်း နှင်ထုတ်ခဲ့ဖူးပေပြီ"

ဟုမိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ရက္ခစိုးရှိသော တောအုပ်၌ မိုးတွင်းကာလဖြစ်၍ မိုးသည် ခုနစ်ရက်ခုနစ်လီ ရွာနေလေ၏။

ဤတွင် မျက်နှာနီစပ်စပ်ရှိသည့် မျောက်ငယ်တစ်ကောင်သည် မိုးဒဏ်မှ ကာကွယ်ပေးနိုင်သော ကျောက်ဂူတစ်ခုတွင် လုံခြုံစွာ နေထိုင်လေ၏။ ထိုအချိန်၌ မျောက်မည်းကြီးတစ်ကောင်သည် မိုးစိုဒဏ်ကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းအေးလျက် နားခိုစရာမဲ့ ဖြစ်နေပေ၏။ ဤတွင် မျောက်ငယ်နေထိုင်သော ကျောက်ဂူကို မြင်တွေ့သည့်အခါ...

http://www.dhammadownload.com



"ငါသည် ဤမျောက်ငယ်ကို နှင်ထုတ်၍ ဤကျောက်ဂူကို အပိုင်စီးရမည်"

ဟူ၍ ကြံစည်ကာ မျောက်ငယ်နှင့် ဦးစွာမိတ်ဖွဲ့၏။ ပြီးလေသော် ၎င်း၏ဝဖြိုးနေသော ဝမ်းဗိုက်ကိုပြ၏။ ထို့နောက်

"အို မျောက်ငယ် ယခုအခါ ရေသဖန်းပင်၊ ပညောင်ပင်၊ ညောင်ချဉ်ပင်တို့သည် အသီးများသီးကာ ရင့်မှည့်နေကြပေပြီ။ အပြင်သို့ထွက်၍ နှစ်သက်ရာ အသီးတို့ကို သွားရောက်ခူးဆွတ်စားသောက်လော့။ ထိုအခါ သင်လည်း ငါကဲ့သို့ ဆူဝဝဖြိုးလိမ့်မည်"

ဟူ၍ ဥပါယ်တံမျဉ်ဖြင့် ကျောက်ဂူမှ ပထုတ်လေ၏။ မျောက်ငယ်လည်း မျောက်ကြီး၏စကားကို ကြားလေသော် အသီးတို့ကို စားလိုစိတ်ဖြစ်ပေါ်လာသဖြင့် ကျောက်ဂူမှထွက်လာခဲ့လေ၏။ ထို့နောက် တောအုပ်အတွင်းသို့ လှည့်လည်ရှာဖွေရာ မည်သည့်သစ်သီးကိုမျှ မတွေ့ရသဖြင့် ၎င်း၏ကျောက်ဂူရှိရာသို့ ပြန်လာခဲ့လေ၏။ ဤတွင် ကျောက်ဂူအတွင်း၌ မျောက်မည်းကြီးမှာ အခန့်သားနေရာယူထားပြီးပေပြီ။

"ဤမျောက်မည်းကြီးကား ငါ၏ကျောက်ဂူနေရာကို လိုချင်၍ ငါ့အား လိမ်ညာလှည့်ဖြားကာ အပြင်သို့ ပထုတ်ခြင်းဖြစ်၏။ ငါလည်း ၎င်းအား တစ်ဖန်ပြန်၍ လှည့်ဖြားပါအံ့"

မျောက်ငယ်လည်း ထိုသို့ ကြံစည် စိတ်ကူးပြီးသည့်သကာလ–

http://www.dhammadownload.com



"အို...မျောက်ကြီး၊ ငါသည် ဤယနေ့၌ အသီးမှည့်တို့ကို စားရသဖြင့် ဝဖြိုးသကဲ့သို့၊ သင်သည်လည်း ထို့အတူ ဝဖြိုးအောင် အပြင်သို့ထွက်၍ စားပါလော့။ ငါသည် ကြီးသူကို ရိုသေသဖြင့် ပြောကြားခြင်း ဖြစ်ပါ၏။"

ဟူ၍ ပြောလေ၏။ မျောက်ကြီးလည်း မျောက်ငယ်၏ စကားကို ကြားလျှင်

"အို... မျောက်ငယ်၊ တော၌ ကျင်လည်ကျက်စားသော မျောက်သည် တော၌ ကျင်လည်ကျက်စားသော မျောက်ကို လှည့်ပတ်ဖြားယောင်း၍ ပြောဆိုသောစကားအား မယုံကြည်ရာ။ မျောက်ကြီးဖြစ်သော ငါ့အဖို့ သင်ကဲ့သို့ မျောက်ငယ်၏ပြောစကားအား အဘယ်မှာလျှင် ယုံကြည်မှာတဲ့နည်း"

ဟူ၍ ပြောဆို၏။ ထို့နောက်

"အချင်း... မျောက်ငယ်။ ဟိမဝန္တာတောအုပ်တစ်ခုလုံး၌ သစ်သီးကြီးငယ်တို့သည် မိုးစိုသဖြင့် ကြွေကျကုန်ပေပြီ။ သင့်နေရာကို ငါယူ၍ ထားပေပြီ။ သင့်အဖို့ နေရာမရှိတော့။ သင်... ဤနေရာမှ ထွက်သွားပါလော့"

ဟု ပြောဆို နှင်ထုတ်လေရာ မျောက်ငယ်လည်း အရပ်တစ်ပါးသို့ ဖဲခွာသွားရလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ရဟန်းတို့... ထိုအခါက မျောက်ငယ်သည် ယခုအခါ

http://www.dhammadownload.com



ကျောင်းနေရဟန်း ဖြစ်လာ၏။ ထိုအခါက မျောက်မည်းကြီးကား ယခုအခါ သူတစ်ပါးကျောင်းကို လုယူနေထိုင်သော အာဂန္တုရဟန်း ဖြစ်လာပြီး ရက္ခစိုးနတ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၂၉၉။ ကောမရပုတ္တဇာတ်



http://www.dhammadownload.com

[၂၉၉]

# ကောမရပုတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ်၌ အစဉ်ရှေးရှု သနားကရုဏာ ထားလေ့ရှိသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလ၌ ရဟန်းအချို့သည် အေးချမ်းငြိမ်သက်စွာ မနေကြဘဲ ကစားလေ့ရှိကြ၏။ ပြာသာဒ်အထက်ထပ်၌ ဘုရားရှင် သီတင်းသုံးတော်မူသည်ရှိသော် ၎င်းရဟန်းတို့သည် အောက်ထပ်တွင်နေထိုင်ကာ မြင်ဖူး, ကြားဖူးသောစကား အစရှိသည်တို့ကို ပြောဆိုကြကုန်လျက် ခိုက်ရန်ဖြစ်ပွားခြင်း၊ ပြက်ရယ်ပြုခြင်းတို့ကို ပြုမူကြကုန်၏။

ဤတွင် ဘုရားရှင်လည်း ရှင်မောဂ္ဂလာန်ကို ခေါ်တော်မူ၍–

"ချစ်သား... မောဂ္ဂလာန်၊ ထိုရဟန်းတို့ကို ထိတ်လန့်အောင် ပြုလော့"

http://www.dhammadownload.com



ဟူ၍ မိန့်တော်မူ၏။ ရှင်မောဂ္ဂလာန်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ကောင်းကင်သို့ တန်ခိုးတော်ဖြင့် ပျံတက်၏။ ထို့နောက် ပြာသာဒ်၏ထုပိကာကို ခြေမတော်ဖြင့် တိုက်ခတ်လျက် ပြာသာဒ် တစ်ခုလုံးသွက်သွက်ခါအောင် တုန်လှုပ်စေ၏။ ဤတွင် ပြာသာဒ် အတွင်းရှိ ရဟန်းတို့လည်း သေဘေးမှ ကြောက်ရွံ့ကြသည် ဖြစ်၍ ပြာသာဒ်တွင်း မနေဝံ့တော့ဘဲ ပြာသာဒ်အပြင်သို့ထွက်ကာ နေကြရကုန်၏။ သို့ဖြင့် အဆိုပါ ရဟန်းအချို့၏ ကစားတတ်သော အလေ့သည် သံဃာ့ဘောင်တွင် ထင်ရှားလေ၏။

တစ်နေ့သော် ရဟန်းတို့သည် တရားသဘင်၌ စုပေါင်းဆုံမိကြသည့်အခိုက်

"ငါ့ရှင်တို့ အချို့သော ရဟန်းတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြုပါလျက် ကစားသောအလေ့ဖြင့်သာ နေကြကုန်၏။ ကမ္မဋ္ဌာန်းတရားကို အားမထုတ်ကြကုန်"

ဟူ၍ အချင်းချင်း စပ်မိစပ်ရာ ပြောဆိုနေကြလေ၏။ ထိုအခါ ဘုရားရှင်ကြွတော်မူလာပြီး အကြောင်းစုံ ကြားသိရလေသော်–

"ရဟန်းတို့... ထိုရဟန်းတို့သည် ယခုအခါ၌သာ ကစားတတ်သော အလေ့ရှိသည်မဟုတ်၊ ရှေးအခါ၌လည်း ကစားတတ်သော အလေ့ရှိဖူးပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

http://www.dhammadownload.com



ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက ရွာငယ်တစ်ရွာတွင် 'ကောမာရပုတ္တ'အမည်တွင်သည့် ပုဏ္ဏား တစ်ဦး ရှိလေ၏။ ထိုပုဏ္ဏားသည် ရင့်ကျက်ချိန်သို့ ရောက်သည် ရှိသော် လူ့ဘောင်ကို စွန့်ကွာလျက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောသို့ ထွက်လေ၏။

ထိုအခါ ဂစားခြင်းကို ဝါသနာထုံသည့် အခြားသော ရသေ့တို့သည် ဟိမဝန္တာအရပ်မှာပင် ကျောင်းဆောက်ကာ နေထိုင်သီတင်းသုံးကြကုန်၏။ ထိုရသေ့တို့ကား မည်သည့် ကသိုဏ်း ပရိကံမျှလည်း မရှိကြကုန်။ အလဟဿ ရယ်ရွှင် မြူးထူးလျက် အထူးထူးအပြားပြားအားဖြင့် ကစားပျော်မွေ့ကာ အချိန်ကာလကို ကုန်လွန်စေကြ၏။ ထိုရသေ့တို့ထံ၌ မျောက် တစ်ကောင် ရှိ၏။ ထိုမျောက်လည်း ရသေ့တို့ကဲ့သို့ပင် ကစား တတ်သော အလေ့ရှိ၏။ မျက်နှာကို ရှုံ့မဲ့ကာ အထူးထူးအပြား ပြား ပြုလျက် ကစားလေ့ရှိ၏။

ရသေ့တို့လည်း ထိုအရပ်၌ ကြာမြင့်စွာ နေခဲ့ကြရာမှ ချဉ်ဆားမှီဝဲလိုသဖြင့် အရပ်တစ်ပါးသို့ သွားကြကုန်၏။ ထိုအခါ ကောမာရပုတ္တ ရသေ့သည် ထိုရသေ့တို့ နေခဲ့သော ကျောင်း သင်္ခမ်းသို့ သွားရောက်ကာ နေလေ၏။ ဤတွင် ရသေ့တို့နှင့် လိုက်ပါမသွားသော မျောက်သည် ကောမာရပုတ္တရသေ့ကား ရှေးက ရသေ့တို့ကဲ့သို့ မှတ်ယူကာ ကစားခြင်းအမှုကို ပြု၏။ ထိုအခါ ကောမာရပုတ္တရသေ့လည်း–

http://www.dhammadownload.com



"အချင်း...မျောက်၊ ကောင်းသောအကျင့်ရှိသော ရသေ့တို့ထံနေသော သူသည်ကားကောင်းသောအကျင့်နှင့် ပြည့်စုံရာ၏။ ကိုယ်, နှုတ်, နှလုံးသုံးပါးကို စောင့်ရှောက်ရ၏"

ဟူ၍ ပြောဆိုကာ အဆုံးအမကို ပေးလေ၏။ မျောက်လည်း ထိုအခါမှစ၍ သူတော်ကောင်းတရားနှင့် ယှဉ်ပါးကာ သီလအကျင့်နှင့် ပြည့်စုံ၍ လာလေ၏။ ကာလအနည်းငယ်ကြာသော် ကောမာရပုတ္တရသေ့လည်း အရပ်တစ်ပါးသို့ ကြွသွားခဲ့လေ၏။

ထိုအခါ ကစားခြင်းအလေ့၌ မွေ့လျော်ကြကုန်သော ရသေ့တို့သည် မူလနေရာသို့ ပြန်လာကြကုန်၏။ ထိုအခါ၌ မျောက်လည်း ရှေးကအခါကကဲ့သို့ ရသေ့တို့အား ကစားခြင်းအမှုကို မပြုပေ။ ထိုအခါ ရသေ့တို့သည် မျောက်အား...

"အချင်း... မျောက်၊ သင်ကား ရှေးအခါကကဲ့သို့ ငါတို့နှင့် သက်ဝင်ရောနှောကာ အဘယ်ကြောင့် မကစားဘဲ နေရပါသနည်း။ မျက်နှာကိုလည်း ရှုံ့မဲ့ခြင်း မပြုတော့။ သင်၏ ယခုအပြုအမူကို ငါတို့ မနှစ်သက်ကုန်"

ဟူ၍ ပြစ်တင်ကဲ့ရဲ့စကား ဆိုကြလေ၏။ ထိုအခါ မျောက်လည်း

"အို... ရသေ့တို့၊ အကြားအမြင် ဗဟုသုတရှိသော သူတော်ကောင်းတရားနှင့် ပြည့်စုံသော အကျင့်သီလသိက္ခာ သမာဓိပြည့်ဝသော ကောမာရပုတ္တရသေ့၏ အလွန်စင်ကြယ်သော အဆုံးအမကို ငါပြောဆိုပါမည်။ သင်တို့

http://www.dhammadownload.com



နားထောင်ကြကုန်လော့။ ယခုအခါ ငါ့အား ရှေးကကဲ့သို့ မမှတ်ယူကြနှင့်။ ငါကား ဆရာကောင်းရရှိပြီဖြစ်၍ ဈာန်ရဖို့ရာ အားထုတ်ကာနေ၏”

ဟူ၍ ပြန်ကြားပြောဆိုလိုက်လေ၏။ ထိုအခါ ရသေ့တို့သည် မျောက်၏စကားကို ကြားလျှင်

“ဟယ်... မျောက်၊ ကျောက်ဖျာ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် မိုးမည်မျှ ရွာသော်လည်း အပင်မပေါက်နိုင်။ သင်ကား မွန်မြတ်စင်ကြယ်သော ဈာန်တရားကို ကြားရရုံမျှ ကြားရ၏။ သင်ကဲ့သို့သော တိရစ္ဆာန်အဖို့ ဈာန်တရား အရာမှ ဝေးလာ၏”

ဟူ၍ ပြောဆိုကဲ့ရဲ့ ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်, နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

“ရဟန်းတို့ ထိုအခါက ကစားလေ့ရှိသော ရသေ့အချို့သည် ယခုအခါ ကစားလေ့ရှိသော ရဟန်းအချို့ ဖြစ်လာကြ၏။ ထိုအခါက ကောမာရပုတ္တရသေ့ကား ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၃၀၀။ ဝကဇာတ်



http://www.dhammadownload.com

# [၃၀၀]

## ဝကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့ မှီခိုကိုးကွယ်ရာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးနေတော်မူစဉ် သုံးလပတ်လုံး ကိုယ်တော်တစ်ပါးတည်း ကိန်းအောင်းတော်မူ၏။ မည်သူမည်ဝါမျှ ဖူးမြင်ခွင့် မရကြကုန်။

ထိုကာလတွင် ဥပသေနထေရ်သည် ရဟန္တာဖြစ်ပြီးလျှင် ကိလေသာတို့ကို ခါတွက်ပစ်နိုင်သည့် အကျင့်ဖြစ်သော ဓုတင်ကိုဆောင်လေ၏။ မိမိထံရှိနေသော တပည့်တို့ကိုလည်း ဓုတင်ကို ဆောင်စေ၏။ မြတ်စွာဘုရားထံ ပရိသတ်နှင့်တကွ ကြလာသော အခါ အလိုရှိတိုင်း ဖူးမြင်ခွင့်ကို ရကုန်၏။ မြတ်စွာဘုရားရှင်လည်း ထိုအခါမှစ၍–

http://www.dhammadownload.com



"ခုတင်ဆောင်သော ရဟန်းတို့အနေဖြင့် ငါဘုရားရှင်အား အလိုရှိတိုင်း ဖူးမြင်ကြကုန်"

ဟူ၍ ခွင့်ပြုတော်မူလေ၏။

အဆိုပါ သတင်းသည် ရဟန်းဘောင်၌ ပျံ့နှံ့သွားလေသောအခါ ရဟန်းတို့လည်း ခုတင်ကိုဆောင်ကြကုန်၏။ ထိုအခါ ဘုရားရှင်အား အလိုရှိတိုင်း ဖူးမြင်ခွင့် ရရှိကြကုန်၏။ မြတ်စွာဘုရားရှင်သည် ကိုယ်တော်တစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူသည်ရှိသော် ပံ့သုကူသင်္ကန်းတို့ကို စွန့်ကာ မိမိတို့ဆောင်မြဲအတိုင်းဖြစ်သော သပိတ်သင်္ကန်းတို့ကို ဆောင်ယူ၍ သွားကြကုန်၏။

ဘုရားရှင်သည် ရဟန်းတို့နှင့် ကျောင်းစဉ် လှည့်လည်လေသောအခါ ပံ့သုကူသင်္ကန်းတို့ကို မြင်၍ အကြောင်းရင်းမှန်ကို သိတော်မူသည်ရှိသော်

"ရဟန်းတို့ ဤရဟန်းတို့၏ ခုတင်ဆောက်တည်ခြင်းကား ကြာမြင့်စွာ မတည်သော သစ်ကျုတ်၏ ဥပုသ်ဆောက်တည်ခြင်းနှင့် တူပေ၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက သစ်ကျုတ်တစ်ကောင်သည် ဂင်္ဂါမြစ်အနီးရှိ ကျောက်ဖျာ၌

http://www.dhammadownload.com



နေလေ၏။ ဂင်္ဂါမြစ်၌ ဆီးနှင်းတို့ကျသောအခါ ဆီးနှင်းရေတို့သည် ဂင်္ဂါမြစ်ရေနှင့် ပေါင်းစပ်၍ ကျောက်ဖျာအား ခြံရံဝိုင်းပတ်လေ၏။ ကျောက်ဖျာထက်၌ နေသော သစ်ကျုတ်အဖို့ ကျက်စားရာလည်း မရှိ။ ကျက်စားရန်အတွက် သွားရမည့် လမ်းလည်း မရှိ။ ရေတို့မှာလည်း တဖြည်းဖြည်း တိုးပွား၍သာ လာနေ၏။

ထိုအခါ သစ်ကျုတ်လည်း...

"ငါ့အဖို့ ကျက်စားရာသို့ သွားသော လမ်းလည်း မရှိ။ သည့်အတွက် ကျောက်ဖျာထက်မှ ဆင်းသက်ပါက ပျက်စီးမည့်အရေးအတွက် ဥပုသ်စောင့်နေရခြင်းကား မြတ်သေး၏"

ဟူ၍ ကြံစည်လျက် အဓိဋ္ဌာန်ပြုကာ ဥပုသ်ဆောက်တည်ကာ အိပ်စက်၍သာ နေလေ၏။ ထိုအခါ သိကြားမင်းလည်း ဆင်ခြင်လတ်သည်ရှိသော် သစ်ကျုတ်၏ အားနည်းလှစွာသော သီလဆောက်တည်ခြင်းကို သိရှိကာ ၎င်း၏ဥပုသ်သီလအား စုံစမ်းရန်အတွက် ဆိတ်အသွင်ဖန်ဆင်းကာ သစ်ကျုတ်အနီး၌ ရပ်လျက် ကိုယ်ထင်ပြလေ၏။ ဤတွင် သစ်ကျုတ်လည်း ဆိတ်ကိုမြင်သည် ရှိသော်–

"ငါ့အတွက် အစာကို တွေ့မြင်ရပေပြီ။ သို့ဖြစ်ရာ နောက်နေ့မှပင်ဥပုသ်ဆောက်တည်တော့မည်"

ဟူ၍ အိပ်စက်ရာမှထ၍ ဆိတ်ကိုဖမ်းရန် ပြုလေ၏။ ဆိတ်လည်း ဟိုဟိုသည်သည် ပြေးလွှား၍ အဖမ်းမခံပေ။ သစ်ကျုတ်

http://www.dhammadownload.com



လည်း ဆိတ်အား မည်သို့မျှ ဖမ်းဆီးမရနိုင်သည်ကို သိရှိသွားသောအခါ စိတ်လျှော့လျက် ငါကား ဥပုသ်မပျက်သေးဟူ၍ ရှေးနည်းအတိုင်းပင် အိပ်စက်ပြန်လေ၏။ ဤတွင် သိကြားမင်းလည်း ကိုယ်ထင်ပြကာ ကောင်းကင်တွင်ရပ်လျက် –

"ဟယ်... သစ်ကျူတ်၊ သင်ကား အလွန်အားနည်းသော ဥပုသ်ဆောက်တည်သဖြင့် အဘယ်မှာလျှင် အကျိုးရှိအံ့နည်း။ သင်သည် ငါ့ကို သိကြားမှန်း မသိ၍ ငါဖန်ဆင်းအပ်သော ဆိတ်ကို စားသောက်ရန် ကြိုးစားဘိ၏"

ဟူ၍ ကဲ့ရဲ့စကားဆိုပြီး နတ်ပြည်သို့ တက်လေ၏။

မြတ်စွာဘုရားရှင်လည်း ဤသို့လျှင် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်


"ရဟန်းတို့ ထိုစဉ်အခါက သိကြားမင်းသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၀၁။ စူဠကာလိင်္ဂဇာတ်



http://www.dhammadownload.com

# ကာလိင်္ဂဝဂ်

## [၃၀၁]

## စူဠကာလိင်္ဂဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် တရားဓမ္မတို့ဖြင့် အမြိုက်နိဗ္ဗာန်သို့ လမ်းညွှန်မှုပြုသော ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ဝေသာလီပြည်၌ ခုနစ်ထောင်၊ ခုနစ်ရာ့ခုနစ်ယောက်သော လိစ္ဆဝီမင်းတို့ နေထိုင်ကြကာ ၎င်းမင်းတို့သည် မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့အပေါ်၌ နှစ်သက်ကြကုန်၏။ ထိုကာလမှာပင် ဝေသာလီပြည်သို့ ဝါဒငါးရာတို့၌ လိမ္မာသော နိဂဏ္ဌတစ်ဦးသည် ရောက်ရှိလာလေ၏။ ထို့အတူပင် ဝါဒငါးရာတို့၌ လိမ္မာသော နိဂဏ္ဌမတစ်ဦးလည်း ထပ်မံရောက်ရှိလာပြန်၏။ ထိုအခါ လိစ္ဆဝီမင်းတို့လည်း ထိုနိဂဏ္ဌနှစ်ယောက်တို့ကို

http://www.dhammadownload.com



အချင်းချင်း မေးမြန်းခြင်း, ဖြေဆိုခြင်း, စကားပြောဆိုခြင်းတို့ကို ပြုစေကုန်၏။ ၎င်းတို့နှစ်ဦးလည်း တူမျှသော အစွမ်းသတ္တိ ရှိကြကုန်၏။

လိစ္ဆဝီမင်းတို့လည်း နိဂဏ္ဌနှစ်ယောက်တို့ကို ထိမ်းမြား လက်ထပ်ပေးခြင်းဖြင့် မွေးဖွားလာကြသော သားသမီးတို့သည် အလွန်လိမ္မာကြကုန်လတ္တံ့ဟူ၍ ကြံစည်ကာ ထိမ်းမြားလက်ထပ် စေကုန်လျက် အတူတကွ နေစေကုန်၏။

ကာလအတန်ကြာလေသော် သမီးလေးယောက် ဖွားမြင်ကုန်၏။ ထိုသမီးတို့အား 'သစ္စကာ'၊ 'လောလာ'၊ 'ဘဝစာရိကာ'၊ 'ပဋိစ္ဆဒါ' ဟူ၍ အမည်ပေးကြကုန်၏။ သည့်နောက် သားတစ်ယောက် မွေးဖွားလာပြန်၏။ ထိုသားကို 'သစ္စက'ဟု အမည်ပေးကြပြန်၏။ သားသမီးတို့ အရွယ်ရောက်သည်ရှိသော် အမိဖက်ဝါဒငါးရာ၊ အဘဖက်က ဝါဒငါးရာ စုစုပေါင်း ဝါဒတစ်ထောင်တို့ကို သင်ယူတတ်မြောက်ကုန်၏။

အမိအဖတို့သည် သမီးလေးယောက်အား-

"ချစ်သမီးတို့... သင်တို့၏ အယူဝါဒကို ဖျက်ဆီးနိုင်သူ တို့၏ခြေရင်း၌ လူဖြစ်ပါက သားမယားအဖြစ် လုပ်ကျွေးရစ်ကြကုန်။ ရဟန်းဖြစ်ပါက ရဟန်းပြုရစ်ကြကုန်"

ဟူ၍ အဆုံးအမပေးကုန်၏။ သို့ဖြင့် မိဘနှစ်ပါးတို့ သေလွန်သည်ရှိသော် သစ္စကသည် ဝေသာလီပြည်၌ပင် လိစ္ဆဝီမင်းသားတို့အား ပညာသင်ကြားကာ နေလေ၏။ သမီးလေး

http://www.dhammadownload.com



ယောက်တို့သည်ကား သပြေခက်ကိုကိုင်ကာ ပုစ္ဆာမေးမြန်းရန် မြို့ရွာအစဉ်အတိုင်း လှည့်လည်ကြကုန်၏။

သာဝတ္ထိပြည်သို့ ရောက်သည်ရှိသော် မြို့တံခါးဝ၌ စုပုံထားသော သဲပုံအစုတွင် သပြေခက်ကို စိုက်၍–

"ငါတို့မေးသော ပုစ္ဆာကို ဖြေဆိုနိုင်သောသူသည် ဤသဲပုံစုကို ခြေဖြင့် ကန်ကျောက်၍ ဤသပြေခက်ကိုလည်း ခြေဖြင့်နင်းစေလော့"

ဟူ၍ အနီးအနားရှိ လူတို့ကို မှာထားကာ မြို့တွင်းသို့ ဆွမ်းခံဝင်ကုန်၏။ ထိုအချိန်၌ ရှင်သာရိပုတ္တရာ ဆွမ်းခံဝင်သည်ရှိသော် မြို့တံခါးအနီး သဲပုံ၌ စိုက်ထားသော သပြေခက်ကို မြင်၍ မေးမြန်းရာ အနီးရှိ သူငယ်တို့က အကျိုးအကြောင်း လျှောက်ထားကြ၏။ ထိုအခါ ရှင်သာရိပုတ္တရာလည်း ထိုသူငယ်တို့ကိုပင် သဲပုံနှင့် သပြေခက်အား ဖျက်ဆီးစေပြီး

"သူငယ်တို့ သပြေခက်စိုက်ထိုးသူများ ဤနေရာသို့ ရောက်လာ၍ ပုစ္ဆာမေးမြန်းလိုပါက ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့ လာရောက်စေလော့"

ဟူ၍ မှာကြားကာ မြို့တွင်းသို့ ဆွမ်းခံဝင်၏။ ဆွမ်းစားပြီးလေသော် ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ နေတော်မူလင့်၏။

ထိုအချိန်တွင် ပရိဗိုဇ်မတို့လည်း ဆွမ်းခံရာမှ ပြန်လာသောအခါ ၎င်းတို့စိုက်ထိုးထားသော သပြေခက်အား နင်းခြေခံထားရသည်ကိုမြင်သော် အကျိုးအကြောင်းကို မေးမြန်းကြရာ အကြောင်းစုံကို သိပြီးသကာလ ရှင်သာရိပုတ္တရာ ရှိနေမည့်

http://www.dhammadownload.com



ကျောင်းတော်တံခါးမုခ်သို့ ရှေ့ရှု၍ သွားကြလေ၏။ ပရိသတ် အပေါင်းလည်း နောက်တော်ပါးမှ တစ်စုတစ်ဝေးတည်း လိုက်ပါ ကြလေ၏။

ကျောင်းတော်တံခါးမုခ်သို့ ရောက်သည်ရှိသော် ရှင်သာရိ ပုတ္တရာအား တွေ့ရလေရာ ပရိဗိုဇ်မလေးဦးလည်း ဝါဒတစ် ထောင်ကို မေးမြန်းကြကုန်၏။ ၎င်းတို့ မေးမြန်းသမျှကို ရှင်သာရိ ပုတ္တရာလည်း တစ်လုံးတစ်ပါဒမျှ မခြွင်းမချန်, မကြွင်းမကျန် ပြေဆိုနိုင်ခဲ့၏။ ဤတွင် ရှင်သာရိပုတ္တရာက

"သင်တို့မေးသမျှ ငါအကုန်အစင် ဖြေကြားခဲ့ပြီးပေပြီ။ ယခု ငါ မေးပါဦးမည်။ သင်တို့သည် 'တစ်ပါးသောဝါဒ' ဆိုသည်ကို သိကြပါသလော"

ဟူ၍ မေးမြန်းလေ၏။ ပရိဗိုဇ်မလေးဦးလည်း တစ်ဦး မျက်နှာတစ်ဦး ကြည့်လျက် မေးဆတ်ကြ၏။ ခေါင်းချင်းဆိုင် ကြ၏။ အဖြေကို ဖော်ထုတ်ရန် ကြိုးစားကြည့်ကြ၏။ သို့ရာတွင် အဖြေကား ပေါ်ထွက်မလာတော့ပေ။ ထိုအခါ...

"အရှင်... အကျွန်ုပ်တို့ မသိပါ"

ဟူ၍ လျှောက်ထားကြကုန်၏။

"ငါသည် သင်တို့အား ပုစ္ဆာတစ်ခုမေးမြန်းလို၏"

"အရှင် မေးတော်မူပါ။ သိလျှင် ဖြေဆိုပါမည်"

"ကောင်းပေပြီ ယခုပင် သင်မေးပါအံ့။ တစ်ခု မည်သည်ကား အဘယ်တရား ဖြစ်လေသနည်း"

ညီအစ်မလေးယောက်စလုံး မဖြေဆိုနိုင်ကြ။ သည့်အတွက်

http://www.dhammadownload.com



မသိကြောင်း လျှောက်၏။ ရှင်သာရိပုတ္တရာလည်း ကိုယ်တိုင်ပင် ဖြေဆိုတော်မူ၏။ ထိုအခါတွင် ပရိဗိုဇ်မတို့လည်း ဦးကျိုးသွား ပေပြီ။ ထိုအခါ ရှင်သာရိပုတ္တရာအား ရိုကျိုးစွာ ရှိခိုးလျက်=

"အရှင်ဘုရား အကျွန်ုပ်တို့ အရှင့်အား အရှုံးပေးပါပြီ။ အရှင်လည်း အကျွန်ုပ်တို့အား အောင်မြင်ခဲ့ပါပြီ။ အကျွန်ုပ်၏ အမိအဘတို့က

"ချစ်သမီးတို့ သင်တို့၏ အယူဝါဒကို ဖျက်ဆီးနိုင်သူတို့၏ ခြေရင်း၌ လူဖြစ်ပါမူ အလုပ်အကျွေးမယား ပြုရစ်ကြပါကုန်၊ ရဟန်းဖြစ်ပါမူ ရဟန်းပြုရစ်ကြကုန် ဟူ၍ မှာထားခဲ့ကြပါ၏။ သို့အတွက် အရှင်၏ ခြေတော် ရင်း၌ ရဟန်းပြုလိုကြပါ၏"

ဟူ၍ လျှောက်ထားကြကုန်၏။ ဤတွင် ရှင်သာရိပုတ္တရာလည်း ပရိဗိုဇ်မတို့အား ရှင်ဥပ္ပလဝဏ်ထေရီမထံ ရဟန်းပြုစေကုန်၏။ မကြာမြင့်မီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ရှင်သာရိပုတ္တရာနှင့် ပရိဗိုဇ်မတို့ အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာပြီး အကျိုးအကြောင်း သိသည့်တဒင်္ဂ–

"ရဟန်းတို့ ငါ၏ချစ်သား ပုတ္တရာသည် ယခုအခါ၌ ထိုမိန်းမတို့၏ ကိုးကွယ်ရာ မဟုတ်ပေ။ ရှေးအခါ၌လည်း ကိုးကွယ်ရာ ဖြစ်ခဲ့ဖူးပြီ။ ယခုအခါ၌သာ ရဟန်းအဖြစ်ကို

http://www.dhammadownload.com



ပေးသည်မဟုတ်။ ရှေးအခါ၌လည်း မိဖုရားအဖြစ်ကို ပေးခဲ့ဖူးပြီ”

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*　*　*

ရှေး လွန်လေပြီးသောကာလ။

ကာလိင်္ဂတိုင်း ဒန္တရပုရမြို့၌ လာလိင်္ဂမင်း မင်းပြုသည်ရှိသော် အဿကတိုင်း ပါဋလိပုတ်ပြည်၌လည်း အဿကမင်း မင်းပြုလေ၏။ ကာလိင်္ဂမင်းသည် စစ်သည်ဗိုလ်ပါနှင့် ပြည့်စုံ၏။ ဆင်ပြောင်အားကို ဆောင်နိုင်၏။ အမြဲစစ်ထိုးဘက်ကို ရှာ၍နေ၏။

တစ်နေ့သ၌ ကာလိင်္ဂမင်းသည်အမတ်တို့အား–

“အမတ်တို့ ငါသည် စစ်ထိုးခြင်းအမှုကို မွေ့လျော်၏။ သို့ရာတွင် စစ်ထိုးဘက်ကို မမြင်။ အဘယ်သို့ ပြုရပါအံ့နည်း”

ဟူ၍ မေးလေ၏။ အမတ်တို့ကလည်း

“မြတ်သောမင်းကြီး၊ အကြောင်းဥပါယ်တစ်ခုရှိပါ၏။ အရှင်မင်းကြီး၏ သမီးတော်လေးယောက်တို့သည် မြတ်သောအဆင်းကို ဆောင်ကုန်၏။ ထိုသမီးတော်လေးယောက်တို့ကို တန်ဆာဆင်စေလျက် ယာဉ်ပေါင်းချုပ်မှာ စီးစေပြီးလျှင် စစ်သည်ဗိုလ်ပါ အပေါင်းခြံရံကာ ရွာ၊ နိဂုံး၊ မင်းနေ

http://www.dhammadownload.com



ပြည်သို့ လှည့်လည်စေ၍ 'သမီးတော်တို့ကို ယူလိုသော မင်းနှင့် စစ်ထိုးမည်၊ စစ်ထိုးဝံ့လျှင် ယူကြကုန်လော့'ဟူ၍ ကြေညာစေရလျှင်ကောင်းမည်"

ဟူ၍ လျှောက်ထားကြကုန်၏။ ကာလိင်္ဂမင်းကြီး အမတ်တို့ ပေးသောနည်းအတိုင်း စီမံကာ သမီးတော်တို့ကို လွှတ်၍ ကြေညာစေ၏။ သမီးတော်တို့ ရောက်ရှိသော အရပ်ဒေသတိုင်း၌ မင်းတို့သည် အလွန်ကြောက်လန့်ကြသဖြင့် မြို့တော်သို့ မဝင်စေဘဲ လက်ဆောင်ပဏ္ဏာကိုသာ ဆက်သ၍ လွှတ်လိုက်ကြကုန်၏။

ဤသို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်လည်ကြေညာရာ အဿကတိုင်း ပါဋလိပုတ်မြို့တော်သို့ ရောက်ကုန်၏။ အဿကမင်းလည်း အလွန်ကြောက်လန့်သဖြင့် မြို့တံခါးကို ပိတ်စေ၍ လက်ဆောင်ပဏ္ဏာကိုသာ ပို့စေ၏။ ထိုအဿကမင်း၌ နန္ဒိသေအမည်ရှိသော ပညာရှိအမတ်တစ်ဦးရှိ၏။ ထိုနန္ဒိသေနအမတ်သည်–

"ဤမင်းသမီးတို့ လှည့်လည်ကြေညာ၍လာခဲ့ရာ စစ်ထိုးဘက်ကို မရကုန်။ သို့ဖြစ်လျှင် ဇမ္ဗူဒိပ်ကျွန်းအလုံးတွင် စစ်ထိုးဘက်ကို မရကုန်။ သို့ဖြစ်လျှင် ဇမ္ဗူဒိပ်ကျွန်းအလုံးသည် အချည်းနှီး ဖြစ်ရာ၏။ ငါသည် ကာလိင်္ဂမင်းနှင့် စစ်ထိုးမည်"

ဟူ၍ ကြံစည်ပြီးလျှင် မြို့တံခါးရှိရာသို့ သွားလေ၏။ တံခါးစောင့်ကို ခေါ်ကာ

http://www.dhammadownload.com



"အမောင်...ဤမင်းသမီးတို့ကို မြို့တွင်းသို့ ဝင်ကြပါစေ။ အရဏမင်း၏ ပုရိသသီဟဖြစ်၍ ကောင်းစွာဆုံးမအပ်ပြီးသော နန္ဒိသေန အမတ်ကြီးဖြစ်သော ငါသည် တံခါးကို အဖွင့်ခိုင်း၏။ သင်တို့သည် တံခါးကို ဖွင့်ကြကုန်လော့"

ဟူ၍ အမိန့်ပေးကာ မြို့တံခါးကို ဖွင့်စေ၏။ ထိုအခါ မင်းသမီးတို့ကို ဆောင်ယူ၍ အဿကမင်းကြီးအား ဆက်သလေ၏။ ပြီးလျှင်–

"အရှင်မင်းကြီး... မကြောက်ပါလင့်။ စစ်ထိုးရမည်ဆိုပါက အကျွန်ုပ်နိုင်အောင် စစ်ထိုးပါမည်။ ဤမင်းသမီးတို့ကား မြတ်သောသမီးတော်တို့ပါတည်း။ အဘိသိက်သွန်းလောင်း၍ မိဖုရားကြီးများအဖြစ် တင်မြှောက်ပါလော့"

ဟူ၍ လျှောက်ထားကာ မင်းကြီးအား အဘိသိက်သွန်းစေ၏။ မင်းသမီးတို့နှင့် ပါလာသော စစ်သည်ဗိုလ်ပါတို့ကိုလည်း

"အဆွေတော်တို့ သမီးတော်များကို အဿကမင်းကြီး၏ မိဖုရားကြီးတို့အရာ၌ ထားသောအဖြစ်ကို သင်တို့ တင်လျှောက်ထားပါကုန်"

မှာထားကာ ပြန်၍ လွှတ်လေ၏။ စစ်သည်ဗိုလ်ပါတို့လည်း ၎င်းတို့တိုင်းပြည်သို့ ပြန်ရောက်လျှင် မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏။ ထိုအခါ ကာလိင်္ဂမင်းကြီးသည်

"အဿကမင်းကား ငါ၏အစွမ်းကို မသိယောင်တကား"

http://www.dhammadownload.com



ဟူ၍ စိတ်ကို ဆုံးဖြတ်ပြီး သကာလ ခဏချင်းပင် စစ်သည်ဗိုလ်ပါတို့နှင့်တကွ ထွက်လေ၏။ နန္ဒိသေနအမတ်လည်း ကာလိင်္ဂမင်း လာသည်ကို သိလျှင် စစ်သည်ဗိုလ်ပါတို့နှင့်တကွ မိမိတို့နိုင်ငံ အပိုင်းအခြားသို့ ထွက်ကာ စောင့်လင့်၏။ ထို့နောက

"ငါတို့နိုင်ငံ အပိုင်းအခြားသို့ မကျူးကျော်ပါနှင့်။ မင်း နှစ်ပါးတို့ နိုင်ငံအပိုင်းအခြား၌ စစ်ထိုးခြင်း ဖြစ်လိမ့်မည်"

ဟူ၍ သတင်းစကား ပို့စေ၏။ ကာလိင်္ဂမင်းလည်း သတင်းစကားကို ကြားလျှင် မိမိနိုင်ငံ အပိုင်းအခြား၌သာနေ၏။ ထိုအခါ ရသေ့တစ်ပါးသည် တိုင်းအကြား၌ ကျောင်းဆောက်၍ နေ၏။ ကာလိင်္ဂမင်းသည်

"ရသေ့ရဟန်းတို့မည်သည် ပညာရှိ၏။ အရှုံးအနိုင်ကို သိရအောင် မေးမည်"

ဟူ၍ ကြံစည်ကား မထင်ရှားသော အသွင်ဖြင့် ရသေ့ထံပါးသို့ ကပ်၏။ ထို့နောက် ပဋိသန္ထာရ စကားကို ပြောဆိုပြီးလျှင်...

"အရှင်ဘုရား... ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်ထိုးရန် စီစဉ်နေကြပါ၏။ အဘယ်မင်းသည် နိုင်၍ အဘယ်မင်းသည် ရှုံးမည်နည်း"

ဟူ၍ လျှောက်၏။ ထိုအခါ ရသေ့လည်း...

"ဒါယကာ ငါကား အနိုင်အရှုံးကို မသိ။ စင်စစ်ကား ငါ့ထံသို့ သိကြားမင်းသည် လာလေ့ရှိ၏။ ၎င်းသည် အနိုင်

http://www.dhammadownload.com



အရှုံးကို သိပေလိမ့်မည်။ ၎င်းကို မေး၍ ငါ ပြောပါမည်။ မနက်ဖြန်ကျမှ ငါ့ထံသို့ လာခဲ့လော့”

ဟူ၍ ပြောလိုက်လေ၏။ ရသေ့လည်း သိကြားမင်း လာသောအခါ ထိုအကြောင်းကို မေးလျှင် သိကြားမင်းလည်း

“အရှင်ရသေ့... ကာလိင်္ဂမင်း နိုင်လတ္တံ့။ အဿက မင်းသည် ရှုံးလတ္တံ့။ ဤမည်သော ပုဗ္ဗနိမိတ် ထင်လတ္တံ့”

ဟူ၍ လျှောက်ထားလေ၏။ နောက်တစ်ရက်၌ ရုပ်ဖျက်၍ ကာလိင်္ဂမင်း လာသည်ရှိသော် ရသေ့လည်း သိကြားမင်း လျှောက်ထားသည့်အတိုင်း ပြန်လည်ပြောဆိုလိုက်ရာ ကာလိင်္ဂ မင်းလည်း ဝမ်းသာအားရဖြစ်ကာ ပြန်သွားလေ၏။ ထိုစကား သည် မကြာမီပျံ့နှံ့သွားလေရာ အဿကမင်းလည်း ကြားသိရ လေ၏။ ထိုအခါ နန္ဒိသေန အမတ်ကို ခေါ်၍ ထိုအကြောင်းကို ပြောလေရာ အမတ်လည်း...

“အရှင်မင်းကြီး... မစိုးရိမ်ပါနှင့်။ အနိုင်အရှုံးဆိုသည် ကို မည်သူ သိနိုင်ပါအံ့နည်း”

ဟု လျှောက်ထားလေ၏။ ထို့နောက် နန္ဒိသေနအမတ်သည် ရသေ့ထံ သွားရောက်ဆည်းကပ်၍ မေးမြန်းလေ၏။

“အရှင်ရသေ့ မည်သည့်မင်းနိုင်၍ မည်သည့်မင်း ရှုံး မည်နည်း”

“ဒါယကာ သိကြားမင်း၏စကားအရ ကာလိင်္ဂမင်း နိုင်၍ အဿကမင်းသည် ရှုံးလတ္တံ့”

“အရှင်ရသေ့ ပုဗ္ဗနိမိတ်ကား မည်သို့ထင်သနည်း”

http://www.dhammadownload.com



"ဒါယကာ နိုင်မည့်မင်း၏ အစောင့်နတ်သည် အလုံးစုံဖြူသောနွားလားဥသဘ ဖြစ်လတ္တံ့။ ရှုံးမည့်မင်း၏အစောင့်နတ်သည် အလုံးစုံနက်သော နွားလားဥသဘ ဖြစ်လတ္တံ့။ ထိုနတ်နှစ်ပါးတို့ ရှေးဦးစွာ စစ်ထိုး၍ အနိုင်အရှုံးကို ပြလတ္တံ့"

ထိုအခါ နန္ဒိသေနအမတ်သည် မင်း၏အဆွေခင်ပွန်း ဖြစ်ကုန်သော သူရဲကြီးတစ်ထောင်တို့ကို အနီးရှိတောင်ပေါ်သို့ ခေါ်၍

"အချင်းတို့ သင်တို့သည် မင်းကြီးအတွက် အသက်ကို စွန့်နိုင်ပါမည်လော"

ဟူ၍ မေးလေ၏။

"အရှင်... စွန့်နိုင်ပါအံ့"

"စွန့်နိုင်လျှင်... ဤတောင်ကမ်းပါးပြတ်၍ ခုန်ချဝံ့ပါသလော"

"အရှင်... ခုန်ချဝံ့ပါ၏"

"အချင်းတို့ ကောင်းလေပြီ။ တောင်ကမ်းပါးပြတ်၌ ခုန်ချသဖြင့် အကျိုးမရှိ။ မင်းကြီးအား ချစ်သောစိတ်ဖြင့် မဆုတ်မနစ် စစ်ထိုးကြကုန်လော့"

ထိုသို့ဖြင့် တိုင်ပင်ညီညွတ်ကာ သွေးစည်း၍ ထားကြကုန်၏။ ထိုအချိန်တွင် ကာလိင်္ဂမင်းသည်။

"သိကြားမင်းသည် ငါ့အား မုချနိုင်မည်ဟု ပြောကြားခဲ့၏။ နိုင်မည်ဖြစ်သဖြင့် အဘယ်မှာလျှင် ပင်ပန်းစွာ လုပ်ဆောင်ရပါမည်နည်း"

http://www.dhammadownload.com



ဟု တွေးတောမိ၏။ ကာလိင်္ဂမင်း၏ စစ်သည်တို့မှာလည်း ၎င်းတို့၏ မင်းကြီးမှုချ စစ်နိုင်မည်ဟုဆိုကာ ပေါ့လျော့ကာ စည်းလုံးညီညွတ်ခြင်း မရှိကုန်။ တစ်ကွဲတစ်ပြား အစုလိုက်, အစုလိုက်သာ သက်သောင့်သက်သာနေကြကုန်၏။

မင်းနှစ်ပါးတို့လည်း စစ်ထိုးရန် မြင်းစီး၍ ထွက်ကြကုန်၏။ တစ်ဦးကိုတစ်ဦး ချဉ်းကပ်ကြကုန်၏။ အစောင့်အရှောက် နတ်တို့လည်း မင်းနှစ်ပါးရှေ့မှထွက်ကာ စစ်ထိုးရန် တစ်ဦးနှင့်တစ်ဦး ချဉ်းကပ်ကြကုန်၏။ ထိုနတ်တို့ကို မင်းနှစ်ပါးတို့သာ မြင်ကြရကုန်၏။ အခြားသူတို့ မမြင်ကြရကုန်။ ထိုအခါ နန္ဒိသေနအမတ်သည်–

"အရှင်မင်းကြီး အစောင့်အရှောက် နတ်များကို မြင်ပါ၏လော"

ဟုမေးလေ၏။ ဤတွင် အဿကမင်းကြီးကလည်း...

"မြင်ပေ၏။ ငါ၏နတ်ကား နွားလားဥသဘ အနက်ကြီးဖြစ်၍ ကာလိင်္ဂမင်း၏နတ်ကား နွားလားဥသဘအဖြူကြီးဖြစ်၏"

ဟု ဆိုလေ၏။ ထိုအခါ နန္ဒိသေနအမတ်လည်း–

"အရှင်မင်းကြီး စိုးရိမ်တော်မမူပါနှင့်။ အကျွန်ုပ်တို့နိုင်အောင် တိုက်ပါမည်။ သင်မင်းကြီးသည် မြင်းပေါ်မှ သက်ဆင်း၍ ဤလှံကို ကိုင်ပြီးလျှင် မြင်းကို မြောက်ဘက်နံပါး၌ထားကာ လက်ဝဲလက်ဖြင့်ထောက်လျက် ဤသူရဲကြီးတစ်ထောင်နှင့် လျင်မြန်စွာသွား၍ ကာလိင်္ဂမင်း၏ အစောင့်

http://www.dhammadownload.com



အရှောက်နတ်ကို ထိုးတော်မူပါလော့။ နောက်မှ အကျွန်ုပ်တို့ သူရဲကြီးတစ်ထောင်တို့သည် မင်းကြီးလှံဖြင့် ထိုးရာအရပ်သို့ လှံတစ်ထောင်ဖြင့် ထိုးကြပါကုန်အံ့။ ထိုအခါ အစောင့် အရှောက်နတ်သည် ပျက်စီးလတ္တံ့။ ၎င်းနတ် ပျက်စီးသည် ရှိသော် ကာလိင်္ဂမင်း စစ်ရှုံးလတ္တံ့။ အကျွန်ုပ်တို့ နိုင်လတ္တံ့"

ဟူ၍ စီစဉ်လျှောက်ထားလေ၏။ အဿကမင်းလည်း နန္ဒိသေနအမတ် စီစဉ်သည့်အတိုင်း ကာလိင်္ဂမင်း၏ အစောင့် အရှောက်နတ်ကို လှံဖြင့် တအားထိုးလေ၏။ သူရဲကြီးတစ်ထောင် တို့လည်း မင်းကြီးထိုးရာသို့ ဝိုင်း၍ ထိုးကြကုန်၏။ ထိုအခါ ကာလိင်္ဂမင်း၏ အစောင့်အရှောက် နတ်သည် ထိုနေရာမှာပင် သေပွဲဝင်လေ၏။ အစောင့်အရှောက်နတ် သေသည်ရှိသော် ကာလိင်္ဂမင်းသည် စစ်ရှုံးပြီဖြစ်၍ ချက်ချင်း ထွက်ပြေးလေ၏။ ထိုအခါ သူရဲကြီးတစ်ထောင်တို့သည်

"ကာလိင်္ဂမင်း ရှုံး၍ပြေးပြီး ကာလိင်္ဂမင်း ရှုံး၍ ပြေးပြီး"

ဟုညာပေးကာ ဝိုင်းဝန်း အော်ဟစ်ကြလေ၏။ ကာလိင်္ဂမင်း လည်း သေဘေးမှ ကြောက်ရွံ့သဖြင့် လျင်မြန်စွာ ပြေးလွှားရင်းမှ

"အို...အကျင့်မြတ်ကို ကျင့်သောရသေ့၊ သင်သည် မမှန်သောစကားကို ဆိုခဲ့လေတကား။ ဖြောင့်မှန်သူတို့သည် လွဲမှားသော စကားကို မဆိုကြကုန်"

ဟု အော်ဟစ်လျက် ရသေ့အား ဆဲရေးတိုင်းထွာကာ နောက်သို့ ပြန်လှည့်မကြည့်ဘဲ ၎င်း၏တိုင်းပြည်သို့ ဝင်ရောက်

http://www.dhammadownload.com



လေ၏။ ထိုမှ နှစ်ရက်, သုံးရက်လွန်မြောက်၍ ရသေ့ထံ သိကြားမင်းလာသည်ရှိသော်

"အသင် သိကြားမင်း သင်သည် အဘယ်ကြောင့် မဟုတ်မမှန်သော စကားကို ဆိုလေသနည်း"

ဟူ၍ ပြစ်တင်ကဲ့ရဲ့စကားဆိုလေ၏။ ထိုအခါ သိကြားမင်းက

"အရှင်ရသေ့ နတ်တို့ကား ပြောဆိုနိုင်ရုံသာ ပြောဆိုနိုင်ကြကုန်၏။ လုံ့လကိုမူ မပြုနိုင်ကြကုန်။ အရှင်ရသေ့သည် ဤစကားကိုကြားဖူးသည် မဟုတ်ပါလော။ အဿကတိုင်းသားတို့မှာ မိမိကိုယ်ကိုမိမိ ဆုံးမခြင်း၊ စိတ်ဓာတ်မပြိုကွဲဘဲ သမာဓိ ခိုင်ကျည်ခြင်း၊ လုံ့လပြုရာ၌ အညီအညွတ်ရှိခြင်း၊ သတ္တိစွမ်းရည်ထက်မြက်ခြင်း စသည်တို့ကြောင့် စစ်နိုင်ရခြင်း ဖြစ်ပေ၏။ လောက၌ လုံ့လ မပြုပါက မအောင်မြင်နိုင်"

ဟူ၍ ပြောကြားလေ၏။ ကာလိင်္ဂမင်း ပြေးသည်ရှိသော် အဿက မင်းသည် ပစ္စည်းဥစ္စာ၊ လက်နက်စသည်တို့ကို သိမ်းယူလျက် မိမိတိုင်းပြည်သို့ ဝင်လေ၏။ နန္ဒိသေန အမတ်လည်း ကာလိင်္ဂမင်းထံသို့

"သင်မင်းကြီး၏ သမီးတော် လေးပါးတို့ ရသင့်ရထိုက်သော အမွေအနှစ်တို့အား အမြန်ဆုံး လာရောက်ပေးပို့ရမည်"

ဟု ရာဇသံပါးလေ၏။ ကာလိင်္ဂမင်းလည်း စိုးရိမ်ထိတ်

http://www.dhammadownload.com



လန့်သဖြင့် သမီးတော်လေးပါးတို့ ရသင့်ရထိုက်သော အမွေအနှစ်တို့အား အမြန်ဆုံး ပေးပို့ရလေ၏။ မကြာမီမှာပင် မင်းနှစ်ပါးတို့သည် အမျက်ဒေါသ ပြေငြိမ်း၍ ငြိမ်းချမ်းညီညွတ်စွာ နေထိုင် သွားကြပေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်

"ရဟာန်းတို့ ထိုအခါ သမီးတော်လေးပါးတို့သည် ယခုအခါ ရဟန်းမိန်းမ လေးပါး ဖြစ်လာ၏။ နန္ဒိသေနအမတ်သည် သာရိပုတ္တရာဖြစ်လာပြီး ရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၀၂။ မဟာအဿာရောဟဇာတ်



http://www.dhammadownload.com

# [၃၀၂]

# မဟာအဿာရောဟဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်က ဖြစ်လေ၏။ ဘုရားရှင်သည် တရားသဘင်အတွင်း၌ ရဟန်းသံဃာတို့စုဝေး မိကြခိုက် ရှင်အာနန္ဒာကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ဗာရာဏသီပြည်ကို စိုးစံအုပ်ချုပ်တော်မူသော ဗာရာဏသီမင်းကြီးသည် တိုင်းပြည်အား တရားသဖြင့် အုပ်ချုပ်၏။ အလှူအတန်းတို့ကို မပြတ်ပေး၏။ ဥပုသ်သီတင်း သီလတို့ကို ဆောက်တည်၏။

http://www.dhammadownload.com



တစ်နေ့သ၌ ဗာရာဏသီမင်းသည် ပစ္စန္တရာဇ်အရပ်၌ ဆူပူ ထကြွနေသော သူခိုးဓားပြတို့၏ရန်ကို နှိမ်နင်းရန်အတွက် စစ်သည် ဗိုလ်ပါတို့ကို ဦးဆောင်လျက် စစ်ထွက်ခဲ့လေ၏။ သို့ရာတွင် ကံမကောင်းအကြောင်းမလှသဖြင့် အရေးမလှဘဲ ရှုံးနိမ့်ခဲ့ရ၏။ ထိုအခါ မင်းကြီးလည်း မြင်းစီးလျက် ရွာတစ်ရွာသို့ ဝင်ရောက်ပုန်းခိုရလေ၏။ အကြောင်းမသိသော ရွာသူရွာသားတို့ကား ရွာထဲသို့ မြင်းဝင်လျှင်ပင် ကြောက်လန့်တကြားဖြင့် ပြေးလွှားကာ အိမ်တွင်းသို့ ဝင်ရောက်ကြကုန်၏။ ရွာသားတစ်ဦးမှာမူကား ကြောက်လန့်ခြင်းမရှိ။ ပြေးလွှားခြင်းလည်း မပြုဘဲ မင်းကြီးအား ခရီးဦးကြိုဆိုပြီးလျှင်

"အကျွန်ုပ်တို့၏ မင်းကြီးကား ပစ္စန္တရာဇ်သို့ သွားပေ၏။ အဆွေသည် မည်သူဖြစ်လေသနည်း။ မင်းချင်းယောကျာ်း ဖြစ်လေသလော"

ဟူ၍ မေးမြန်းသည်ရှိသော မင်းကြီးလည်း မင်းချင်းဖြစ်ကြောင်း အဖြေပေးလေ၏။ ထိုအခါ ရွာသားလည်း မင်းကြီးအား ၎င်း၏အိမ်သို့ ခေါ်ဆောင်သွားပြီး ၎င်း၏အင်းပျဉ်၌ ရပ်စေ၍မယားဖြစ်သူအားခေါ်ကာ ခြေတို့ကို သန့်စင်ဆေးကြောစေ၏။ ပြီးလျှင် နေရာပေးပြီး ၎င်းတို့ တတ်စွမ်းသမျှသော ထမင်းအာဟာရတို့ကို ကျွေးမွေးပြုစုလေ၏။ မင်းကြီးလည်း ဆာလောင်သောဝမ်းကို ဖြည့်တင်းပြီးနောက် ရွာသားလင်မယား ခင်းပေးသောအိပ်ရာ၌ မောပန်းစွာဖြင့် အိပ်စက်လေတော့၏။

http://www.dhammadownload.com



ထိုအခါ အိမ်ရှင်ရှာသားလည်း မြင်း၏ကကြိုးတန်ဆာတို့ကိုချွတ်ကာ ထိန်းကျောင်းလျက် ရေသောက်စေ၏။ ကျောကို ဆီလူးပေး၏။ ထို့နောက် စိမ်းနုသောမြက်တို့ကို ရိတ်ကာ ကျွေးလေ၏။ မင်းကြီးလည်း အိမ်ရှင်ရှာသား၏ လုပ်ကျွေးပြုစုခြင်းကို သုံးလေးရက်မျှ ခံယူပြီးနောက်–

"အဆွေရှာသား... ကျွန်ုပ်သွားပါဦးမည်။ ကျွန်ုပ်၏အိမ်မှာ ဗာရာဏသီမြို့တွင်ရှိပြီး အများက ကျွန်ုပ်အား 'မြင်းစီးကြီး'ဟု ခေါ်ကြ၏။ အကြောင်းတစ်စုံတစ်ရာဖြင့် မြို့သို့ ရောက်လာသည်ရှိသော် တောင်တံခါး၌ ကျွန်ုပ်အကြောင်းကို မေးပါလော့"

ဟု ပြောဆိုကာ ပြန်သွားလေ၏။ မြို့၏ပြင်ပ၌ ရှိနေကြသော စစ်သူဗိုလ်ပါအပေါင်းသည် မင်းကြီး ပြန်လာသည်ကို မြင်လေသော် ခြံရံကြကုန်၏။ မင်းကြီးလည်း မြို့တွင်းသို့ ဝင်လေရာတွင် တောင်တံခါးရှိ တံခါးစောင့်အား ခေါ်၍ အခြားသူများကို ဖယ်ခွာစေပြီး နှစ်ကိုယ်ကြား စကားဆိုလေ၏။

"အမောင်... ပစ္စန္တရာဇ်အရပ်မှ ရှာသားတစ်ယောက်လာ၍ 'မြင်းစီးကြီး'ကို တွေ့လိုသည်ဆိုပါက သင်ကိုယ်တိုင် ငါ့ထံသို့ ပို့ဆောင်ပေးလေလော့။ သင့်အား ဆုတော်လာဘ်တော်များ ချပါမည်"

ဟူ၍ မှာကြားကာ နန်းတော်သို့ ဝင်လေ၏။

မင်းကြီးကား ပစ္စန္တရာဇ်ရှာသားအလာကို မျှော်တလင့်လင့်ဖြင့် စောင့်မျှော်ပါသော်လည်း ရှာသားကား ပေါ်လာခြင်း မရှိပေ။

http://www.dhammadownload.com



ထိုအခါ ရွာသားရောက်လာစေရန်အတွက် အကြောင်းကိစ္စတစ်ရပ်ကို စဉ်းစားမိသွားလေ၏။ ဤတွင် ရွာသားနေထိုင်သောပစ္စန္တရာဇ်အား အခွန်အတုပ်တို့ကို တောင်းခံစေ၏။ တစ်ကြိမ်တောင်းရုံမျှဖြင့်လည်း ရွာသားသည် ပေါ်မလာသေး။ နှစ်ကြိမ်သုံးကြိမ်တိုင်အောင် တောင်းခံသော်လည်း အရိပ်အယောင်မျှမမြင်။ သို့ဖြင့် နောက်ထပ် တစ်ကြိမ်တောင်းခံပြန်၏။ ထိုအခါရွာသူရွာသားအပေါင်းလည်း မကြာခဏ အခွန်ဆောင်နေရသဖြင့်မကျေမနပ်ဖြစ်ကာ ရွာသားထံ ရောက်သွားကြလေ၏။

"အရှင်... အရှင့်အဆွေတော် မြင်းစီးကြီးသည် အကျွန်ုပ်တို့ရွာသို့ ရောက်လာခဲ့၏။ သင်တို့ လင်မယားမှာလည်း အစွမ်းကုန် ဧည့်ဝတ်ပြုလိုက်ကြ၏။ သည့်အတွက်ကြောင့်ပင် အခွန်အတုပ်များ မကြာခဏ တောင်းခံလာခြင်းဖြစ်လေသလော။ အခွန်အတုပ်ကြောင့် အကျွန်ုပ်တို့မှာခေါင်းပင် မထောင်နိုင်ကြကုန်။ သည့်အတွက် အရှင်သည်မြို့သို့သွားကာမြင်းစီးကြီးနှင့်တွေ့ဆုံ၍ အခွန်တော် လွတ်ကင်းအောင် ဆောင်ရွက်ပေးပါလော့"

ဟူ၍ ရွာသူရွာသားအပေါင်းတို့က ဝိုင်းဝန်းတောင်းပန်ကြလေ၏။ ဤတွင် ရွာသားလည်း

"ကောင်းပေပြီ... အကျွန်ုပ်သွားပါမည်။ သို့ရာတွင်လက်ချည်းသက်သက်သွား၍ မကောင်းပါ။ အကြော်အလှော်မုန့်များကို ယူသွားမှ သင့်ပါမည်။ ထို့အပြင် ငါ၏မယားကိုလည်းကောင်း၊ ငါ၏သားနှစ်ယောက်ကိုလည်း

http://www.dhammadownload.com



ကောင်း ဝတ်စုံကောင်းကောင်း ဝတ်ဆင်စေရန် စီမံ၍ သွားကြပါမည်”

ဟု ပြောဆိုပြီး စီမံသင့်သည်တို့ကို စီမံကာ မိသားစုနှင့် အတူ ဗာရာဏသီမြို့သို့ ထွက်လာခဲ့ကြလေ၏။

သို့ဖြင့် မြို့တောင်တံခါးသို့ ရောက်သည်ရှိသော် တံခါးစောင့်အား

“အဆွေတံခါးမှောင့်... အကျွန်ုပ်သည် မြင်းစီးကြီး၏ မိတ်ဆွေ ရွာသားဖြစ်ပါ၏။ ယခု ၎င်းနှင့်တွေ့ရန် လာခဲ့ခြင်းဖြစ်ရာ မြင်းစီးကြီး၏အိမ်ကို လမ်းညွှန်ပေးပါလော့”

ဟု ဆိုလေ၏။ တံခါးစောင့်လည်း ဝမ်းသာအားရစွာဖြင့် ရွာသားမိသားစုအား မင်းကြီးထံ ပို့ဆောင်ပေးလေ၏။ မင်းကြီးလည်း ကတိရှိသည့်အတိုင်း တံခါးစောင့်အား ဆုလာဘ်များ ပေးသနားလေ၏။ မင်းကြီးလည်း ရွာသားကို တွေ့သည်ဆိုလျှင်ပင် ဝမ်းသာအားရ ခရီးဦးကြိုဆိုကာ ကျန်းမာကြောင်း နှုတ်ခွန်းဆက်ပြီး မြတ်သော ရာဇပလ္လင်၌နေစေ၏။ ပြီးလျှင် မိဖုရားကြီးကိုခေါ်၍ ရွာသား၏ခြေကို ဆေးစေရာ မင်းကြီးကိုယ်တိုင် ရေဇလားဖြင့် ရေကို လောင်းပေး၏။ မိဖုရားကြီးလည်း ခြေကို ဆေးကြောပေးပြီးသည့်နောက် ခြောက်သွေ့သော အခါတွင် နံ့သာဆီတို့ဖြင့် လိမ်းကျံပေးရလေ၏။ မင်းကြီးလည်း...

“အဆွေ ငါတို့အတွက် ခဲဖွယ်တစ်စုံတစ်ရာပါလေသလော”

ဟု မေးလေရာ ရွာသာလည်း ၎င်းတို့နှင့် ပါလာသော

http://www.dhammadownload.com



မုန့်တို့အား မင်းကြီးထံ ဆက်သလေ၏။ မင်းကြီးလည်း ကျေးလက်တောစာတို့ကို ရွှေခွက်ဖြင့် ခံယူပြီး မိမိလည်းသုံးဆောင်၏။ မိဖုရားကြီးနှင့်တကွ မှူးမတ်တို့ကိုလည်း သုံးဆောင်စေ၏။ ရွာသားလည်း ၎င်းတို့ စီမံလာခဲ့သော အဝတ်များကို မင်းကြီးထံ ဆက်သပြန်၏။ မင်းကြီးနှစ်လို ဝမ်းမြောက်စွာဖြင့်ပင် ထိုအဝတ်တို့ကို မိမိကိုယ်တိုင်လည်းဝတ်၏။ မိဖုရားကြီးကိုလည်း ဝတ်ဆင်စေ၏။ ပြီးလေသော ရွာသားအား ကောင်းမွန်သော ဘောဇဉ်တို့ကို စားသောက်စေ၏။

ထို့နောက် အမတ်တစ်ယောက်ကိုခေါ်၍–

"အမောင် ဤရွာသားအား ငါ့ကို ပြုပြင်ပေးသော နည်းအတိုင်း မုတ်ဆိတ်ဆံပင်တို့ကို ပြုပြင်၍ နံ့သာရေမိုးချိုးပေးပြီးလျှင် အသပြာတစ်သိန်းထိုက်တန်သည့် ကာသိတိုင်းဖြစ် အဝတ်တို့ကို ဝတ်ဆင်ပေးလော့။ မင်းမြောက်တန်ဆာတို့ကို ဆင်မြန်းပေးပြီး ငါ့ထံ ဆောင်ယူခဲ့ချေလော့"

ဟူ၍ အမိန့်ပေးလေ၏။ အမတ်လည်း မင်းကြီး၏အမိန့်အတိုင်း ပြည့်စုံစွာ စီမံပေးပြီးနောက် မင်းကြီးထံ ခေါ်ဆောင်လာခဲ့လေ၏။ ဤတွင် မင်းကြီးလည်း တစ်ပြည်လုံး သိစေရန် စည်လည်စေပြီးလျှင် ထီးဖြူအလယ်၌ မျဉ်းကိုတားစေ၍ တိုင်းပြည်တစ်ဝက်ကို ပေးလေ၏။ ထိုမှစ၍ မင်နှစ်ပါးတို့သည် အတူတကွ နေထိုင်စားသောက်ကြကုန်၏။ ချစ်ခြင်းတရားတို့လည်း မြဲမြဲကြလေ၏။ တစ်စုံတစ်ရာမျှ အဖျက်အဆီးမရှိ။ သားမယားတို့ကိုးလည်း ချီးမြှောက်ကုန်၏။ ဤတွင် အမတ်

http://www.dhammadownload.com



အချို့သည် မင်းကြီး၏ လုပ်ရပ်အပေါ် ကျေနပ်ခြင်း မရှိလေရကား မင်းကြီး၏သားတော်ထံ ချဉ်းကပ်ပြီး။

"အရှင်မင်းသား အရှင်၏ ဖခမည်းတော်သည် ဘာမဟုတ်သည့် ပစ္စန္တရာဇ်အရပ်မှ ရွာသားအား နန်းတော်သို့ ခေါ်ဆောင်ကာ မင်းစည်းစိမ်တစ်ဝက်ကို ပေးလေ၏။ အတူတကွလည်း နေထိုင် စားသောက်လေ၏။ မင်းကြီး ပြုသော အမှုကို အကျွန်ုပ်တို့ မသိကြကုန်။ အရှက်ရသည် သာသိပါ၏။ သည့်အတွက် မင်းကြီး၏လုပ်ရပ်အား လျှောက်ထားမေးမြန်း သင့်သည်ထင်ပါ၏အရှင်မင်းသား" ဟူ၍ တင်ပြလျှောက်ထားကြလေ၏။ မင်းသားလည်း အမတ်တို့၏စကားကို ကြားလျှင် ဖခမည်းတော် မင်းကြီးထံ ဝင်တွေ့ကာ မှူးမတ်တို့ပြောစကားများအပေါ် အခြေပြုလျက် တင်ပြလျှောက်ထားပြီး မသင့်လျော်ကြောင်း ပြောဆိုလေ၏။ ထိုအခါ ဗာရာဏသီမင်းကြီးလည်း

"ချစ်သား... ငါသည် စစ်ပွဲမှ ရှုံး၍ ကိုယ်လွတ်ရန်း ထွက်ပြေးလာရစဉ် သုံးလေးရက်မျှ အဘယ်၌ ခိုအောင်း နေရပါသနည်း။ ထိုအကြောင်းကို မှူးမတ်တို့နှင့်တကွ အခြားသူများကို မေးကြည့်ပါလော့"

ဟု ဆိုလေ၏။ ထိုအခါ သားတော်က...

"ခမည်းတော်ဘုရား၊ ထိုအကြောင်းကို သိလည်း မသိပါ။ မေးလည်း မမေးတော့ပါဘုရား"

ဟူ၍ လျှောက်ထားလေ၏။

http://www.dhammadownload.com



"ချစ်သား... ထိုကာလ၌ ငါသည် ထိုရွာသား၏ အိမ်၌ လုံခြုံစွာနေရသဖြင့် ကောင်းစွာ စားသောက်ရ၏။ ကောင်းစွာ အိပ်စက်ရ၏။ ရန်သူတို့၏ လက်မှ ကင်းလွတ်ခဲ့ရ၏။ သူ့ကျေးဇူးရှိ၍သာ မင်းနေပြည်တော်သို့ ပြန်လာနိုင်ပြီး မင်းအဖြစ်ကို ပြန်လည် ရရှိခဲ့ရ၏။ ဤသို့သော ကျေးဇူးရှိသူကို ငါသည် အဘယ်မှာလျှင် စည်းစိမ်ကို မပေးဘဲ နေနိုင်ပါအံ့နည်း။

ချစ်သား... လောက၌ ပေးသင့်သူကို မပေးဘဲ၊ မပေးသင့်သူတို့ကို ပေးခြင်းအားဖြင့် ဘေးရန်ဖြစ်တတ်ကာ ပျက်စီးရ၏။ အဆွေခင်ပွန်းကောင်းကို မရပေ။

ပေးသင့်သူတို့ကိုပေး၍ မပေးသင့်သူတို့ကို မပေးခြင်းအားဖြင့် ဘေးရန်ဖြစ်တတ်စေကာမူ ပျက်စီးဆုံးရှုံးခြင်း မဖြစ်နိုင်ပေ။ အဆွေခင်ပွန်းကောင်းကို ရရှိတတ်၏။

မသူတော်အကျင့်ရှိ၍ ကောက်ကျစ်စဉ်းလဲသော သူတို့၌ ပြုအပ်သော ကျေးဇူးသည် ပျက်စီး၏။ မွန်မြတ်ဖြောင့်မှန်သော အကျင့်ရှိသူတို့၌ ပြုအပ်သော ကျေးဇူးသည် အနည်းငယ်ဖြစ်သော်လည်း အကျိုးများ၏။ လောက၌ ရှေးဦးစွာ ပြုနိုင်ခဲ့သော ကျေးဇူးကို ပြုသောသူသည် နောက်ကာလ၌ တစ်ဖန် ကျေးဇူးပြုသည်ဖြစ်စေ မပြုသည် ဖြစ်စေ စင်စစ်ပူဇော်အထူးကို ခံယူထိုက်၏"

ဤသို့ ပြောဆိုဆုံးမလေသော် ကြားနာလိုက်ရသော မင်းသားသည်လည်းကောင်း အမတ်တို့သည်လည်းကောင်း

http://www.dhammadownload.com



စကားတစ်ခွန်းတစ်ရာမျှ ပြန်လည် မလျှောက်တင်ဝံ့ကြတော့ပေ။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍

"ရဟန်းတို့ ထိုအခါက ပစ္စန္တရာဇ်ရှာသားသည် ယခုအခါ အာနန္ဒာဖြစ်လာ၍ ဗာရာဏသီမင်းကား ငါဘုရားရှင်ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၀၃။ ဧကရဇာတ်



http://www.dhammadownload.com

# [၃၀၃]

# ကေရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် သံသရာကောင်းကျိုးအတွက် တရားမိုး ရွာချပေးတော်မူသော မြတ်စွာဘုရားရှင်သည်သာဝတ္ထိ ပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီး၏ မထင်ရှားသော အမတ်တစ်ယောက်ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗာရာဏသီမင်းကြီး စိုးစံစဉ် မင်းကြီး၏ အမတ်တစ်ယောက်သည် နန်းတွင်းသူတစ်ဦးနှင့် မှားယွင်းမိလေ၏။ ထိုအကြောင်းကို မင်းကြီး သိလေသည်ရှိသော် ၎င်းအမတ်အား တိုင်းပြည်မှ နှင်ထုတ်လေ၏။

ထိုအခါ ၎င်းအမတ်လည်း ဒုဗ္ဗိသေနအမည်ရှိ ကောသလမင်းထံသို့ ဝင်ရောက်ခစားလေ၏။ ထို့နောက် ဒုဗ္ဗိသေနမင်းအား

http://www.dhammadownload.com



ငှင်းခစားခဲ့ရာ ဗာရာဏသီမင်းကြီးအား စစ်ထိုးရန်အတွက် လျှောက်ထားလေ၏။ ဒုဗ္ဗိသေနမင်းကလည်း ငြင်းပယ်၏။ သို့ရာတွင် အကြိမ်ကြိမ်အခါခါ နားဝင်အောင် တိုက်တွန်းတန် တိုက်တွန်း ကုန်းချောတန်ကုန်းချော၊ မြှောက်ပင့်တန် မြှောက်ပင့်ခြင်း အကြိမ်ကြိမ်အခါခါ စကားဆိုလေသော ဒုဗ္ဗိသေနမင်းလည်း စစ်ထိုးရန် စိတ်ပါလာပြီး စစ်သည်ဗိုလ်ပါအပေါင်း ခြံရံလျက် ဗာရာဏသီသို့ ချီတက်ကာမြို့ကို ဝိုင်းရံထားလေ၏။

သို့ရာတွင် ဗာရာဏသီမင်းကြီးကား တစ်စုံတစ်ရာ ခုခံခြင်းကိုမျှ မပြုပေ။ ထိုအခါ ဒုဗ္ဗိသေနမင်းလည်း အစဉ်အတိုင်း သိမ်းယူပြီးနောက် နန်းတော်သို့ ရောက်လေသော် အမတ်တို့၏ အလယ်၌ရှိနေသော ဗာရာဏသီမင်းအား ဖမ်းယူကာ နှောင်ကြိုးတို့တည်စေ၏။ ထို့နောက် မြောက်ဘက်တံခါးခုံ၌ ဇောက်ထိုး၍ ထားလေ၏။

ဤတွင် ဗာရာဏသီမင်းလည်း ရန်သူမင်းဖြစ်သောဒုဗ္ဗိသေန အပေါ်၌ အာရုံပြုလျက် မေတ္တာပွားကာ ကသိုဏ်းပရိကံကို ပြုနေခဲ့လေ၏။ ဤတွင် မေတ္တာအကျိုး, သစ္စာတန်ခိုးကြောင့် အနှောင်အဖွဲ့များ ကင်းပြတ်ကုန်ကြကာ ဗာရာဏသီမင်းလည်း ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏။

ဤတွင် ဒုဗ္ဗိသေနမင်းသည် မခံမရပ်နိုင်အောင် ပူလောင်သော ဝေဒနာတို့ ခံစားရလေ၏။ ပူလောင်မှုပြင်းပြလေရကား တစ်နေရာတည်း၌ ရပ်တည်၍ မရဘဲ မြေပြင်ပေါ်လှဲကာ လူးလိမ့်နေရတော့၏။ ထိုအကြောင်းကို အမတ်တို့အား မေးလေသော်။

http://www.dhammadownload.com



"အရှင်မင်းကြီး အရှင်မင်းကြီးကား တရားစောင့်သော ဗာရာဏသီမင်းအား နှောင်ကြိုးများတည်းလျက် မြောက်တံခါးခုံ၌ ဓောက်ထိုးဆွဲစေသည့်အတွက် လောကပါလနတ်များက ပူလောင်ပြင်းပြသော ဝေဒနာတို့ဖြင့် ဒဏ်ခတ်ခြင်းဖြစ်၏"

ဟု လျှောက်တင်ကြ၏။ ဤတွင် ဒုဗ္ဗိသေနမင်းလည်း

"ဗာရာဏသီမင်းအား ယခုပင် လွှတ်ပေးကြလော့"

ဟု အမိန့်ပေးစေခိုင်း၏။ မင်းချင်းတို့လည်း အမိန့်တော်အတိုင်း စေလွှတ်၍ မြောက်တံခါးခုံသို့ သွားကြရာ ဗာရာဏသီမင်းအား ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေသည်ကို ထူးဆန်းအံ့သြစွာ တွေ့မြင်ကြရလေ၏။ ထိုအကြောင်းကို ဒုဗ္ဗိသေနမင်းထံ အလျင်အမြန် သွားရောက်လျှောက်ထားကြ၏။ ဒုဗ္ဗိသေနမင်းလည်း မင်းချင်းတို့နှင့်အတူ လိုက်လာကာ ကောင်းကင်ထက်ဝယ်ဖွဲ့ခွေလျက်ရှိသော ဗာရာဏသီမင်းကို ရိုသေစွာ ရှိခိုးလျက်

"အို...ကေရာဇ်မင်းမြတ်၊ အရှင်မင်းမြတ်သည် ရှေးအခါက အလွန်မွန်မြတ်ပြည့်စုံသည့် ကာမဂုဏ်တို့ကို ထူးကဲစွာ ခံစားရ၏။ ယခုမူကား ငရဲကျသည့်အလား မညီမညွတ် ဓောက်ထိုးဆွဲထားပါလျက် ရှေးကဖြစ်သော အဆင်းအား အဘယ်ကြောင့် မစွန့်သနည်း"

ဟု အံ့သြခြင်းကြီးစွာဖြင့် မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ ဗာရာဏသီမင်းကြီးက–

"အို... ဒုဗ္ဗိသေနမင်း၊ အကျွန်ုပ်ကား ရှေးအခါ၌ပင်

http://www.dhammadownload.com



သည်းခံခြင်း, ချိုးခြံခြင်း အကျင့်တို့ကို ကျင့်ရန် တောင့်တခဲ့ဖူးပါ၏။ ယခုအခါ၌ ထိုတောင့်တခဲ့ဖူးသော သည်းခံခြင်း၊ ချိုးခြံခြင်းအကျင့်ကို ကျင့်ရပါလျက် ရေးကဖြစ်သော အဆင်းအား အဘယ်ကြောင့် စွန့်ရပါမည်နည်း”

ဟုပြောဆိုလေ၏။ တစ်ဖန်ဆက်လက်၍

“အို... ဒုဗ္ဗိသေနမင်း၊ အကျွန်ုပ်မှာ ရေးအခါကပင် ဒါန, သီလစသော ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ပြီးစီးခဲ့ပါပြီ။ အခြံအရံ, ဉာဏ်ပညာတို့နှင့် ပြည့်စုံလျက် သည်းခံနိုင်ခဲ့သောအရာ၌ သည်းခံနိုင်သောကျွန်ုပ်အဖို့ စည်းစိမ်ရှိသူ ဖြစ်သော်လည်း ရေးအခါက မဖြစ်ဖူးမြဲဖြစ်သော မွန်မြတ်သည့် ချမ်းသာကို ရရှိသဖြင့် ရေးကဖြစ်သော အစွမ်းအား မစွန့်။

အို... ဒုဗ္ဗိသေနမင်း သင်ပြုလုပ်အပ်သော ဆင်းရဲဖြင့် မင်းချမ်းသာကို ပယ်စွန့်၍ ဈာန်ချမ်းသာဖြင့်လည်း သင် ပြုလုပ်အပ်သော ဆင်းရဲကို ပယ်စွန့်ကာ သည်းခံနိုင်ခဲ့သော အရာကိုလည်း သည်းခံနိုင်၏။ သူတော်ကောင်းတို့ မည်သည် ငြိမ်းအေးနိုင်သော သဘောရှိကုန်သည်ဖြစ်၍ နှစ်ပါး စုံသော ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့၌ တူမျှကြကုန်၏”

ဟူ၍ ပြောဆိုလေ၏။ ဒုဗ္ဗိသေနမင်းလည်း ဗာရာဏသီမင်းကြီး၏စကားကို ကြားလျှင် တောင်းပန်ကန်တော့ကာ

“အရှင်မင်းကြီး အရှင်မင်းကြီး၏တိုင်းပြည်ကို အရှင် မင်းကြီးပင်လျှင် ပြန်လည်၍ မင်းပြုပါကုန်လော့။ အကျွန်ုပ်

http://www.dhammadownload.com



တို့သည် ခိုးသား, ဓားပြဘေးရန်တို့မှ ကာကွယ် ပေးပါ
မည်”

ဟုဆိုကာ တိုင်းပြည်ကို ပြန်လည်အပ်နှင်း၏။ ပြီးလျှင် သစ္စာဖောက်အမတ်အား မင်းပြစ်မင်းဒဏ်ဖြင့် စီရင်ပြီးနောက် မိမိ၏တိုင်းပြည်သို့ ပြန်လေ၏။ ဗာရာဏသီမင်းကြီးလည်း မင်းအဖြစ်ကို အလိုမရှိတော့သဖြင့် အမတ်တို့အား အပ်နှင်းပြီး ရသေ့ရဟန်းပြုလျက် သူတော်ကောင်းတရားတို့ကို အားထုတ်လေရာ သေလွန်သည်ရှိသော် ဗြဟ္မာပြည်သို့ လားရလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်


“ရဟန်းတို့ ထိုစဉ်အခါက ဒုဗ္ဘိသေနမင်းသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ဗာရာဏသီမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုကာဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၀၄။ ဒဒ္ဒရဇာတ်



http://www.dhammadownload.com

[၁၀၄]

## ဒဒ္ဒရဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် အစဉ်ထာဝရ မဟာကရုဏာ တော်ကြီးမားလှသည့် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ရဟန်းတော် အများ အပြားရှိသည့်အနက် ရဟန်းတစ်ပါးသည် အမျက်ထွက်သည့် နေရာတွင် တစ်မူထူးကဲ၏။

သို့ဖြစ်ပေရာ ရဟန်းအပေါင်းသည် တရားသဘင်၌ စုဝေးမိ ကြသည့်အခိုက် ထိုအမျက်ထွက်တတ်သော ရဟန်းအကြောင်းကို စကားစပ်မိ၍ ပြောဆိုမိကြ၏။ ဤတွင် တရားသဘင်သို့ ကြွလာ သောဘုရားရှင် သိတော်မူသွားသည့်အခါ–

"ရဟန်းတို့... ဤရဟန်းကား ယခုအခါ၌သာလျှင် အမျက်ထွက်တတ်သည် မဟုတ်။ ရှေးအခါ၌လည်း အမျက် ထွက်တတ်သည်သာတည်း။ အမျက်ထွက်သောကြောင့်

http://www.dhammadownload.com



ရှေးပညာရှိတို့သည် စင်ကြယ်သော နဂါးမင်း၏ အဖြစ်၌ တည်ကုန်လျက် သုံးနှစ်ရာကာလပတ်လုံး ကျင်ကြီးတို့ဖြင့် ပြည့်သော မသန့်ရှင်းသည့်မြေ၌ နေခဲ့ရဖူးလေပြီ”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

* * *

ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံသည်ရှိသော် ဟိမဝန္တာ အရပ်ရှိ ဒဒ္ဒရမည်သော တောင်ခြေရင်းတွင် နဂါးပြည်ရှိ၏။ ထိုနဂါးပြည်အား ဒဒ္ဒရနဂါးမင်းသည် မင်းပြု၍ နဂါးမင်း၌ ‘မဟာဒဒ္ဒရ’နှင့် ‘စူဠဒဒ္ဒရ’မည်သော သားတော်ညီနောင် နှစ်ပါး ရှိလေ၏။ ထိုညီနောင် နှစ်ဦးအနက် ညီငယ် စူဠဒဒ္ဒရ နဂါးသည် ကြမ်းကြုတ်၏။ အမျက်ထွက်တတ်၏။ နဂါးလုလင်မတို့ကို ပုတ်ခတ်ဆဲရေးတိုင်းထွာတတ်၏။

ဤတွင် ခမည်းတော် ဒဒ္ဒရနဂါးမင်းသည် သားတော် စူဠဒဒ္ဒရ၏ စရိုက် လက္ခဏာအမူအကျင့်တို့ကို မနှစ်သက်သဖြင့် နဂါးပြည်မှ နှင်ထုတ်စေ၏။ ဤတွင် နောင်တော် မဟာဒဒ္ဒရ နဂါးသည် ခမည်းတော်ကို သည်းခံစေရန် နားချ၍ ညီတော်အား နှင်မထုတ်ဘဲ ထားလေ၏။ နှစ်ကြိမ်မြောက် နှင်ထုတ်စေရာ၌လည်း သည်းခံစေရန် နားချ၏။ သုံးကြိမ်မြောက် ရှိလေသော အခါ ဖခင် နဂါးမင်းသည် သားတော်ကြီး မဟာဒဒ္ဒရ နဂါးအား။

“သင်သည် ဤယုတ်မာသော အကျင့်ရှိသည်။

http://www.dhammadownload.com



သင့်ညီငယ် နဂါးအား နှင်ထုတ်စေရာ၌ တားမြစ်ဘိ၏။ သည့်အတွက် သင်တို့ညီနှောင်နှစ်ပါးစလုံး ငါ၏နဂါးတိုင်းပြည်မှ ထွက်၍ ဗာရာဏသီပြည်တွင် မစင်စွန့်ရာအရပ်၌ သုံးနှစ်ပတ်လုံး နေကြကုန်လော့"

ဟူ၍ အမိန့်ပေးနှင်ထုတ်လိုက်လေ၏။ နဂါးညီနှောင်လည်း ခမည်းတော်၏ အမိန့်အာဏာကို မလွန်ဆန်နိုင်ရကား မစင်စွန့်ရာ မြေအရပ်သို့ သွားရောက်ကာ နေထိုင်ကြရကုန်၏။ ထိုအခါ ရေစပ်အနားတစ်ဝိုက် အစာရှာကုန်သော ရွာသားသူငယ်တို့မြင်လျှင် ခဲ, တုတ်, လုံးတံတို့ဖြင့် ပစ်ခတ်ကြကုန်၏။

"အချင်းတို့ ဖားစိမ်းစား ဤရေမြွေတို့သည်ကား ဦးခေါင်းကြီးကုန်၏။

ဟူ၍ လှောင်ပြောင်ကာ ဆဲရေးကြကုန်၏။ ဤတွင် စူဠဒဒ္ဒရသည် ၎င်းတို့အား နဂါးမှန်း မသိဘဲ ရေမြွေနှင့် နှိုင်းယှဉ်၍ သော်လည်းကောင်း မထေမဲ့မြင်ပြုခြင်းအပေါ် သည်းမခံနိုင် ဖြစ်လာ၍-

"အစ်ကို ဤသူငယ်တို့ကား ကျွန်ုပ်တို့ကို နဂါးမှန်း မသိ၍ မထီမဲ့မြင် ပြုကြကုန်၏။ ၎င်းတို့အကြောင်း သိရလေအောင် နှာခေါင်းလေဖြင့် မှုတ်၍ သတ်မည်"

ဟု ပြောဆိုလေ၏။ ညီတော် စူဠဒဒ္ဒရ စကားကို ကြားသည်ရှိသော် အစ်ကိုဖြစ်သူ မဟာဒဒ္ဒရလည်း

"ညီငယ် ငါတို့သည် မိမိတို့တိုင်းပြည်မှ နှင်ထုတ်လိုက်သည့်အတွက် တစ်ပါးသောနိုင်ငံသို့ ရောက်နေကြ

http://www.dhammadownload.com



ရ၏။ သည့်အတွက်ကဲ့ရဲ့ခြင်း, ရှုတ်ချခြင်း, ဆဲရေးခြင်း စသည်စကားတို့ကို ထည့်ထားမည်ဆိုပါက ကြီးမားလှစွာသော ကျိုကို ဆောက်မှုဖြစ်မည်။

အမျိုးဇာတိအားဖြင့်လည်းကောင်း၊ အကျင့်သီလအားဖြင့်လည်းကောင်း မသိသောသူအား မည်သည့်အရပ်၌ဖြစ်စေ လူတို့သည် ပူဇော်မြတ်နိုးခြင်းကို မပြုကြကုန်၏။ ထိုသို့ ဂုဏ်ကျေးဇူးမသိသောအရပ်၌ နေထိုင်ရသည်ရှိသော် အရာရာကို သည်းခံနိုင်ရပေမည်။ အရပ်တစ်ပါး၌နေသော ပညာရှိသည် ကျွန်အမှုလုပ်၏ ခြိမ်းခြောက်ခြင်းကိုသော်မှု သည်းခံနိုင်ရမည်"

ဟူ၍ ပြောဆိုဆုံးမလေ၏။ သို့ဖြင့် နဂါးညီနောင်လည်း သည်းခံစိတ်မွေးကာ မစင်စွန့်ရာအရပ်၌ သုံးနှစ်တာကာလပတ်လုံး သည်းခံကာနေကြရလေ၏။ သုံးနှစ်တာ ကာလစေ့သော် ဖခမည်းတော် နဂါးမင်းသည် နဂါးတိုင်းပြည်သို့ ပြန်လည်ခေါ်ယူလိုက်၏။ ထိုအခါမှစ၍ နဂါးညီနောင်တို့လည်း အမျက်ဒေါသကင်းဝေးစွာဖြင့် နဂါးပြည်၌ အသက်ထက်ဆုံး နေထိုင်သွားလေ၏။

မြတ်စွာဘုရားရှင်လည်း ဒေသနာတော်ကို ဆောင်တော်မူပြီး သစ္စာကိုပြသည်၏အဆုံး၌ အမျက်ထွက်သောရဟန်းလည်း အကျွတ်တရားရကာ အနာဂါမ်သို့ ဆိုက်လေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

http://www.dhammadownload.com



"ရဟန်းတို့ ထိုအခါက ညီတော်စူဠဒဒ္ဒရ နဂါးသည် ယခုအခါ အမျက်ထွက်သော ရဟန်းဖြစ်လာ၍ နောင်တော် မဟာဒဒ္ဒရနဂါးသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၃၀၅။ သီလဝီမံသနဇာတ်



http://www.dhammadownload.com

[၁၀၅]

# သီလဝီမံသနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ်၌ တရားပန်းမိုးတို့ကို အစဉ်သဖြင့် ရွာသွန်းဖြိုးတော်မူပေထသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စမ္မယ်စဉ်ကဖြစ်၏။

ဤတွင် ရဟန်းငါးပါးတို့သည် ဇေတဝန်ကျောင်းတော်အတွင်း၌ နေလျက် ညဉ့်သုံးယမ်အတွင်း၌ ကာမဝိတက်မည်သော အာရုံငါးပါး၌ စိတ်ရောက်တွေးတောနေမိကြလေ၏။

ဘုရားရှင်သည် တပည့်သား ရဟန်းသံဃာတို့ကို စောင့်ရှောက်တော်မူသည်ဖြစ်၍ ထိုညဉ့်ကာလအတွက် ဒိဗ္ဗစက္ခုမည်သော ကြိုတင်သိမြင်သောဉာဏ်ဖြင့် ကြည့်မြင်လေသည်ရှိသော် ကာမဝိတက်ကို ကြံစည်နေကြသည့် ရဟန်းငါးပါးကို မြင်တော်မူလေ၏။ ဤတွင် ရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဂန္ဓကုဋီတံခါး၌ နေရာတော်ကို ခင်းစေ၏။ ထို့နောက် ရဟန်းတော်တို့ကို

http://www.dhammadownload.com



စည်းဝေးစေလျက် ခင်းထားအပ်သော နေရာတော်၌ နေတော်မူ၍ –

"ရဟန်းတို့ ပညာရှိတို့သည် 'မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာမရှိ'ဟု ဆိုလေ့ရှိကြကုန်၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး လွန်လေပြီသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုဗာရာဏသီပြည်၌ပင် တပည့်ငါးရာတို့အား အတတ်ပညာရပ်တို့အား သင်ကြားပို့ချပေးလျက် ရှိသည့် ပညာရှိ ဆရာကြီး ရှိလေ၏။

ထိုဆရာကြီး၌ ချောမောလှပ၍ အရွယ်ရောက်ပြီဖြစ်သော သမီးကညာတစ်ပါး ရှိလေ၏။ ဆရာကြီးကား တပည့်ငါးရာထဲမှ တစ်ဦးဦးနှင့် သမီးကညာအား ထိမ်းမြား လက်ထပ်ပေးလိုသည့်အတွက်

"ငါ၏တပည့်လုလင်တို့ကား သီလနှင့် ပြည့်စုံကြသလော၊ မပြည့်စုံကြသလော။ ငါ စုံစမ်းအံ့။ သီလနှင့် ပြည့်စုံသော သူကိုသာလျှင် ငါ၏သမီးကညာနှင့် လက်ထပ်ထိမ်းမြားပေး၏"

ဟူ၍ ကြံစည်နေလေ၏။ သို့ဖြစ်၍ တစ်နေ့တွင် ဆရာကြီးသည်တပည့်လုလင်အပေါင်းတို့ကို ခေါ်ယူလိုက်ပြီ

http://www.dhammadownload.com



"အမောင်တို့ ငါ၏သမီးကား အရွယ်ရောက်ပြီဖြစ်၏။ သည့်အတွက် သင်တို့အထဲမှ တစ်ဦးဦးနှင့် ထိမ်းမြား လက်ထပ်ပေးလိုပါ၏။ သို့အတွက် အဝတ်တန်ဆာတို့ကို ရှာရန် ဤနေရာမှ သွားကြပါလော့။ သင်တို့ ရယူရှာဖွေ လာခဲ့သော အဝတ်တန်ဆာတို့ကား မိဘဆွေမျိုးဉာတိတို့ မသိအောင် ခိုးယူလာခဲ့သော ပစ္စည်းဖြစ်ရမည်"

ဟူ၍ ပြောဆိုစေခိုင်းလိုက်လေ၏။ တပည့်တို့လည်း ဆရာကြီး၏ ချောမောလှပသော သမီးကညာနှင့် လက်ထပ်ထိမ်းမြားလို၍ ဆရာကြီးစေခိုင်းသည့်အတိုင်း မိဘရပ်ထံသို့ ပြန်ကာ မိဘဆွေမျိုးဉာတိတို့ မသိရလေအောင် အဝတ်တန်ဆာတို့ကို ခိုးယူလာကာ ဆရာကြီးထံ အပ်နှံကြလေ၏။ ဆရာကြီးလည်း တစ်ဦးချင်းစီ ယူဆောင်လာခဲ့ကြသော အဝတ်တန်ဆာတို့အား စာရင်းဇယားနှင့်တကွ အသီးသီးမှတ်သားထားလေ၏။ ဤသို့ တပည့်ကြီးတစ်ယောက်မှာမူ မည်သည့်ပစ္စည်းမျှ ပါမလာဘဲ လက်ချည်းဗလာ ဖြစ်နေသည်ကို တွေ့ရလေ၏။ ဤတွင် ဆရာကြီးက တပည့်ကြီးအား မေးမြန်းလေ၏။

"အမောင် သင်ကား အဝတ်တန်ဆာ တစ်စုံတစ်ခုကို မျှ မယူလာခဲ့ဘူးလား"

"မှန်ပါ၏ ဆရာကြီး တစ်စုံတစ်ခုမျှ ယူဆောင်မလာ ခဲ့ပါ"

"အမောင် သင်သည် ငါ၏သမီးကို မနှစ်သက်ဘူး လော"

http://www.dhammadownload.com



"နှစ်သက်ပါ၏ဆရာကြီး"

"သို့ဆိုပါက ငါ ခိုင်းစေသည့်အတိုင်း အဘယ်ကြောင့် ယူဆောင်ခြင်း မပြုလေသနည်း"

"ဆရာကြီး လောက၌ မကောင်းမှုပြုသူအား ဆိတ်ကွယ်ရာ အရပ်ဟူသည် မရှိပါ။ တောဆိုလျှင် တောစောင့်နတ်တို့ မြင်ကြပေလိမ့်မည်။ သူမိုက်တို့မည်သည်ကား မကောင်းမှု ပြုလုပ်ရာ၌ ငါသည် ဆိတ်ကွယ်အရပ်၌ ပြုလုပ်အပ်သည်ဟူ၍ မှတ်ထင်ဘိ၏။

ဆရာကြီး အကျွန်ုပ်ကား မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာအရပ်ကို မမြင်ပါ။ ဆိတ်ကွယ်ရာအရပ်ဟူ၍လည်း မရှိပါ။ အကျွန်ုပ် ပြုလုပ်အပ်သော မကောင်းမှုဟူသည် မဆိတ်ကွယ်။ ထို့ကြောင့် အကျွန်ုပ်သည် မည်သည့်ပစ္စည်း မျှခိုးဝှက်ယူဆောင်လာခဲ့ခြင်း မရှိပါဆရာကြီး"

ဤသို့ တပည့်ကြီးဖြစ်သူမှ ပြန်လည်ပြောကြားသောအခါ ဆရာကြီးလည်း တပည့်ကြီးအပေါ် ဝမ်းမြောက်စိတ်နှင့်အတူ ကြည်ညိုမိလေ၏။

"အမောင် ငါ့အိမ်၌ ဥစ္စာပစ္စည်းတို့ မရှိသည် မဟုတ်ပေ။ အကျင့်သီလနှင့် ပြည့်စုံသူအား သမီးကိုပေးမည်ဟု ကြံစည်ကာ တပည့်လုလင်တို့ကို စုံစမ်းလို၍ ဤကဲ့သို့ ပြုလုပ်ခြင်းဖြစ်၏။ သင်နှင့်သာလျှင် ငါ၏သမီးသည် အသင့်တော်ဆုံးဖြစ်၏"

သည်သို့ ပြောဆိုပြီး တပည့်ကြီးနှင့် သမီးဖြစ်သူအား

http://www.dhammadownload.com



ထိမ်းမြား လက်ထပ်ပေး၏။ ကျန်သော တပည့်လုလင်တို့အား လည်း ဆိုဆုံးမ၍ စာရင်းဇယားနှင့်တကွ ၎င်းတို့ ယူဆောင်လာခဲ့သော ပစ္စည်းတို့ကို ပြန်လည်ပေးအပ်လိုက်လေ၏။ ဘုရားရှင်လည်း ဘုရားအဖြစ်သို့ ရောက်တော်မူသည့်အခါ ရဟန်းတို့အား

"ရဟန်းတို့ သီလမရှိကုန်သော လုလင်တို့သည် မိမိတို့၌ သီလမရှိသောကြောင့် မိန်းမ မရကြကုန်။ ပညာရှိသော တပည့်လုလင်ကြီးကား သီလနှင့်ပြည့်စုံသောကြောင့် မိန်းမရ၏"

ဟု မိန့်တော်မူ၏။ ဘုရားရှင်လည်း ဒေသနာတော်ကို ဟောတော်မူပြီး သစ္စာပြသည်၏ အဆုံး၌ ကာမဝိတက် ကြံစည်ကြကုန်သော ရဟန်းတို့လည်း အကျွတ်တရား ရကုန်၏။ ကျန်ရဟန်းငါးရာတို့လည်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

"ရဟန်းတို့ ထိုစဉ်အခါက ပညာရှိဆရာကြီးသည် ယခုအခါ သာရိပုတ္တရာဖြစ်လာ၏။ ပညာရှိတပည့်ကြီးသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၃၀၆။ သုဇာတဇာတ်



http://www.dhammadownload.com

[၃၀၆]

# သုဇာတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက ကောသလမင်းကြီးနှင့် မလ္လိကာ မိဖုရားကြီးတို့သည် ကျက်သရေအရာ၌ အငြင်းအခုံ ဖြစ်ကြလေ၏။

ကောသလမင်းကြီးအား အမျက်ဒေါသတို့ ဖုံးလွှမ်းနေသည် ဖြစ်၍ မိန်းမတို့၏ သဘောသဘာဝအမှန်ကို မဆင်ခြင်နိုင်ဘဲ ဖြစ်နေ၏။ မြတ်စွာဘုရားရှင်လည်း ထိုအကြောင်းကို သိတော်မူ၍ မင်းနှင့် မိဖုရားတို့ သင့်တင့်ညီညွတ်အောင် ပြုမည်ဟူ၍ ကြံစည်ကာ နံနက်မိုးသောက်ရောက်လေသော် သံဃာတော်ငါးရာ ခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကာ မင်းအိမ်တံခါးသို့ ကြွလေ၏။

http://www.dhammadownload.com



မင်းကြီးလည်း ဘုရားရှင် ကြွတော်မူလာသည်ရှိသော် သပိတ်တော်ကို လှမ်းယူလိုက်ပြီး နန်းတွင်းသို့ ပင့်ဆောင်ကာ ခင်းထားအပ်သော နေရာ၌ သီတင်းသုံးစေလျက် ယာဂု, ခဲဖွယ်တို့ကို ဆောင်ယူလာခဲ့စေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် သပိတ်တော်ကို လက်တော်ဖြင့်ပိတ်၍ မလ္လိကာမိဖုရားကြီး မေးတော်မူ၏။ ထိုအခါ မင်းကြီးလည်း မိဖုရားကြီးအပေါ် အမျက်စိတ်အရင်းခံဖြင့်–

"အရှင်ဘုရား တပည့်တော်၏ စည်းစိမ်အခြံအရံဖြင့် မာန်ယစ်နေသော မိန်းမကား အဘယ်အကျိုးရှိအံ့ပါနည်း"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း

"အရှင်မင်းကြီး အရှင်မင်းကြီးသည်ပင်လျှင် စည်းစိမ်အခြံအရံတို့ကို ပေး၍ မြှောက်စားထားသည် မဟုတ်ပါလော။ သည်အတွက် မိန်းမပြုသမျှ ပြုအပ်သမျှ အပြစ်တို့ကို သည်းမခံခြင်းကား မသင့်လျော်ပေ"

ဟူ၍ မိန့်တော်မူ၏။ မင်းကြီးလည်း ဘုရားရှင်၏ မိန့်တော်မူချက်ကို နာကြားရလျှင် မလ္လိကာမိဖုရားကြီးကို ခေါ်စေ၏။ မိဖုရားကြီးလည်း ရောက်လာသည်ရှိသော် ဘုရားရှင်အား လုပ်ကျွေးလေ၏။ ဘုရားရှင်လည်း မင်း, မိဖုရားတို့ သင့်တင့်ညီညွတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွလေ၏။ ထိုအခါမှစ၍ မင်း မိဖုရားတို့လည်း သင့်တင့်ညီညွတ်စွာ နေကြလေ၏။

ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြခိုက်–

http://www.dhammadownload.com



"ငါ့ရှင်တို့ မြတ်စွာဘုရားသည် တစ်ခွန်းတည်းသော စကားဖြင့် မင်း မိဖုရားတို့ကို သင့်တင့်ညီညွတ်အောင် ပြုတော်မူ၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ဤတွင် ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိလေသည်ရှိသော်

"ရဟန်းတို့... ငါဘုရားရှင်သည် ယခုအခါ၌သာလျှင် ထိုမင်း မိဖုရားတို့ကို တစ်ကြိမ်တည်းသော အဆုံးအမနှင့် သင့်တင့်ညီညွတ်အောင် ပြုသည်မဟုတ်။ ရှေးအခါ၌လည်း ပြုခဲ့ဖူးပေပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

ရှေးလွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုမင်း၌ အကျိုးအကြောင်းကို ဆုံးမတတ်သော ပညာရှိအမတ်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ မင်းကြီးသည် လေသာပြတင်းကိုဖွင့်ကာ မင်းရင်ပြင်ကို ကြည့်လျက်ရှိ၏။ ထိုအချိန်တွင် အရွယ်အဆင်းလှပ တင့်တယ်သော သုဇာတာအမည်ရှိ (ဟင်းရွက်သည်၏) သမီးသည် ဆီးသီးတို့ကို တောင်း၌ထည့်ကာ ခေါင်းပေါ်ရွက်လျက် 'ဆီးသီးသည်ခ် ဆီးသီးသည်' ဟူ၍ ကြွေးကြော်ကာ ရောင်းချလေသည်။

http://www.dhammadownload.com



မင်းကြီးလည်း သုဇာတာ၏ အသံကိုကြားလျှင် အလွန်အမင်း တပ်မက်သောစိတ်ရှိသည်ဖြစ်၍ ခေါ်စေ၏။ ကာမပိုင်လင်ယောကျ်ား မရှိခြင်း၏အဖြစ်ကို သိတော်မူသဖြင့် သိမ်းပိုက်ကာ မိဖုရားကြီးအဖြစ် တင်မြှောက်၏။ များစွာသော စည်းစိမ်အခြံအရံတို့ကို ပေးလေ၏။

တစ်နေ့သ၌ မင်းကြီးသည် ရွှေခွက်၌ ဆီးသီးတို့ကိုထည့်ကာ သုံးဆောင်တော်မူလေ၏။ ထိုအခါ သုဇာတာမိဖုရားလည်း မင်းကြီး ဆီးသီးသုံးဆောင်တော်မူသည်ကို မြင်လျှင်

"အရှင်မင်းကြီး ရွှေခွက်အတွင်းရှိ အနီရောင်ရှိသော အသီးတို့အား မင်းကြီးသည် မြိန်ရှက်စွာ သုံးဆောင်နေဘိ၏။ ထိုအသီးတို့ကို မည်သို့ ခေါ်ပါသနည်း"

ဟူ၍ မေးလျှောက်လေ၏။ မင်းကြီးလည်း မိဖုရားကြီး သုဇာတာ၏စကားကို ကြားလျှင် အမျက်ပြင်းစွာထွက်၍

"ဟယ် ဆီးသီးသည်မ သုဇာတာ၊ သင်သည် ရှေးအခါက ဆံပင်ကိုဖားလျားချ၍ အဝတ်နွမ်းတို့ကို ဝတ်ဆင်ကာ ဆီးသီးတို့ကို ခြွေဆွတ်လျက် ခါးပိုက်ဆောင်တွင် ထည့်ရ၏။ ပြီးသော် အရပ်တကာလှည့်၍ အော်ဟစ်ရောင်းချရ၏။ ဤငါစားသော အသီးတို့ကား ဆီးသီးတို့ပင် ဖြစ်ချေ၏။

အချင်းတို့ ဤမိန်းမယုတ်သည် ငါ့ထံ၌ရှိနေပါက ငါ့အဖို့ ပူလောင်ဆင်းရဲရပေလိမ့်မည်။ ၎င်းရှိနေ၍လည်း မွေ့လျော်ဖွယ် မကောင်းပေ။ မင်း၏စည်းစိမ်ကား မိန်းမ

http://www.dhammadownload.com



ယုတ်နှင့် မတန်ပေ။ ၎င်းအား ဆီးသီးကို ရောင်းချ၍ အသက်မွေးရသော ၎င်း၏အဆွေအမျိုးအိမ်သို့သာ ပို့လိုက်ကြပေလော့”

ဟူ၍ နှင်ထုတ်လေ၏။ ဤအချိန်တွင် မင်းကြီးအား ခစားသော ပညာရှိအမတ်သည် အကျိုးအကြောင်းကို ချင့်ချိန်၍

“ဤကိစ္စ၌ ငါ့ကိုထား၍ မင်းနှင့်မိဖုရားကို သင့်တင့်ညီညွတ်အောင် ငါမှတစ်ပါး မည်သူမျှ ပြုနိုင်လိမ့်မည် မဟုတ်။ သို့ဖြစ်၍ မင်းကြီးကို နှစ်သိမ့်မှုပေးကာ မိဖုရားကိုလည်း နှင်မထုတ်ရလေအောင် ပြုလုပ်ရမည်”

ဟူ၍ ကြံစည်ကာ မင်းကြီးအား တင်လျှောက်လေ၏။

“အရှင်မင်းကြီး မိန်းမတို့မည်သည်ကား စည်းစိမ်အပေါ်၌ ယစ်မူးတတ်သော သဘာဝရှိပေ၏။ အရှင်မင်းကြီး ကိုယ်တိုင်ပင်လျှင် သုဇာတာအား စည်းစိမ်အခြံအရံတို့ကို ပေးသည် မဟုတ်ပါလော။ မိဖုရားအား အမျက်မထွက်ပါလင့်။ သည်းခံတော်မူပါ မင်းကြီး”

ဟူ၍ အကျိုးအကြောင်းပြကာ နှစ်သိမ့်လေ၏။ မင်းကြီးလည်း ပညာရှိအမတ်၏စကားကိုကြားလျှင် မိဖုရား၏ အပြစ်ကို သည်းခံကာ ထားမြဲနေရာ၌ပင်ထားလေ၏။ မင်းကြီးနှင့် မိဖုရားလည်း သင့်တင့်ညီညွတ်စွာ နေကြလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်—

“ရဟန်းတို့ ထိုအခါက ဗာရာဏသီမင်းသည် ယခုအခါ ကောသလမင်းကြီးဖြစ်လာ၏။ သုဇာတာသည်

http://www.dhammadownload.com



မလ္လိကာ မိဖုရားကြီး ဖြစ်လာပြီး ပညာရှိအမတ်သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

http://www.dhammadownload.com

# ၃၀၇။ ပလာသဇာတ်



http://www.dhammadownload.com

# [၃၀၇]

## ပလာသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူသည်။ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း၌ လျောင်းနေတော်မူ၏။ ထိုစဉ် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော အရှင်အာနန္ဒာသည်

"မိုးသောက်ထသည့်ကာလ၌ ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မည်ကို သန်းခေါင်ယံကပင်လျှင် ငါသိပါ၏။ ယခုအချိန်အထိ ငါသည် မည်သည့် တစ်မဂ်တစ်ဖိုလ်မျှပင် မရသေးသော ပုထုဇဉ်ရဟန်းသာဖြစ်ပါသေး၏။ ဘုရားရှင်လည်း ပရိနိဗ္ဗာန် ပြုလတ္တံ့။ ငါသည် ဘုရားရှင်အား နှစ်ဆယ့်ငါးနှစ်တာ ကာလပတ်လုံး အလုပ်အကျွေးပြုခြင်းအား အကျိုးမရှိခဲ့ပါတကား"

ဟူ၍ သောကတို့ ဖိစီးနှိပ်စက်ကာ ဥယျာဉ်ကျောင်းတိုက်

http://www.dhammadownload.com



ခန်းတံခါးဘောင်ကိုဆွဲလျက် ငိုကြွေးလေ၏။

ဤတွင် ဘုရားရှင်လည်း အာနန္ဒာကို မြင်တော်မမူ၍ မေးလေ၏။ အာနန္ဒာရောက်လာသောအခါ၌

"ချစ်သားအာနန္ဒာ၊ ချစ်သားသည် ပြုခဲ့ဖူးသော ကောင်းမှုတို့ ရှိပါ၏။ မြတ်သောလုံ့လကို အားထုတ်ပါလော့။ ကာလမကြာခင်မှာပင် ရဟန္တာဖြစ်လိမ့်မည်။

ချစ်သား... အာနန္ဒာ၊ မစိုးရိမ်ပါလင့်။ ယခုအခါ ငါ့အပေါ် သင်၏လုပ်ကျွေးခြင်းသည် အဘယ်ကြောင့် အကျိုးမရှိဘဲ နေပါမည်နည်း။ ရှေးအခါ ရာဂကိုလေသာနှင့်တကွ ဖြစ်သော ကာလ၌လည်း ငါ့အား လုပ်ကျွေးခြင်းသည် အကျိုးမဲ့ ဖြစ်ခဲ့သည်မဟုတ်"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

ရှေးလွန်လေပြီးသောကာလ။

ဗာရာဏသီပြည်အား ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဗာရာဏသီပြည်သူပြည်သားတို့သည် နတ်တို့အား ကိုးကွယ်ပူဇော်ပသကြကုန်၏။ ထိုအခါ ဆင်းရဲသား ပုဏ္ဏားတစ်ယောက်သည်...

"ငါသည်လည်း နတ်ကို ကိုးကွယ်လုပ်ကျွေးပါအံ့"

ဟု ဆိုကာ မြင့်မောက်သောအရပ်တွင် တည်ရှိနေသည့် ပေါက်ပင်ကြီး၏ ပင်ခြေရင်း၌ မြက်တို့ကို ရှင်းလင်းသုတ်သင်၏။ မြေတို့ကို ညီညာပြန့်ပြူးအောင် ပြုပြင်၏။ ထို့နောက်

http://www.dhammadownload.com



သဲဖြူခင်းကာ တံမြက်စည်းဖြင့် အမှိုက်သရိုက်တို့ကို လှည်းကျင်း၏။ ပေါက်ပင်ကြီးကိုလည်း နံ့သာလက်ငါးချောင်းရာပေး၍ ပန်းနံ့သာအခိုးအထုံတို့ဖြင့် ပူဇော်၏။ ဆီမီးတို့ကို ထွန်းညှိ၏။ ထို့နောက်

"အရှင်နတ်မင်း ချမ်းသာစွာ အိပ်စက်ရပါ၏လော"

ဟုမေးမြန်းပြောဆိုပြီး လက်ယာရစ်လှည့်၍ သွားလေ၏။ နှစ်ရက်, သုံးရက်မြောက်လေသော် နံနက်စောစောအချိန်၌ ပေါက်ပင်ကြီးရှိရာလာ၍-

"အရှင်နတ်မင်း ချမ်းသာစွာ အိပ်စက်ရပါ၏လော"

ဟူ၍ မေးမြန်းပြန်လေ၏။

တစ်နေ့သ၌ ပေါက်ပင်ကြီးကို အစိုးရသော ရုက္ခစိုးနတ်သည်

"ဤပုဏ္ဏားကား ငါ့ကို အလွန်လုပ်ကျွေးပြုစုသူ ဖြစ်၏။ ဤပုဏ္ဏားသည် အဘယ်ကြောင့် ငါ့အား လုပ်ကျွေး ရသည်ကို မေးမည်"

ဟု ကြံစည်ကာ သစ်ပင်ရင်း၌ တံမြက်လာလှည်းနေသော ပုဏ္ဏားကို မြင်လျှင် ပုဏ္ဏားအိုအသွင်ဖြင့် အနီးသို့ ရောက်လာကာ-

"အို ပုဏ္ဏား၊ သင်သည် စိတ်ဝိညာဉ်ရှိ၍ ကြားတတ်, သိတတ်သူ ဖြစ်လျက် အဘယ်ကြောင့် စိတ်ဝိညာဉ် မရှိသောကြောင့် မကြားတတ်၊ မသိတတ်သော ဤပေါက်ပင်ကို ကြိုးစားအားထုတ်လျက် မမေ့မလျော့ အမြဲမပြတ်

http://www.dhammadownload.com



ချမ်းသာစွာ အိပ်စက်ရပါ၏လောဟု မေးမြန်းရလေသနည်း”

ဟု ဆိုလေ၏။ ထိုအခါ ပေါက်ပင်ကို လုပ်ကျွေးပူဇော်သော ပုဏ္ဏားလည်း

“အို ပုဏ္ဏားကြီး… ဤပေါက်ပင်ကား အဝေး၌လည်း ထင်ရှား၏။ ကြီးလည်းကြီး၏။ မြင့်မောက်ညီညွတ်သော အရပ်၌လည်း တည်ရှိ၏။ နတ်တို့နေရာလည်း ဖြစ်၏။ ထို့ကြောင့် အကျွန်ုပ်သည် ဤပေါက်ပင်ကို ရှိခိုးပါ၏။ ဤပေါက်ပင်၌ တန်ခိုးကြီးသောနတ်တို့ နေကြကုန်၏။ ထိုနတ်တို့ကို ဥစ္စာရလိုပါသောကြောင့် ရှိခိုးပါ၏”

ဟူ၍ ပုဏ္ဏားကြီးအား ပြောဆိုလိုက်လေသည်။ ထိုအခါ ပုဏ္ဏားကြီးယောင်ဆောင်ထားသော ရုက္ခစိုးနတ်လည်း ပုဏ္ဏားအား ကြည်ညို၍–

“အသင်ပုဏ္ဏား ငါကား ဤပေါက်ပင်ကို စောင့်သော နတ်ဖြစ်၏။ သင်မစိုးရိမ်ပါလင့်။ သင့်အား ဥစ္စာတို့ကို ပေးပါအံ့”

ဟု ပြောဆိုကာ ပုဏ္ဏားအား နှစ်သိမ့်စေ၍ ဗိမာန်တံခါးတွင် နတ်တို့၏ အာနုဘော်ဖြင့် ကောင်းကင်တွင် ရပ်တည်လျက်

“အို ပုဏ္ဏား၊ ငါသည် သင်ပြုအပ်သော ကျေးဇူးကို သိသဖြင့် တုံ့ပြန်ကျေးဇူးပြုပါအံ့။ သင်၏ကိုယ်, နှုတ်တို့ဖြင့် လုံ့လပြုခြင်းသည် အချည်းနှီးမဖြစ်ကုန်။

http://www.dhammadownload.com



အို...ပုဏ္ဏား၊ ငါသည် သင်ပြုအပ်သောကျေးဇူးကို သိသဖြင့် တုံ့ပြန်ကျေးဇူးပြုပါအံ့။ သင်၏ ကိုယ်, နှုတ်တို့ဖြင့် လုံ့လပြုခြင်းသည် အချည်းနှီး မဖြစ်ကုန်။

အို...ပုဏ္ဏား တည်ပင်၏ရှေ့ ညောင်ကြပ်ပင်ရင်း၌ ရှေးသူဟောင်းတို့ မြှုပ်နှံထားသော ရွှေအိုးများစွာသည် ပိုင်ရှင်မဲ့ ဖြစ်နေချေပြီ။ ၎င်းတို့ကို တူးဖော်၍ ယူလေလော့။

အို... ပုဏ္ဏား၊ သင်ကိုယ်တိုင် တူးပါက ပင်ပန်းပါလိမ့်မည်။ ငါ၏တန်ခိုးဖြင့် တူးယူကာ သင်၏ခြံဝန်းထဲ၌ မြှုပ်နှံပေးပါမည်။ အလိုရှိသည့်အခါ တူးဖော်လျက် သုံးစွဲလော့။ အလှူဒါန ပြုလော့။ သီလ ဆောက်တည်လော့" ဟူ၍ ဆိုဆုံးမကာ ဆင်းရဲသားပုဏ္ဏားအား ချမ်းသာစေခဲ့လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ရဟန်းတို့ ထိုအခါက ပုဏ္ဏားသည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏။ ပေါက်ပင်စောင့် ရုက္ခစိုးသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၀၀။ သကုဏဇာတ်



http://www.dhammadownload.com

[၃၀၈]

# သကုဏာဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကောင်းကျိုးကို အစဉ်ရှေ့ရှုတတ်သော ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလဝယ် ဒေဝဒတ်သည် သူတစ်ပါးပြုဖူးသော ကျေးဇူးကို မသိတတ်ခြင်း၌ ထင်ရှားလေ၏။ ထိုအခါ ရဟန်းသံဃာတို့သည် တရားသဘင်၌ စုဝေးမိကြခိုက် ဒေဝဒတ်၏ ကျေးဇူးမဲ့ဖြစ်ပုံကို ပြောဆိုနေကြလေ၏။ ထိုအခါ ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းရင်းမှန်ကို သိလေလျှင်...

"ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာ ကျေးဇူးကို မသိတတ်သည်မဟုတ်။ ရှေးအခါ၌လည်း ကျေးဇူးကို မသိတတ်သည်သာတည်း"

* * *

http://www.dhammadownload.com



ရှေး လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူစဉ်က ဖြစ်၏။

ထိုအချိန်တွင် ဟိမဝန္တာတော၌ ကျင်လည်ကျက်စားသော ခြင်္သေ့တစ်ကောင်သည် သားကောင်ကိုစားစဉ် လည်ချောင်း၌ အရိုးတစ်ရိုးသည် စူးဝင်လေ၏။ ထိုအခါ လည်ပင်းသည် ဖူးဖူးရောင်လျက် အစာမစားနိုင်တော့။ လွန်စွာမှ နာကျင်ကာ ခံစားနေရလေ၏။ ဤတွင် ဟိမဝန္တာတော၌ပင် ကျင်လည်ကျက်စားသော သစ်တောက်လောက် ငှက်တစ်ကောင်သည် အစာရှာထွက်ခိုက် ခြင်္သေ့၏ အဖြစ်အပျက်ကို တွေ့မြင်ရလေ၏။ ထို့ကြောင့် ကြင်နာသနားစိတ်ဝင်ပြီး ခြင်္သေ့အနီးရှိ သစ်ကိုင်းတစ်ကိုင်း၌ ဝင်နားကာ

"အဆွေခြင်္သေ့... သင့်အား အဘယ်ကြောင့် ဆင်းရဲဝေဒနာဖြစ်လေသနည်း"

ဟု မေးလေ၏။ ထိုအခါ ခြင်္သေ့လည်း အစာစားသောက်ရင်းမှ လည်ချောင်းသို့ အရိုးစူးဝင်နေသည့်အကြောင်းကို ပြောပြလေ၏။ ထိုအခါ သစ်တောက်လောက်ငှက်က–

"အဆွေခြင်္သေ့... ငါသည် သင်၏လည်ချောင်း၌ စူးဝင်နေသော အရိုးအား နှုတ်ထွင်ပေးလိုပါ၏။ သို့ရာတွင် သင်၏ကိုက်သတ်ခြင်း ခံရမည်ကိုစိုးသဖြင့် သင့်ခံတွင်းသို့ ငါမဝင်ဝံ့ပါ"

ဟူ၍ ပြောလေ၏။ ထိုအခါ ခြင်္သေ့လည်း–

http://www.dhammadownload.com



"အဆွေ သစ်တောက်လောက်ငှက်၊ မကြောက်ပါလင့်။ သင့်ကို ငါ ကိုက်မသတ်ပါ။ ငါ၏လည်ချောင်း စူးဝင်နေသော အရိုးကိုသာ နှုတ်ထွင် ပေးပါလော့"

ဟု သနားစဖွယ် ပြောဆိုလေသည်။ ဤတွင် သစ်တောက်ငှက်လည်း ကောင်းပေပြီ"ဟုဆိုကာ ခြင်္သေ့ကို လက်ယာနံပါး ဖြင့်လဲလျောင်းစေ၏။ ထို့နောက် ကိုက်သတ်မည် မသတ်မည်ကို တပ်အပ်သေချာ မပြောနိုင်သဖြင့် ခြင်္သေ့၏ခံတွင်းအား ဟစေကာ ပြန်မပိတ်နိုင်အောင် တုတ်လုံးတံဖြင့် ထောက်၏။ ထို့နောက် ခံတွင်းသို့ဝင်လျက် အရိုးစွန်းကို နှုတ်သီးဖြင့် ကိုက်၍ ဆွဲနှုတ်လေသော် လည်ချောင်းတွင် စူးဝင်နေသော အရိုးလည်း ကျွတ်ထွက်လာလေ၏။ ထိုအခါ ခံတွင်းမှ ပြန်ထွက်၏။ ထို့နောက် ခြင်္သေ့၏ အပေါ် နှုတ်ခမ်း, အောက်နှုတ်ခမ်းတို့အား ဖယ်ရှားကာ သစ်ကိုင်းထက်၌ ပြန်နားလေ၏။ ခြင်္သေ့လည်း အရိုးမရှိရှော့ပြီဖြစ်သဖြင့် ဝေဒနာမှ သက်သာရာ ရလေ၏။

တစ်နေ့သ၌ ခြင်္သေ့သည် ကျွဲတစ်ကောင်ကို ကိုက်သတ်ကာ စားသောက်နေလေ၏။ ထိုအခိုက် သစ်တောက်ငှက်ရောက်လာပြီး

"ငါသည် ဤခြင်္သေ့၏ အသက်ကို ကယ်တင်ခဲ့ဖူး၏။ ၎င်းသည် သူတစ်ထူး၏ကျေးဇူးကို သိတတ်သလော၊ မသိတတ်သလောဟူသည်ကို စုံစမ်းအံ့"

ဟူ၍ ကြံစည်စိတ်ကူးမိပြီး ခြင်္သေ့နှင့် မလှမ်းမကမ်းရှိ သစ်ပင်ထက်၌ နားရင်း

http://www.dhammadownload.com



"အို... ခြင်္သေ့မင်း သင့်အား ကျွန်ုပ်သည် အရိုအသေပြုပါ၏။ ကျွန်ုပ်သည် သင် ဒုက္ခရောက်စဉ်က ကူညီပေးခဲ့ဖူးပါ၏။ သည့်အတွက် သင့်ထံမှ အနည်းငယ်မျှသော အမဲသားကို အလိုရှိပါ၏"

ဟူ၍ ပြောဆိုကာ တောင်းခံလေ၏။ ထိုစကားကို ကြားသည်ရှိသော် သားစားကြူးလျက်ရှိသော ခြင်္သေ့လည်း ခေါင်းထောင်ထလျက် လည်ဆံမွေးတို့ကိုခါရင်း

"အို... သစ်တောက်လောက်ငှက်၊ သင်သည် ငါ၏ အာခံတွင်းထဲသို့ရောက်ရှိနေပါလျက် အသက်ရှည်စွာ နေရခြင်းကား ထူးကဲလှပါဘိ။ ငါကဲ့သို့သော အသွေးအသားတို့ကို စားသောက်လျက် အမြဲကြမ်းကြုတ်လျက်ရှိသော ငါ့အနေဖြင့် သင့်ကို မစားမိခြင်းသည်ပင် သင့်ကို ပေးကမ်းသည့်သဘောဟု မှတ်ယူပါလော့။ သည့်အတွက် အနည်းငယ်မျှသော အမဲသားကို မပေးနိုင်"

ဟူ၍ တုံ့ပြန်ပြောဆိုလေ၏။ ထိုအခါ သစ်တောက်လောက်ငှက်လည်း

"အို... ခြင်္သေ့မင်း ပြုအပ်သော ကျေးဇူးကို မသိသောသူကို ပေါင်းဖော်မှီဝဲခြင်းဖြင့် အကျိုးတစ်စုံတစ်ရာ မရှိနိုင်။ ပြုခဲ့ဖူးသော ကျေးဇူးကိုမသိ၊ တုံ့ပြန်၍ မဆပ်သည့်အပြင် ကျေးဇူးရှင်ကို ပြစ်မှားသူအား ငါသည် ဘယ်သောအခါမှ မကြုံကြိုက်လို"

http://www.dhammadownload.com



ဟု ယဉ်ကျေးစွာ ပြောဆိုပြီး ခြင်္သေ့ထံပါးမှ ဖဲခွာသွားလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်သည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

"ရဟန်းတို့... ထိုအခါက သူတစ်ထူး၏ကျေးဇူးတရားကို မသိတတ်သော ခြင်္သေ့ယုတ်သည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ သစ်တောက်လောက်ငှက်ကား ငါဘုရားရှင် ဖြစ်လာ၏။

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၃၀၉။ ဆဝဇာတ်



http://www.dhammadownload.com

# [၃၀၉]

# ဆဝဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့အား ကုသိုလ်ကောင်းမှု လမ်းကြောင်းအမှန်ကို သေချာစွာ ပြညွှန်တတ်သော လောကအမွန်မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်က ဆဗ္ဗဂီရဟန်းတို့သည် နိမ့်သောနေရာမှ နေလျက် အမြင့်နေရာရှိသူတို့အား တရားဟောကြကုန်၏။

ထိုအကြောင်းကို ကြားသိလေသော် ဘုရားရှင်သည် ဆဗ္ဗဂီရဟန်းတို့အား ခေါ်ယူလျက် မေးတော်မူရာ ဆဗ္ဗဂီရဟန်းတို့က ဟုတ်မှန်ပါကြောင်း ဝန်ခံကြလေ၏။ ထိုအခါ ဘုရားရှင်လည်း ပရိသတ်အလယ်၌ ထိုဆဗ္ဗဂီရဟန်းတို့အား ကဲ့ရဲ့လျက်

"ရဟန်းတို့ တရားတော်၌ မရိုမသေပြုခြင်းသည် မသင့်။ ရှေးပညာရှိတို့သည် နိမ့်သောနေရာ၌နေလျက် မြင့်သော နေရာ၌နေသူအား ဗေဒင်သင်သောသူတို့ကို

http://www.dhammadownload.com



ကဲ့ရဲ့ဖူးကြလေပြီ။

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး...လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် စဏ္ဍာလတစ်ဦးသည် အရွယ်သို့ရောက်သည့်အခါ အိမ်ရာထောင်လျက် ဥစ္စာစီးပွားတို့ကို ရှာလေ၏။

တစ်နေ့သ၌ ထိုစဏ္ဍာလ၏မယားသည် သရက်သီးကို စားလိုသည့် ချင်ခြင်း ဖြစ်ပေါ်၍ လင်ယောကျ်ား စဏ္ဍာလအား

"အရှင် အကျွန်ုပ်သည် သရက်သီးအား စားလိုသော ချင်ခြင်း ဖြစ်ပါ၏"

ဟူ၍ ပြော၏။ ထိုအခါ လင်ယောကျ်ား စဏ္ဍာလလည်း

"ရှင်မ... ယခုအခါကာလသည် သရက်သီးရှိသော အခါ ကာလမဟုတ်။ အခြားသစ်သီးတို့ကို ရှာဖွေပေးပါမည်"

ဟု ပြောလေ၏။ မယားဖြစ်သူကလည်း

"အရှင်... အကျွန်ုပ်သည် သရက်သီးကို စားရမှသာ အသက်ရှင်ရပါလိမ့်မည်။ မစားရပါက သေဖွယ်ရာသာ ရှိတော့၏"

ဟု ပြောဆိုလေ၏။ ထိုအခါ စဏ္ဍာလလည်း မယားအပေါ် ချစ်ခင်စွဲလမ်းသော စိတ်ရှိသဖြင့် သရက်သီးရရှိနိုင်ရေးအတွက်

http://www.dhammadownload.com



ကြံစည်စိတ်ကူးသည်ရှိသော် မင်းကြီး၏ဥယျာဉ်၌ သရက်သီးတို့ အခါမလပ်သီးသည်ကို သိရှိသဖြင့် ညဥ့်အချိန်ရောက်သည်ရှိသော် ဥယျာဉ်တော်သို့သွား၏။ သရက်ပင်ပေါ်သို့ ခိုးကြောင်ခိုးဝှက်တက်၏။ သရက်သီးတို့ကို အမှောင်ထုအတွင်း၌ ရှာဖွေရင်းနှင့်ပင် မိုးစင်စင် လင်းခဲ့ရလေ၏။ ထိုအခါ စဏ္ဍာလလည်း

"ငါသည် ခုအခါတွင် သစ်ပင်ပေါ်မှ ဆင်း၍သွားသည် ရှိသော် ငါ့အား သူခိုးဟူ၍ ဖမ်းဆီးကြမည်မှာ သေချာ၏။ သို့ဖြစ်၍ တစ်နေ့လုံးနေ၍ ညဥ့်အခါမှပင် ဆင်း၍သွားမည်"

ဟု အကြံရကာ သစ်ပင်ခွကြား၌ ပုန်းခိုနေလေ၏။ ထိုအခါ ပုရောဟိတ်ထံ၌ ဗေဒင်ပညာကို သင်ယူမည်ဟု ဗာရာဏသီမင်းလည်း ပုရောဟိတ်နှင့်တကွ ဥယျာဉ်တော်သို့ ဝင်ခဲ့၏။ ထို့နောက် သရက်ပင်ရင်းရှိ မြင့်သောနေရာ၌ ထိုင်ကာ ဆရာပုရောဟိတ်ကိုမူ နိမ့်သောနေရာ၌ နေစေလျက် ဗေဒင်ပညာရပ်တို့ကို သင်ယူနေလေ၏။ ထိုမြင်ကွင်းကို သရက်ပင်ခွကြား၌ ပုန်းခိုနေသော စဏ္ဍာလ မြင်သည်ရှိသော်

"ဤမင်းသည် မြင့်သောနေရာ၌နေလျက် ဗေဒင်ပညာတို့ကို သင်ကြားဘိ၏။ ဆရာပုရောဟိတ်ကိုမူကား နိမ့်သော နေရာ၌ နေစေခြင်းဖြင့် တရားကိုမစောင့်။ မင်းကြီးလည်း တရားမစောင့်သကဲ့သို့ ပုရောဟိတ်ပုဏ္ဏားမှာလည်း တရားကို မစောင့်ပေ။

http://www.dhammadownload.com



သူတို့သည်သာ တရားမစောင့်သည် မဟုတ်။ ငါသည်လည်း မယား၏အလိုကိုလိုက်၍ မိမိ၏အသက်ကို မငဲ့ကွက်ဘဲ သရက်သီးတို့ကို ခိုးယူရန် ကြံဘိ၏။ ငါလည်း တရားမစောင့်ပေ”

ဟူ၍ ကြံစည်ပြီးလျှင် တွဲလျားကျနေသော သရက်ကိုင်းဖျားမှ မြေပေါ်သို့ သက်ဆင်း၏။ ထို့နောက် မင်းကြီးနှင့် ပုရောဟိတ်ပုဏ္ဏားတို့ အလယ်၌ ရပ်လေ၏။ ထို့နောက်

“အရှင်မင်းကြီး... အကျွန်ုပ်ကား ပျက်စီးသူဖြစ်၏။ အရှင်မင်းကြီးကား တွေဝေ၏။ ပုရောဟိတ်ပုဏ္ဏားကား အလိုရမ္မက်ကြီးသူဖြစ်၏”

ဟူ၍ ရဲတင်းစွာ ပြောဆိုလျှောက်ထားလေ၏။ မင်းကြီးလည်း အံ့အားတသင့်ဖြင့် စဏ္ဍာလအား-

“အမောင် အဘယ်အကြောင်းကြောင့် ဤသို့ ပြောနိုင်သနည်း”

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ စဏ္ဍာလလည်း မင်းကြီးအား

“အရှင်မင်းကြီး... အကျွန်ုပ်တို့ သုံးယောက်လုံး ပြုလုပ်အပ်သော အမှုကိစ္စတို့သည်ကား ယုတ်မာသော အမှုကိစ္စတွေချည်းပင် ဖြစ်၏

အကျွန်ုပ်ကား မယား၏ အလိုသို့လိုက်၍ သရက်သီးတို့အား ခိုးယူရန် ကြံစည်ဘိ၏။ ပုရောဟိတ်ပုဏ္ဏားလည်း နိမ့်သောနေရာ၌နေလျက် ဗေဒင်ပညာတို့ကို သင်ကြားပေး

http://www.dhammadownload.com



၏။ အရှင်မင်းကြီးလည်း မြင့်သောနေရာ၌ နေလျက် ဗေဒင်ပညာတို့ကို သင်ယူဘိ၏။ အကျွန်ုပ်တို့သုံးယောက် စလုံးသည် တရားကို မမြင်ကြကုန်။ တရားမှ ရွေ့လျောကြကုန်၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုစကားကို ပုရောဟိတ်ပုဏ္ဏား ကြားသည်ရှိသော် စဏ္ဍာလအား

"အမောင်...ငါကား မင်း၏ဥစ္စာဖြစ်၍ ဖြူစင်သော သလေးထမင်းနှင့် အသားပွမ်းသော ဟင်းတို့ကို စားရ၏။ ထို့ကြောင့် ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ မှီဝဲအပ်သော တရားကို မမှီဝဲနိုင်ပါ"

ဟု ပြန်လည်ပြောဆိုလေ၏။ ထိုအခါ စဏ္ဍာလသည်

"အို... ပုရောဟိတ်ပုဏ္ဏားကြီး၊ လောကကြီးကား ကျယ်ဝန်းလှပါ၏။ သို့ဖြစ်၍ အရပ်တစ်ပါးသို့ သွားပါလော့။ မင်းမှတစ်ပါး အခြားသောသူတို့သည် ထမင်းဟင်း တို့ကို ချက်ပြုတ်ကြရ၏။ သင်သည် မတရားသော အမှု ကိစ္စတို့ကို မပြုကျင့်ပါနှင့်။ ပမာအားဖြင့် ကျောက်သည် အိုးကို ခွဲသကဲ့သို့ မတရားသောအမှုသည် သင့်ကို မခွဲပါစေ လင့်။

အို...ပုရောဟိတ် ပုဏ္ဏားကြီး၊ အပါယ်ငရဲသို့ ကျစေ သဖြင့်လည်းကောင်း၊ မတရားမှုကို ပြုကျင့်သဖြင့်လည်း ကောင်း စည်းစိမ်ဥစ္စာချမ်းသာခြင်းတိုကို ရလာခဲ့သည် ဖြစ်အံ့။ ထိုရရှိလာခဲ့သော စည်းစိမ်ဥစ္စာချမ်းသာခြင်းတို့ကို

http://www.dhammadownload.com



ငါတို့ စက်ဆုပ်ကဲ့ရဲ့ပါကုန်၏”

ဟူ၍ ပုရောဟိတ်ပုဏ္ဏားကြီးအား တရားဟောလေ၏။ ထိုအခါ ဗာရာဏသီမင်းကြီးလည်း စဏ္ဍာလ၏တရားကို ကြည်ညိုသဖြင့်

“အမောင်... သင်သည် မည်သည့်အမျိုးအနွယ်ဖြစ်သနည်း”

ဟု မေးတော်မူလေ၏။ ထိုအခါ စဏ္ဍာလလည်း

“အရှင်မင်းကြီး... အကျွန်ုပ်ကား စဏ္ဍာလအမျိုးဖြစ်ပါ၏။”

ဟူ၍ လျှောက်၏။

“အမောင် သင်သည် အကယ်၍ ကောင်းမွန်မြင့်မြတ်သောအမျိုးနှင့် ပြည့်စုံသည် ဖြစ်ငြားအံ့။ သင့်အား မင်းအဖြစ်ကို ပေးရာ၏။ ဤနေ့မှစ၍ ငါသည် နေ့အခါ၌ မင်းပြုအံ့။ သင်သည် ညည့်အခါ၌ မင်းပြုပါလော့”

မင်းကြီးလည်း ထိုသို့ပြောဆိုပြီး မိမိ၏လည်၌ တန်ဆာဆင်အပ်သော ပန်းဆိုင်းကို စဏ္ဍာလ၏လည်၌ ဆင်မြန်းစေ၍ မြို့စောင့်စနစ်ထားတော်မူ၏

ထိုအခါမှစ၍ မင်းကြီးသည် စဏ္ဍာလ၏ အဆုံးအမ၌ တည်ပြီးလျှင် ဆရာကိုအရိုအသေပြုကာ နိမ့်သောနေရာ၌နေကာ ဗေဒင်ပညာကို သင်ကြားလေ၏။

ဤသို့လျှင် မုဒ္ဒဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

http://www.dhammadownload.com



"ရဟန်းတို့ ထိုစဉ်အခါက ဗာရာဏသီမင်းသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ စဏ္ဍာလကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၁၀။ သေယျဇာတ်



http://www.dhammadownload.com

[၃၁၀]

# သေယျဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် ကရုဏာတော်ကြီးမား၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတတ်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ရဟန်းတစ်ပါးသည် သာဝတ္ထိပြည်သို့ ဆွမ်းခံသွားသည်ရှိသော် ရုပ်ရည်အဆင်းလှပသော မိန်းမတစ်ယောက်ကို မြင်လျှင် တပ်မက်စွဲလမ်းသည်ဖြစ်၍ သာသနာတော်၌ ပျင်းရိငြီးငွေ့ကာ နေလေ၏။ ထိုအခါ ရဟန်းတို့လည်း ထိုရဟန်းအား ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင်သွားပြီး အကျိုးအကြောင်းကို လျှောက်ထားကြလေ၏။ ထိုရဟန်းအား ဘုရားရှင်က မေးမြန်းသည်ရှိသော် ဟုတ်မှန်ကြောင်း ဝန်ခံလေ၏။ ထိုအခါ ဘုရားရှင်လည်း–

http://www.dhammadownload.com



"ချစ်သား... ရဟန်း၊ သင်သည် အဘယ်ကြောင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် ငြီးငွေ့ရလေသနည်း။

ရှေးပညာရှိတို့သည် ပုရောဟိတ်အရာကို စွန့်ကုန်လျက် ရဟန်းပြုကြကုန်သေး၏"

ဟု မိန့်ဆိုလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် မင်းကြီး၌ သားတော်တစ်ပါး ထွန်းကားလေ၏။ ထို့အတူ မင်းကြီးကို ခစားရသော ပုရောဟိတ်ပုဏ္ဏားအား၌လည်း သားတစ်ဦး ထွန်းကားလေ၏။ မင်းကြီး၏သားနှင့် ပုရောဟိတ်၏သားတို့မှာ တစ်နေ့တည်း မွေးဖွားသည်ကို မင်းကြီးသိလေသည်ရှိသော် ပုရောဟိတ်၏သားကို ဆောင်ယူစေပြီးလျှင် အထိန်းတော်တို့အားပေး၍ မင်းသားနှင့်အတူ မွေးမြူစေ၏။ သူငယ်နှစ်ယောက်တို့အားလည်း အဆင်တန်ဆာ၊ အစားအစာတို့ကို တူမျှစွာ ဝတ်ဆင်စေ၏။ စားသောက်စေ၏။

သူငယ်တို့လည်း အရွယ်ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့ အတူတကွသွား၍ အတတ်ပညာတို့ကို သင်ယူကြကုန်၏။ ပညာပြည့်စုံပြီး ဗာရာဏသီပြည်သို့ ပြန်ရောက်သည်ရှိသော် မင်းသားသည် အိမ်ရှေ့မင်းအဖြစ်ကို ရသဖြင့် စည်းစိမ်အခြ

http://www.dhammadownload.com



အရံများစွာရရှိ၏။ ပုရောဟိတ်သားမှာလည်း အိမ်ရှေ့မင်းသားနှင့်သာ အတူတကွ နေထိုင်စားသောက်ကာနေ၏။ အချင်းချင်းလည်း လွန်စွာချစ်ကျွမ်းတဝင် ရှိကြကုန်၏။

အိမ်ရှေ့မင်းလည်း ခမည်းတော်နတ်ရွာစံလျှင် အရိုက်အရာနှင့်တကွ မင်းစည်းစိမ်ကို ခံစားရ၏။ ထိုအခါ ပုရောဟိတ်သားသည်...

"ငါ၏အဆွေခင်ပွန်း မင်းသားသည် မင်းအဖြစ်ကို ရခဲ့ပြီ။ ၎င်းသည် ငါ့အား သတိရသည်နှင့် ပုရောဟိတ်အရာကို ပေးပေလိမ့်မည်။ ထိုအရာကို ဆက်ခံခြင်းဖြင့် ငါ့အဖို့ အဘယ်မှာလျှင် အကျိုးရှိပါအံ့နည်း။ ရသေ့ရဟန်းပြုကာ တရားဓမ္မတို့နှင့် မွေ့လျော်တော့မည်"

ဟူ၍ ဆုံးဖြတ်ကာ မိဘတို့ကို ခွင့်ပန်လျက် စည်းစိမ်ဥစ္စာချမ်းသာတို့ကို ပယ်စွန့်ပြီး ရသေ့တဟန်းပြု၏။ ထို့နောက် ဟိမဝန္တာအရပ်သို့ ဝင်လျက် အဘိညာဉ်သမာပတ်တို့ ဖြစ်စေကာ ဈာန်ကစား၍ နေလေ၏။

ဤတွင် မင်းကြီးလည်း အဆွေခင်ပွန်းဖြစ်သော ပုရောဟိတ်သားကို သတိရသောအခါ အမတ်တို့အား မေးမြန်းလေ၏။ အမတ်တို့ကလည်း ရသေ့ရဟန်း ပြုကာ တောထွက်သွားပြီဖြစ်ကြောင်း လျှောက်ထားကြကုန်၏။ ထိုအခါ မင်းကြီးလည်း 'သေယျ'အမည်ရှိ အမတ်ကိုခေါ်၍–

"အို သေယျအမတ်၊ သင်သည် ဟိမဝန္တာသို့ အမြန်သွားလော့။ ငါ၏အဆွေခင်ပွန်းဖြစ်သော ပုရောဟိတ်သား

http://www.dhammadownload.com



ကို ရအောင်ခေါ်ခဲ့လော့။ ၎င်းရောက်လာပါက ပုရောဟိတ်ရာထူးကို ပေးအံ့"

မှာကြားကာ စေလွှတ်လိုက်လေ၏။ သေယျအမတ်လည်း မင်းကြီး စေခိုင်းသည့်အတိုင်း ပုရောဟိတ်သားကိုခေါ်၍ ဟိမဝန္တာသို့ ထွက်သွားလေ၏။ ပစ္စန္တရာဇ်အရပ်သို့ ရောက်သည်ရှိသော် သစ်ခက်တပ်ချကာ စစ်သည်ဗိုလ်ပါတို့ကို ထားခဲ့ပြီး သေယျအမတ်လည်း လမ်းညွှန်မုဆိုးကိုခေါ်၍ ပုရောဟိတ်သား ရသေ့ရှိရာသို့ သွားလေ၏။ ကျောင်းသခ်မ်းသို့ ရောက်လေသော် ကျောင်းတံခါးဝ၌ ရွှေဆင်းတုနှင့်မခြား ရသေ့ကို ဖူးမြင်ရလေ၏။ ထို့နောက် သေယျအမတ်လည်း

"အရှင်ရသေ့... တပည့်တော်သည် သေယျအမတ်ဖြစ်ပါ၏။ အရှင်ရသေ့ထံ လာရောက်ရခြင်း အကြောင်းမှာ အရှင်မင်းကြီးက အရှင်ရသေ့အား အခေါ်လွှတ်၍ဖြစ်ပါ၏။ မင်းကြီးသည် အရှင်ရသေ့အား ပုရောဟိတ်အရာ၌ထားရန် အခေါ်လွှတ်လေရကား ယခုပင် တပည့်တော်တို့နှင့် လိုက်ခဲ့ပါလော့"

ဟူ၍ လျှောက်ထားပြောဆိုလေ၏။ ထိုအခါ ရသေ့လည်း သေယျအမတ်အား...

"အို...သေယျအမတ်၊ ငါ့အဖို့ ပုရောဟိတ်အရာကို ထားဘိဦး။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး မင်းအဖြစ် စကြာဝတေးမင်းအဖြစ်ကို ပေးလာသည့်တိုင်အောင် ငါမလိုက်လို။ ပညာရှိတို့မည်သည် ထွေးပြီးသော တံတွေးကို ပြန်၍မမျို

http://www.dhammadownload.com



သကဲ့သို့ စွန့်လွှတ်ပြီးသော ကိလေသာကိုလည်း ပြန်၍ မယူလိုပါကုန်”

ဟူ၍ ပြောဆိုကာ ပုရောဟိတ်ရာထူးကို ငြင်းပယ်လေ၏။ တစ်ဖန်

“အို... သေယျအမတ်၊ ကဲ့ရဲ့ဖွယ်ကောင်းလှစွာသော လောကီရာထူးတို့ကို ငါမမက်။ သမုဒ္ဒရာကို ရံပတ်ကာလျက် စကြဝဠာတောင်နှင့်တကွ နားဋ္ဌောင်းသဖွယ်ဖြစ်သော ဤမြေအလုံးကိုပင် ငါသည် အလိုမရှိ။

အို...သေယျအမတ် အပါယ်သို့ ကျစေသဖြင့်လည်းကောင်း၊ အဓမ္မကို ပြုကျင့်သဖြင့်လည်းကောင်း ရရှိသော စည်းစိမ်ဥစ္စာ, လာဘ်လာဘတို့ကို ငါသည် ကဲ့ရဲ့ပါ၏။

အို... သေယျအမတ်၊ အဓမ္မဖြင့် ရှာမှီး၍ ရသော စည်းစိမ်ဥစ္စာဖြင့် အသက်မွေးခြင်းထက် ရသေ့ရဟန်းပြုလျက် သပိတ်ကိုပိုက်ကာ ဆွမ်းခံ၍ အသက်မွေးရခြင်းက သာ၍ ပို၍ မွန်မြတ်လှ၏။ ရသေ့ရဟန်းပြု၍ အသက်မွေးခြင်းမှာလည်း လောက၌ သူတစ်ပါးကို မညှဉ်းဆဲပဲ ကောင်းသော အသက်မွေးခြင်းဖြစ်၍ မင်းအဖြစ်ထက် မွန်မြတ်လှပေ၏”

ဟူ၍ သေယျအမတ်အား ဟောကြားဆုံးမရာ သေယျအမတ်လည်း ရသေ့ကို ခွင့်ပန်ရှိခိုးလျက် ပြန်လှည့်သွားရလေတော့၏။

http://www.dhammadownload.com



ဤသို့လျှင် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့ ထိုအခါက ဗာရာဏသီမင်းသည် ယခုအခါ အာနန္ဒာ၊ သေယျအမတ်သည် သာရိပုတ္တရာဖြစ်လာပြီး ပုရောဟိတ်သားရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❒

http://www.dhammadownload.com

# ၃၁၁။ ပုစိမန္ဒဇာတ်



http://www.dhammadownload.com

[၃၁၁]

# ပုစိမန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဦးထိပ်ထက်၌ ပဒုမ္မာရွှေကြာပန်းကဲ့သို့ ပွင့်လန်းကာ တရားရန့် လှိုင်ပျံ့တော်မူသော မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရှင်မောဂ္ဂလာန် မထေရ်သည် ရာဇဂြိုဟ်ကို အမှီပြုလျက် တောကျောင်းတစ်ကျောင်း၌ သီတင်းသုံးလေ၏။

တစ်နေ့သ၌ သူခိုးတစ်ယောက်သည် မြို့တံခါးအနီးရှိ ရွာတစ်ရွာသို့ဝင်ကာ အိမ်တစ်အိမ်မှ ဥစ္စာတို့ကို ခိုးယူထွက်ပြေးခဲ့လေ၏။ ထိုအခါ သူခိုးလည်း ဘေးရန်လုံခြုံစေရန်အတွက် ရှင်မောဂ္ဂလာန် သီတင်းသုံးသော ကျောင်းသင်္ခမ်းဝတွင် ဝင်၍ အိပ်လေ၏။ ရှင်မောဂ္ဂလာန် သိတော်မူလျှင် ရှုံ့ရှာဖွယ် ကောင်းလှသော သူခိုးနှင့် ရောနှောနေခြင်းငှာ မသင့်ဟု ကြံစည်လျက် အိပ်ရာမှနှိုးကာ နှင်ထုတ်လေ၏။ သူခိုးလည်း ခြေရာဖျောက်ကာ ထွက်ပြေးရလေ၏။

http://www.dhammadownload.com



ထိုအချိန်ဝယ် ရွာသူရွာသားတို့သည် မိးရှူးမီးတုတ်တို့ကို ကိုင်ဆောင်၍ သူခိုးပြေးသည့် နောက်သို့ လိုက်ကြရာ ရှင်မောဂ္ဂလာန် သီတင်းသုံးလျက်ရှိသော ကျောင်းသို့ ခြေရာခံမိကြလေ၏။ ကျောင်းသို့ရောက်လေရာ ဟိုဟိုသည်သည် ရှာဖွေကြ၏။ သို့ရာတွင် ရှာဖွေ၍ မတွေ့သဖြင့် လက်လျှော့ကာ ပြန်သွားကြလေ၏။

ရှင်မောဂ္ဂလာန်လည်း နောက်တစ်ရက် ဆွမ်းခံပြီးသည့်အခိုက် ဘုရားရှင်ထံ ဝင်တွေ့ဖူးမြင်ပြီး အကျိုးအကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က

"ချစ်သား...မောဂ္ဂလာန် သင်သည်သာ ရွံရှာအပ်သောသူကို ရွံရှာသည် မဟုတ်၊ ရှေးအခါကလည်း ပညာရှိတို့သည် ရွံရှာအပ်သူကို ရွံရှာဖူးလေပြီ"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် တောအုပ်တစ်ခု၌ တမာပင်စောင့်နတ်နှင့် ညောင်ဗုဒ္ဓဟေပင်စောင့်နတ်တို့ ရှိကြလေ၏။

တစ်နေ့သ၌ သူခိုးတစ်ယောက်သည် မြို့တံခါးအနီးရှိ ရွာတစ်ရွာသို့ဝင်ကာ အိမ်တစ်အိမ်မှ ဥစ္စာပစ္စည်းတို့ကို ခိုးယူထွက်ပြေးလာလေ၏။ ထို့နောက် တောအုပ်အတွင်း ဝင်လာပြီး

http://www.dhammadownload.com



တမာပင်ရင်းသို့ ရောက်လေသော ဥစ္စာထုပ်ကို ချလျက် အိပ်စက်လေ၏။ ထိုအခါ တမာပင်စောင့်နတ်သည် ရွံရှာအပ်သော သူခိုး အိပ်စက်သည်ကိုသိလျှင်–

"ဤသူခိုးရှိရာသို့ ဥစ္စာရှင်တို့ လိုက်လာ၍ ဖမ်းဆီးမိသည်ရှိသော် တမာကိုင်းကို ဖြတ်ကာ တံကျင်ပြုလျက် တံကျင်လျှိုကြပေလိမ့်မည်။ ထိုအခါ ငါ၏တမာပင်သည် ပျက်စီးလတ္တံ့"

ဟူ၍ ကြံစည်ကာ သူခိုးအား ခြောက်လှန့်မောင်းထုတ်လေ၏။

"ဟယ်... သူခိုး၊ ထလော့...သင်သည် အဘယ်ကြောင့် အိပ်နေရသနည်း။ ဤကဲ့သို့ အိပ်နေသဖြင့် အဘယ်မှာလျှင် အကျိုးရှိအံ့နည်း။ ဥစ္စာတို့ကို ခိုးလာသော သင့်အား မင်းချင်းတို့ လာရောက် ဖမ်းဆီးကြပေလိမ့်မည်။ အဖမ်းမခံရမီ လွတ်ရာကျွတ်ရာသို့ လျင်မြန်စွာ ပြေးလေလော့"

သူခိုးလည်း တမာပင်စောင့်နတ်၏စကားကို ကြားလေသော် ထိတ်လန့်တုန်လှုပ်သွားပြီး နေရာမှ ထွက်ပြေးသွားလေတော့၏။ ဤတွင် ညောင်ဗုဒ္ဓဟေပင်စောင့်နတ်သည် တမာပင်စောင့်နတ်အား...

"အဆွေ...တမာပင်စောင့်နတ်၊ ရွာထဲမှ ဥစ္စာပစ္စည်းတို့ ခိုးယူလာသော သူခိုးအား မင်းချင်းယောကျ်ားတို့ ဖမ်းဆီးမိသည်ရှိသော် တောထဲ၌ ရှိနေသော သင့်အဖို့ မည်ကဲ့သို့ ဖြစ်မည်နည်း"

http://www.dhammadownload.com



ဟု မေးလေ၏။ ဤတွင် တမာပင်စောင့်နတ်က...

"အဆွေ... ညောင်ဗုဒ္ဓဟေပင်စောင့်နတ်၊ သင်သည် အကျွန်ုပ်နှင့် သူခိုးတို့ တစ်ပေါင်းတည်းနေရသည့် အဖြစ်ကို မသိပါလေ။ ရွာထဲမှ ဥစ္စာပစ္စည်းတို့ကို ခိုးယူလာသော သူခိုးကို မင်းချင်းယောကျ်ားတို့ လာ၍ ဖမ်းမိသည်ရှိသော် တမာသားဖြင့် တံကျင်လျှိုကျမည့်အဖြစ်ကို အကျွန်ုပ်သည် ရွံရှာ၏"

ဟူ၍ တုံ့ပြန်ပြောဆို၏။ ထိုသို့ ရုက္ခစိုးနတ် နှစ်ပါးတို့ အချင်းချင်း စကားဆိုနေစဉ်မှာပင် မင်းချင်းတို့သည် မီးတုတ်၊ မီးရှူးများကိုင်ကာ ရောက်လာလေ၏။ တမာပင်ရင်း၌ သူခိုး အိပ်စက်သွားသည့် အနေအထားကို မြင်လျှင်–

"အချင်းတို့... မကြာမတင်ကပင် သူခိုးသည် ဤ တမာပင်ရင်းမှထကာပြေးလွှားသွားခဲ့ပေပြီ။ ငါတို့ မိဖို့ မလွယ်တော့။ အကယ်၍ ဖမ်းဆီးမိမည် ဆိုပါက တမာ ကိုင်းကို ခုတ်ကာ သူခိုးအား တံကျင်လျှိုအံ့"

ဟူ၍ တိုင်ပင်ပြောဆိုကာ ဟိုဟိုသည်သည် ရှာဖွေကြပြီး ရှာဖွေမတွေ့သည့် အဆုံး၌ လာရင်းအရပ်သို့ ပြန်ကြကုန်၏။ ထိုအခါမှ ညောင်ဗုဒ္ဓဟေပင်စောင့်နတ်လည်း တမာပင်စောင့် နတ်အား

"အဆွေ...တမာပင်စောင့်နတ်၊ ပညာရှိတို့ကား ရွံရှာ အပ်သည်ကို ရွံရှာကြကုန်၏။ လာလတ္တံ့သော အနာဂတ် ဘေးကိုလည်း တွေးမြင်ကာ ရှောင်ရှားတတ်ကြကုန်၏။"

http://www.dhammadownload.com



ဟူ၍ ပြောဆို ချီးမွမ်းလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

"ရဟန်းတို့... ညောင်ဗုဒ္ဓဟောပင်စောင့်နတ်သည် ယခုအခါ အာနန္ဒာဖြစ်လာပြီး တမာပင်စောင့်နတ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၃၁၂။ ကဿပမန္ဒိယဇာတ်



http://www.dhammadownload.com

[၃၁၂]

# ကဿပမန္ဒိယဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်ရာအစစ်၊ ပူဇော်ရာအစစ်၊ တရားမင်းအစစ် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

အဆိုပါ သာဝတ္ထိပြည်မှာပင် အမျိုးသားကောင်းတစ်ယောက်သည် ကာမဂုဏ်တို့၏ အပြစ်ကိုမြင်ကာ ရဟန်းပြုလေ၏။ ထို့နောက် ကမ္မဋ္ဌာန်းတရားကို အားထုတ်သည်ရှိသော် ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေတော့၏။

ကာလကြာလေသော် ထိုရဟန်း၏ မိခင်သည် ကွယ်လွန်လေ၏။ ထိုအခါ ဖခင်အိုနှင့် ညီငယ်တို့အား ရဟန်းသာမဏေပြုစေ၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးစေ၏။ ဝါဆိုခါနီးသောအခါ သင်္ကန်းပစ္စည်းတို့ ရလွယ်သည့် ရွာကျောင်းတစ်ကျောင်းသို့ သွားကာ ဝါကပ်ကြလေ၏။

http://www.dhammadownload.com



ထိုမှ ဝါကျွတ်သည်ရှိသော် ဇေတဝန်ကျောင်းတော်သို့ ပြန်လာကြရာ ကျောင်းသို့မရောက်ခင် လမ်းခုလပ်၌ နောင်တော် ရဟန်းသည် ညီငယ်သာမဏေအား –

"ညီငယ်သာမဏေ... ငါသည် ကျောင်းတော်သို့ ဆောလျှင်သွား၍ နေရာထိုင်ခင်းကို သုတ်သင်ရှင်းလင်း ထားနှင့်မည်။ ညီငယ်ကား ဖခင်ရဟန်းအိုကို မပင်မပန်း ရအောင် ဖြည်းဖြည်းသာသာ ခေါ်ဆောင်ခဲ့ပါလော့"

ဟူ၍ ပြောဆိုလျက် ဇေတဝန်ကျောင်းတော်ရှိရာသို့ လျင်မြန် စွာ သွားလေ၏။ ထိုအခါ လမ်းခုလပ်တွင် ရှိနေကြသော သားအဖနှစ်ဦးအနက် ဖခင်ရဟန်းအိုသည် ဖြည်းဖြည်းသက်သာ သွားလေ၏။ သားငယ် သာမဏေကမူ လူငယ့်စိတ်ဖြင့်–

"အရှင်ဘုရား မြန်မြန်သွားပါ။ အရှင်ဘုရား မြန်မြန် သွားပါလော့"

ဟု အနိုင်အထက် လောဆော်လေ၏။ ထိုအခါ ဖခင်ရဟန်း အိုက

"သာမဏေ... သင်သည် ငါ့အား သင်၏စိတ်နှင့် နှိုင်းကာ သင်၏အလိုအတိုင်း ခေါ်ဆောင်၏။ ငါ့မှာ ဖြည်းဖြည်းသက်သာ သွားခွင့် မရပါတကား"

ဟူ၍ နောက်သို့ ပြန်လှည့်ကာ အစပြုပြီး ဖြည်းဖြည်းပင် လှမ်းလေ၏။ ထိုအခါ သားငယ်သာမဏေနှင့် ဖခင် ရဟန်းအို တို့မှာ အချင်းချင်း နိုက်ရန်ဖြစ်ပွားကြ၏။ ထိုစဉ်မှာပင် နေဝင် သွားပြီဖြစ်၍ အမှောင်ထုက လွှမ်းလာခဲ့ပေပြီ။

http://www.dhammadownload.com



သားကြီးရဟန်းလည်း ကျောင်းတော်သို့ စောစီးစွာ ရောက်သွားခဲ့သဖြင့် တံမြက်လှည်းခြင်း၊ ရေခပ်ခြင်း၊ နေရာထိုင်ခင်းတို့အား သန့်ရှင်းခြင်း စသည်တို့ကို ပြုလုပ်ပြီးလျှင် ရဟန်းဖခင်အိုနှင့် ညီငယ်သာမဏေတို့ ရောက်မလာသေးသည့်အတွက် မီးရှူးတိုင်ကိုကိုင်ကာ သွားရောက်ကြိုဆိုရလေ၏။ ထိုအခါ ကြာမြင့်ရခြင်း အကြောင်းကို မေးလေသော ဖခင်ရဟန်းအိုက မိမိတို့အချင်းချင်း ခိုက်ရန်ဖြစ်ပွားသဖြင့် ကြာမြင့်ရခြင်း ဖြစ်ကြောင်း ပြောကြားလေ၏။

ကျောင်းသို့ ရောက်လေသော် သားကြီးရဟန်းလည်း ဖခင်နှင့် ညီငယ်တို့အား အပန်းဖြေစေ၏။ ထိုအချိန်၌ ညမိုးချုပ်သဖြင့် ဘုရားရှင်အား သွားရောက် မဆည်းကပ်သေးဘဲ နောက်ရက်ရောက်မှသာလျှင် သွားရောက်ဆည်းကပ် ဖူးမြော်ကြကုန်၏။ ထိုအခါ ဘုရားရှင်လည်း သားကြီးရဟန်းအား မေးလေသော် ဖခင်ရဟန်းအိုနှင့် ညီငယ်သာမဏေတို့အကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က

> "ချစ်သား ရဟန်း၊ သင်၏ဖခင်ရဟန်းအိုသည် ယခုအခါ၌သာ ဤကဲ့သို့သော အမှုကို ပြုသည်မဟုတ်။ ရှေးအခါ၌လည်း ပြုခဲ့ဖူးပြီ။ ယခုအခါ၌သာ သင့်အား ပင်ပန်းစေသည် မဟုတ်။ ရှေးအခါ၌လည်း ပညာရှိတို့အား ပင်ပန်းစေခဲ့ဖူးပေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

*   *   *

http://www.dhammadownload.com



ရှေးလွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကာသိတိုင်းရှိ ရွာတစ်ရွာ၌ ပုဏ္ဏားမိသားစု ရှိလေ၏။ တစ်နေ့သ၌ မိသားစုမှ မိခင်ကွယ်လွန်သည်ရှိသော် သားကြီးဖြစ်သူလည်း ကျန်ရှိသောဥစ္စာပစ္စည်းတို့ကို အလှူပေး၍ ဖခင်အိုနှင့် ညီငယ်တို့ကို ခေါ်ဆောင်ကာ ဟိမဝန္တာတောသို့ ဝင်လျက် ရသေ့ရဟန်းပြုကြကုန်၏။

ထိုရသေ့ သားအဖသုံးယောက်လည်း မွေ့လျော်ဖွယ်ကောင်းသော တောအုပ်၌နေကြရင်း မိုးလအခါ ရောက်လေသော် မိုးတို့သည် မပြတ်တမ်း သည်းထန်စွာ ရွာသွန်းလေ၏။ ထိုအခါ သစ်သီးကြီးငယ်, သစ်ဉ, သစ်ဖုတို့ရှာဖွေရန် အခက်အခဲ ဖြစ်လေ၏။ ထိုကာလရောက်လျှင် ရသေ့တို့လည်း ဟိမဝန္တာကို ခွာလျက် လူတို့နေရာအရပ်သို့ ကြွကြကုန်၏။ မိုးလလွန်မှပင် ဟိမဝန္တာသို့ ပြန်ဝင်ကြလေ၏။ သို့ဖြင့် မိုးလလွန်ပြီး လူတို့နေသော အရပ်မှ ဟိမဝန္တာသို့ ပြန်ကြသည်ရှိသော် ကျောင်းနှင့် မလှမ်းမကမ်းအရောက် နေဝင်တော့မည် ဖြစ်သဖြင့် အစ်ကိုရသေ့လည်း ဖခင်အိုရသေ့နှင့် ညီငယ်ရသေ့တို့အား–

> "သင်တို့သည် ကျောင်းရှိရာသို့ ဖြည်းဖြည်းလာကြကုန်။ အကျွန်ုပ်သည် ရှေ့မှသွားနှင့်၍ ကျောင်းသခ်မ်းအား ရှင်းလင်းသုတ်သင်ထားပါအံ့"

ဟု ပြောဆိုမှာကြား၍ ရှေ့မှ ကြိုတင်သွားနှင့်လေ၏။

ထိုအခါ ကျန်ခဲ့သောရသေ့သားအဖအနက် ဖခင်ရသေ့အို

http://www.dhammadownload.com



သည် ဖြည်းဖြည်းသာသာ သွား၏။ သားငယ်ရသေ့လည်း ကျောင်းသို့ အမြန်ရောက်လိုဇောဖြင့်

"ဖခင်ရသေ့ မြန်မြန်လှမ်းပါလော့။ မြန်မြန်လှမ်းပါ လော့"

ဟု ပြောဆို၏။ ထိုအခါ ဖခင်ရသေ့အိုလည်း

"သည်သည် ငါ့အား သင်၏အလိုဖြင့် အတင်းကာ ရော ခေါ်ဆောင်ဘိ၏။ ငါ့ဟာသာငါ ဖြည်းဖြည်းသက်သာ ပင် သွားမည်။ ရောက်ချင်သည့်အချိန်ရောက်ပေရော့"

ဟုဆိုလေ၏၊ သို့ဖြင့် ဖခင်ရသေ့အိုနှင့် သားငယ်ရသေ့ပျို တို့လည်း အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြလေ၏။ ထိုကာလမှာပင် နေဝင်သွားပြီဖြစ်၍ အမှောင်ထုလည်း လွှမ်းမိုးလာလေ၏။

ထိုအခါ သားကြီးရသေ့သည် ကျောင်းကို လှည်းကျင်း သုတ်သင် သန့်ရှင်းပြီး သောက်ရေသုံးရေတို့ကို ဖြည့်ထား လေ၏။ ဖခင်နှင့် ညီငယ်တို့ ရောက်ချိန်တန်ပါလျက် ရောက် မလာသေး သည့်အတွက် စိုးရိမ်ပူပန်ကာ မီးရှူးတိုင် ထွန်းညှိ လျက် ခရီးဦးကြိုဆိုတာ ခပ်လှမ်းလှမ်းတွင် တွေ့မြင်ရ၏။ ထိုအခါ အဘယ့်ကြောင့် ကြာမြင့်ရသည့် အကြောင်းကို မေးလေ သော် ညီငယ်ရသေ့က ဖခင်အိုပြုသော အကြောင်းကို လျှောက် ထားလေ၏။ အစ်ကိုရသေ့လည်း ဖခင်နှင့် ညီငယ်အား ဖြည်း ညင်းသာယာစွာဖြင့် ကျောင်းသို့ခေါ်ဆောင်ကာ ပရိက္ခရာတို့ကို သိမ်းလျက် အပန်းဖြေနားနေစေ၏။ ထို့နောက် ဖခင်ရသေ့ အိုအား ဝတ်ကြီးဝယ်ငယ် ပြုစုလျက်–

http://www.dhammadownload.com



"အို... ကဿပ၊ စင်စစ် ပညာဉာဏ်နုံနဲ့သည့်အတွက် ငယ်သူတို့သည် ဆဲလည်း ဆဲတတ်ကုန်၏။ သတ်လည်း သတ်ပုတ်တတ်ကုန်၏။ ပညာရှိတို့ မည်သည်ကား ထိုသို့ ပြုလုပ်သမျှကို အလုံးစုံသည်းခံကြရ၏။ ပညာရှိတို့ သူတော်ကောင်းတို့မည်သည်ကား အကယ်၍ ငြင်းခုံခိုက်ရန် ဖြစ်ပွားစေကာမူ နောက်တစ်ဖန် လျင်မြန်စွာ မိတ်ဆွေဖြစ်ပြန်ကြကုန်၏။ သူငယ်တို့ မည်သည်ကား မြေအိုး မြေခွက်တို့ကဲ့သို့ ကွဲပြားတတ်ကုန်၏။ ပြေငြိမ်းခြင်းသို့ မရောက်နိုင်ကုန်။

လွန်ကျူးသော အပြစ်ကို သိသောသူ၊ အပြစ်ဖြေကြားခြင်းကို သိသောသူတို့သည် နောက်တစ်ဖန် စေ့စပ်နိုင်ကုန်၏။ ထိုသူတို့၏ချစ်ခြင်းကား မဆွေးမြေ့နိုင်။ အပြစ်ကျူးလွန်သော သူတစ်ပါးတို့အား စေ့စပ်ရန် သင့်၏ဟု ကြိုးစားအားထုတ်၏။ ထိုသူသည် ဆိုခဲ့ပြီးသော သူတို့ထက် လွန်မြတ်သည့် မိတ်ဆွေဟူသော တာဝန်ကို ရွက်ဆောင်သူဖြစ်၏"

ဟူ၍ အကျိုးအကြောင်းပြကာ ဖခင်ရသေ့အိုအား အဆုံးအမပေးလေ၏။ ထိုအခါမှစ၍ ဖခင်ရသေ့အိုလည်း လိမ္မာယဉ်ကျေးသိမ်မွေ့လာလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်

"ရဟန်းတို့ ထိုအခါက ဖခင်ရသေ့အိုသည် ယခုအခါ

http://www.dhammadownload.com



ဖခင်ရဟန်းအို ဖြစ်လာ၏။ ညီငယ်ရသေ့သည် ယခုအခါ ညီငယ်သာမဏေဖြစ်လာပြီး အဆုံးအမပေးသော အစ်ကို ရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❐

http://www.dhammadownload.com

# ၃၁၃။ ခန္တိဝါဒီဇာတ်



http://www.dhammadownload.com

# [၃၀၃]

# ခန္တိဝါဒီဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် အမျက်ထွက်သည့်အရာ၌ သတင်းကြီးလေ၏။

ဘုရားရှင် သိတော်မူလျှင် ထိုရဟန်းအား ခေါ်ဆောင်ပြီး–

"ချစ်သားရဟန်း သင်သည် အမျက်မထွက်အပ်သောငါဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုပါလျက် မည်သည့် အတွက်ကြောင့် အမျက်ထွက်ရလေသနည်း။ ရှေးပညာရှိတို့သည် မိမိကို ရိုက်ပုတ်ညှဉ်းဆဲလျက်သော်လည်းကောင်း၊ လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်လျှင် သော်လည်းကောင်း သူတစ်ပါးတို့အား အမျက်မထွက်ကြကုန်"

http://www.dhammadownload.com



ဟု မိန့်ဆိုလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေးလွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ကာလာဗုမင်း စိုးစံသည်ရှိသော် 'ကုဏ္ဍလ'အမည်ရှိ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော လုလင်တစ်ဦး ရှိလေ၏။

ထိုကုဏ္ဍလလုလင်သည် အရွယ်ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့ သွား၍ ပညာသင်ကြားလေ၏။ ပညာစုံ၍ ပြန်လာသော် အမိအဖတို့ သေလွန်လေ၏။ ဤ၌ ကြွင်းကျန်ရစ်သောဥစ္စာတို့ကို ကြည့်၍ သံဝေဂရပြီး ဥစ္စာပစ္စည်းအပေါင်းအား စွန့်ကြဲလှူဒါန်းပြီးနောက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာသို့ ဝင်လေ၏။

တစ်နေ့သ၌ ချဉ်ဆား မှီဝဲရန် ဗာရာဏသီသို့ သွားခဲ့ပြီး မင်းဉယျာဉ်၌ နေလေ၏။ နောက်နေ့ ဆွမ်းခံဝင်သည်ရှိသော် စစ်သူကြီး၏ အိမ်တံခါးဝသို့ ရောက်လေ၏။ စစ်သူကြီးလည်း ရသေ့အား ကြည်ညိုသဖြင့် အိမ်တွင်းသို့ ပင့်ဖိတ်ကာ ဆွမ်းလုပ်ကျွေး၏။ ဉယျာဉ်တော်၌ ကျောင်းဆောက်လုပ်ပေးကာ သီတင်းသုံးစေ၏။

ထိုအချိန်တွင် မင်းကြီးသည် သေရည်ယစ်မူးလျက် ကခြေသည်မတို့ ခြံရံကာ ဉယျာဉ်တော်သို့ထွက်ကာ မင်္ဂလာကျောက်ဖျာထက်၌ ချစ်လှစွာသော မိန်းမ၏ရင်ခွင်၌ ကျိန်းစက်ကာ

http://www.dhammadownload.com



စည်းစိမ်ခံစားလေ၏။ ကခြေသည်မတို့လည်း သီဆိုကခုန်တီးမှုတ်ကာ ဖျော်ဖြေကြလေရာ မင်းကြီးလည်း သိကြားနတ်စည်းစိမ်ကဲ့သို့ ခံစားလျက် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ကခြေသည်မတို့လည်း မင်းကြီး အိပ်ပျော်နေသည်ကို သိလျှင် ဥယျာဉ်တော်တွင်းသို့ လှည့်လည်ကြည့်ရှုကြလေ၏။ ဥယျာဉ်တော်အတွင်းရှိ ပန်းပွင့်များ သစ်သီးများ၊ သစ်ရွက်၊ သစ်ခက်များကို မြင်တွေ့ရာ ပျော်မွေ့ကြကုန်၏။ ဤတွင် ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်ရင်း၌ သီတင်းသုံးနေသော ရသေ့ကို တွေ့ရသဖြင့် ကြည်ညိုခြင်းအတိဖြင့် ရှိခိုးကြလျက် မင်းကြီး နိုးသည့်တိုင်အောင် တရားနာကြမည်ဟုဆိုကာ တရားဟောရန် လျှောက်ထားကြ၏။ ရသေ့လည်း တရားဟောလေ၏။

ထိုအချိန်တွင် မင်းကြီး နိုးလာပြီး ကခြေသည်မတို့ကို မမြင်သဖြင့် မေးလေ၏။ ကခြေသည်မတို့ ရသေ့အား ခြံရံနေကြောင်း သိလေသော် ရသေ့စဉ်းလဲကို သတ်မည်ဟူ၍ သန်လျက်စွဲကာ သွားလေ၏။ ဤတွင် မင်းကြီးမြတ်သော မိန်းမတို့က ဝိုင်းဝန်းဖျောင်းဖျသဖြင့် ဒေါသငြိမ်းကာ သန်လျက်ကို ချလေ၏။ ဤတွင် မင်းကြီးသည် ရသေ့အား

"အရှင်ရသေ့ သင့်၌ မည်သို့သောဝါဒ ရှိသနည်း"

ဟု မေးလေ၏။

"အရှင်မင်းကြီး ငါ၌ ခန္တီဝါဒရှိပါ၏"

"ရှင်ရသေ့ ခန္တီဝါဒ ဟူသည် အဘယ်နည်း"

"မင်းကြီး ခန္တီဝါဒဟူသည်ကား ဆဲရေးကုန်သော

http://www.dhammadownload.com



သူတို့၌ လည်းကောင်း ပုတ်ခတ်ကုန်သော သူတို့၌လည်းကောင်း အမျက်မထွက်ခြင်းသည် ခန္တီဝါဒဖြစ်ပေ၏။

ထိုအခါ မင်းကြီးလည်း ရသေ့၌ ခန္တီဝါဒရှိသည် မရှိသည်ကို သိရအောင် စုံစမ်းမည်ဟူ၍ သူသတ်သမားကိုခေါ်၍

"အချင်း...သူသတ်၊ ဤရသေ့စဉ်းလဲအား ဆွဲငင်ကာ မြေ၌လှဲ၍ ဆူးတို့တပ်သော ကြိမ်တို့ဖြင့် နံပါးလေးဖက်စလုံးအား အချက်ပေါင်းနှစ်ထောင် ရိုက်လော့"

ဟူ၍ အမိန့်ပေးလေ၏။ သူသတ်လည်း အမိန့်အတိုင်း ရသေ့အား ရိုက်သည်ရှိသော အသားအရေတို့ စုတ်ပြတ်၍ သွေးချင်းချင်း နီးလေ၏ မင်းကြီးလည်း...

"ရှင်ရသေ့ သင့်၌ အဘယ်ဝါဒရှိသနည်း"

"မင်းကြီး ငါ့၌ ခန္တီဝါဒရှိ၏။ သင်မင်းကြီးတို့သည် ငါ၏ခန္တီဝါဒအား အသားအရေကြား၌ ရှိသည်ဟု ထင်မှတ်ထားကြ၏။ ခန္တီဝါဒကို မမြင်နိုင်။ ငါ၏ခန္တီဝါဒကား စိတ်အတွင်း၌ ရှိ၏"

ထိုသို ဆိုလေသော် မင်းကြီးလည်း ရသေ့၏ လက်နှစ်ဖက်တို့ကို ဖြတ်စေ၏။ ထို့နောက် ခြေတို့ကို ဖြတ်စေ၏။ ထိုအခါ အဖြတ်ခံရသော နေရာတို့မှ သွေးတို့သည် ယိုစီ ကျလေ၏။

"ရှင်ရသေ့ သင့်၌ အဘယ်ဝါဒရှိသနည်း"

"မင်းကြီး ငါ့၌ ခန္တီဝါဒရှိ၏"

ထိုအခါ မင်းကြီးလည်း နှာခေါင်းတို့ကို ဖြတ်စေ၏။ သွေးတို့လည်း ချင်းချင်းနီ၏။ မင်းကြီး မေးလေတိုင်း ရှင်ရသေ့က

http://www.dhammadownload.com



ၚင်းအတိုင်းပင် ဖြေ၏။ ထိုအခါ မင်းကြီးလည်း...

"ဟယ်... ရသေ့စဉ်းလဲ၊ သင့်ခန္တီဝါဒကို သင်သည်ပင် ရှက်၍နေပေလော့"

ဟု ဆိုကာ ရသေ့၏ ရင်ဘတ်ကို ခြေဖြင့်ကန်ကျောက်ကာ ထွက်သွားလေ၏။ ထိုအခါ စစ်သူကြီးလည်း ရသေ့၏ ကိုယ်ခန္ဓာပေါ်ရှိ သွေးတို့ကို သုတ်သင်ပေး၏။ ခြေပြတ်, လက်ပြတ်, နားပြတ်, နှာခေါင်းပြတ်တို့အား အိယ်တစ်အိတ်တည်း ထည့်ပြီး။

"အရှင်ရသေ့ ရှင်ရသေ့အပေါ် ဤကဲ့သို့ ရက်စက်စွာ ပြုမူလေသော မင်းကြီးအပေါ်၌သာ အမျက်ထွက်ပါ။ ဤတိုင်း နိုင်ငံကြီး ပျက်စီးရလေအောင် အမျက်မထွက်ပါလင့်"

ဟု တောင်းပန်လေ၏။ ရသေ့လည်း

"အို... စစ်သူကြီး မင်းကြီးအား ငါသည် အမျက်မထွက်ပါ။ မင်းကြီးသည် သက်တော်ရာကျော် ရှည်ပါစေသတည်း။ ငါကဲ့သို့သော ပညာရှိကား အမျက် မထွက်ပါကုန်။ ဤတိုင်းနိုင်ငံအတွက် မစိုးရိမ်ပါလင့်"

ဟု သည်းခံနိုင်ကြောင်းကို မြွက်ဟလေ၏။

မင်းကြီးလည်း ဥယျာဉ်တော်မှ ထွက်၍ ရသေ့မြတ်မြင်ကောင်းသော ဥပစာကို လွန်မြောက်လျှင်ပင် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် အက်ကွဲလေ၏။ အဝီစိမှ ငရဲမီးလျှံတို့ ထွက်လာလေ၏။ ကာလာဗု မင်းကြီးလည်း ဥယျာဉ်တံခါး၌မှာပင် မြေမြိုခံရကာ အဝီစိငရဲသို့ ကျလေ

http://www.dhammadownload.com



၏။ ရသေ့မြတ်လည်း ဤဥယျာဉ်တော်၌ပင် အသက်ခန္ဓာစဲသည် ရှိသော် စစ်သူကြီးနှင့်တကွ တိုင်းသူပြည်သား အပေါင်းတို့သည် ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ဈာပန ကျင်းပကာ သင်္ဂြိုဟ်လိုက်ကြကုန်၏။ မြတ်စွာဘုရားရှင်လည်း ဘုရားဖြစ်တော်မူပြီးသော အခါ

"ရဟန်းတို့... ရှေးအခါက သည်းခံခြင်းရှိသော ရသေ့ဖြစ်ဖူးပြီ။ သည်းခံခြင်း အယူဝါဒ တည်မြဲသော ထိုရသေ့ကို ကာလာဗုမင်းသည် ရက်စက်ကြမ်းကြုတ်လေ သည့်အတွက် အဝီစိငရဲသို့ ကျရောက်ရလေပြီ"

ဟူ၍ ဒေသနာတော်ဆောင်ကာ သစ္စာပြအပြီးတွင် အမျက်ထွက်သော ရဟန်းလည်း အနာဂါမိဖိုလ်၌ တည်လေ၏။ အခြားအခြားသော ရဟန်းတို့လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ကြလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်...

"ရဟန်းတို့ ထိုအခါက ကာလာဗုမင်းသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ စစ်သူကြီးသည် သာရိပုတ္တရာ၊ ခန္တီဝါဒီရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

**ဤတွင် အတွဲ(၁၁) ပြီး၏။**

**နန္ဒာမိုးကြယ်**